The VOICE Daily

Vol. 6 / No. 131 | Established in 2004 | ၁၃၈၀ ခုနှစ်၊ တော်သလင်းလဆန်း (၂) ရက်၊ (Tuesday, September 11, 2018)



ဓာတ်ပုံ – နိုင်မင်းညို

ဒေါက်တာအေးမောင်နှင့် စာရေးဆရာဝေဟင်အောင်တို့ကို နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မဖြင့် ဆက်လက်စစ်ဆေးရန် စစ်တွေခရိုင်တရားရုံးက စက်တင်ဘာလ ၁၀ ရက်တွင် စွဲချက်တင်ခဲ့သည်

# ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင်တို့ကို

# နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင်

**စစ်တွေ၊ စက်တင်ဘာ ၁၀**

ဒေါက်တာအေးမောင်နှင့်စာရေးဆရာ ဝေဟင်အောင်တို့ကို သေဒဏ်ထိ ချမှတ်နိုင်သည့် နိုင်ငံတော် သစ္စာဖောက်ဖျက်ပုန်ကန်မှု၊ နိုင်ငံတော်အကြည်ညိုပျက်စေမှုပုဒ်မ နှစ်ခုဖြင့် ဆက်လက်စစ်ဆေးရန် စစ်တွေခရိုင်တရားရုံးက စက်တင်ဘာလ ၁၀ ရက်နေ့တွင် စွဲချက်တင်အမိန့်ချလိုက်သည်။

ရသေ့တောင်မြို့နယ်၌ ဇန်နဝါရီလ ၁၅ ရက်နေ့က ပြုလုပ်သော ရခိုင်ဘုရင့်နိုင်ငံတော်ကျဆုံးသောနေ့ အထိမ်းအမှတ်ပွဲတွင် စာပေဟောပြောခဲ့သော ဒေါက်တာအေးမောင်နှင့်စာရေးဆရာ ဝေဟင်အောင်တို့မှာ နိုင်ငံတော်သစ္စာဖောက်ဖျက်ပုန်ကန်မှု ပုဒ်မ ၁၂၂၊နိုင်ငံတော်အကြည်ညိုပျက်စေမှု ပုဒ်မ ၅၀၅(ခ)(ဂ)၊ စာ 3

## မြန်မာ - ဂျပန် လေကြောင်းလိုင်းခရီးစဉ် အပြန်အလှန် ရောင်းချရေး သဘောတူ စာ 6

## “ဘိန်းစိုက်ပေမယ့် ဆင်းရဲသည်ထက် ဆင်းရဲလာတယ်”

တအာင်းဒေသ၏ ပညာရေးနှင့် ဒေသခံတို့ အကြောင်းကို အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးက ပြောပြထားသည်။ စာ 5

## အမေရိကန်ကို ICC က တရားစွဲလျှင် တန်ပြန်ပိတ်ဆို့မည်ဟု အမေရိကန် သတိပေးချက် ထွက်ပေါ် စာ 23

## အစ္စလာမ့်ဥပဒေဖြင့် ကွာရှင်းခံရသည့်အမျိုးသမီး မကျေနပ်၍ သတင်းစာရှင်းလင်းပွဲလုပ် စာ 3

## ပူတာအိုတွင် နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံးအကြိမ် ရေကြီးရေလျှံ စာ 20

## WY အကြွေးစာရင်း အိမ်နံရံတွင် ကပ်ထားသည့် မူးယစ်ဆေးရောင်းသူကို ဖမ်းမိ

**ကော့သောင်း၊ စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းမြို့နယ်၊ ရွှေပြည်စိုးကျေးရွာတွင် နေအိမ်အတွင်း မူးယစ်ဆေးဝါးအကြွေးစာရင်းနှင့်အတူ မူးယစ်ဆေးဝါးဖြန့်ဖြူးရောင်းချနေသူတစ်ဦးနှင့် ကွင်းဆက် တရားခံ ၄ ဦးကို စက်တင်ဘာ ၇ ရက်က မူးယစ်အထူးအဖွဲ့မှ ဖမ်းဆီးလိုက်သည်။

အဆိုပါ ရောင်းချသူနှင့်အတူ အကြွေးစာရင်းစာရွက်ပါ အမျိုးသား နှစ်ဦးနှင့်အတူ တခြားကွင်းဆက် တရားခံ ၂ ဦး စုစုပေါင်း ၅ ဦးကိုဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ကော့သောင်းမြို့မရဲစခန်းမှ သိရသည်။

အကြွေးစာရင်းစာရွက်ရှိ အမည်စာရင်းပါ အသက် ၃၆ နှစ်အရွယ် စာ 2



ဓာတ်ပုံ – မိုးအိ (Dawei Watch)



# အိန္ဒိယက ဖမ်းထားသည့် မြန်မာရေလုပ်သား ၁၁ ဦး ပြန်လွတ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

အိန္ဒိယနိုင်ငံ ပို့ဘလဲယားကျွန်းရှိ အကျဉ်းထောင်များတွင် ဖမ်းဆီးထိန်းသိမ်းခံထားရသည့် မြန်မာရေလုပ်သား ၁၁ဦး ပြန်လည်လွတ်မြောက်လာပြီဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အဆိုပါရေလုပ်သား ၁၁ ဦးသည် အိန္ဒိယနိုင်ငံ ပို့ဘလဲယားရှိ ယာယီထိန်းသိမ်းရေးစခန်းများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများဖြစ်ကြောင်း အတည်ပြုစိစစ်ပြီး ဖြစ်သည့်အတွက် အဆိုပါ ၁၁ ဦးကို မြန်မာနိုင်ငံက လေယာဉ်စရိတ်ကျခံပေးကာ မြန်မာ့လေကြောင်းလိုင်းဖြင့် စက်တင်ဘာလ ၉ ရက်ညပိုင်းက ပြန်လည်ရောက်ရှိလာခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အဆိုပါရေလုပ်သားများသည် အိန္ဒိယရေပိုင်နက်ကို ကျော်လွန်ကာ သွားရောက်ခဲ့ခြင်းကြောင့် အဖမ်းခံခဲ့ရသူများဖြစ်ပြီး မြန်မာနိုင်ငံသားစိစစ်မှုများကို အိန္ဒိယအစိုးရနှင့် ပူးပေါင်းလုပ်ဆောင်ကာ ပြန်လည်ခေါ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ရှင်းပြသည်။

အဆိုပါ အိန္ဒိယနိုင်ငံ ပို့ဘလဲယား အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံနေရသူများနှင့်ပတ်သက်၍ မြန်မာသံရုံး၊ နယူးဒေလီမြို့မှ သက်ဆိုင်ရာအာဏာပိုင်များနှင့် ညှိနှိုင်းကာ ကောင်စစ်ဆိုင်ရာတွေ့ဆုံမေးမြန်းမှုများ ပြုလုပ်ခြင်းနှင့် နိုင်ငံသားစိစစ်ရန် အချက်အလက်ကောက်ခံခြင်းများ ဆောင်ရွက်ခဲ့ပြီး နိုင်ငံသားမှန်ကန်ကြောင်း အတည်ပြုနိုင်သူများကို ပြန်လည်ခေါ်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါရေလုပ်သားများကို ကူညီပေးရန် အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန၊ အလုပ်သမား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ ပို့ဘလဲယားရှိ ယာယီအကျဉ်းစခန်းများတွင် ထိန်းသိမ်းခံရသူများကို မြန်မာအစိုးရက ပြန်လည်ခေါ်ဆောင်ခဲ့ရာ၌ ၂၀၁၆ခုနှစ်တွင် ၂၇၂ ဦး၊ ၂၀၁၇ ခုနှစ်တွင် ၁၃၃ ဦးနှင့် ၂၀၁၈ စက်တင်ဘာလအထိ ၄၄ ဦး ခေါ်ယူနိုင်ခဲ့ကြောင်း နိုင်ငံခြားရေဝန်ကြီးဌာန ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာနမှ သိရသည်။

■ J-08

# ပေါက်ကွဲမှုဖြစ်ပြီး လူ ၈ ဦး သေဆုံးခဲ့သော ကျောက်မီးသွေးတွင်း အပြီးပိတ်သိမ်း

**ချောက်၊ စက်တင်ဘာ ၁၀**

မကွေးတိုင်းဒေသကြီး ဆောမြို့နယ် ကျောက်မြောင်းကျေးရွာအနီးတွင် ပေါက်ကွဲမှုဖြစ်ပြီး လူ ၈ ဦး သေဆုံးခဲ့သော ကျောက်မီးသွေးတွင်းကို အပြီးပိတ်သိမ်းလိုက်ပြီး သေဆုံးခဲ့သူများကို ထွန်းရာဇသတ္တုတွင်း တူးဖော်ရေးကုမ္ပဏီမှ လျော်ကြေးငွေများ ပေးအပ်ခဲ့ကြောင်း ဆောမြို့ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးထင်လင်းက ပြောကြားသည်။

စက်တင်ဘာလ ၆ ရက်က ကျောက်မီးသွေးတွင်း ပေါက်ကွဲမှုကြောင့် သေဆုံး သူ အမျိုးသား ၈ ဦးအတွက် စက်တင်ဘာလ ၁၀ ရက်က ကုမ္ပဏီမှ တစ်ဦးလျှင် ကျပ်သိန်း ၈၀ ထောက်ပံ့ကြေးပေးအပ်ခဲ့ပြီး စက်တင်ဘာလ ၈ ရက်က မကွေးတိုင်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ သေဆုံးသူတစ်ဦးလျှင် ကျပ်သုံးသိန်းနှင့် ဒဏ်ရာရသူတစ်ဦးကို ကျပ်ငါးသောင်း ထောက်ပံ့ ပေးထားကြောင်း ၎င်းက ဆိုသည်။

"ဒီဟာက အရမ်းအန္တရာယ်များသွားပြီ။ လုပ်ကွက်တော့မသိဘူး။ ဒီတွင်းကတော့ ပေါက်ကွဲမှုဖြစ်တဲ့အတွက် သေချာပေါက် ပိတ်သိမ်းမယ်"ဟု ဦးထင်လင်းက ပြောဆိုသည်။

ကယ်ဆယ်ရေးအဖွဲ့များ တွင်းထဲသို့ ဆင်းရာတွင် လူကို အန္တရာယ်ဖြစ်စေသည့် မီသိန်းဓာတ်ငွေ့ပမာဏ များနေသည့်အပြင် မြေပြိုကျထားသည်မှာလည်း ကျောက်တုံးကဲ့သို့ ပိတ်ဆို့နေသဖြင့် ဖယ်ရှားရန်ခက်ခဲခြင်း၊ တွင်းပေ ၇၀ ခန့် မြေများ ဆက်လက်ပြိုကျနေခြင်းတို့ကြောင့် ကယ်ဆယ်ရေးကို စက်တင်ဘာလ ၉ ရက်က ရပ်ဆိုင်းခဲ့ရကြောင်း၊ ယခု တွေ့ရှိချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြမည်ဖြစ်ကြောင်း ဆောမြို့ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးထင်လင်းက ပြောသည်။

မိုင်းတွင်းလုပ်သား ၁၂ ဦး အလုပ်လုပ်ကိုင်နေစဉ် ပေါက်ကွဲမှုဖြစ်ပေါ်ခဲ့သည့်အတွက် ကနဦး သုံးဦး သေဆုံးခဲ့ပြီးနောက် ငါးဦး၏ အလောင်းကို ရှာဖွေတွေ့ရှိခဲ့သော်လည်း ကျန် ၄ ဦး၏ ရုပ်အလောင်းများကို ရှာဖွေနေစဉ် ထိုကဲ့သို့ ပြဿနာများ ပေါ်ပေါက်လာသည့်အတွက် ၎င်းတို့ ၄ ဦး၏ ရုပ်အလောင်းများကို ၎င်းတို့၏ မိသားစုဝင်များ တွေ့ရှိနိုင်တော့မည် မဟုတ်ပေ။

ကယ်ဆယ်ရေးအဖွဲ့သည် ယင်းကျောက်မီးသွေးတွင်း၏ အနက်ပေ ၆၀၀ ကျော်ထိ ဆင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများနှင့် စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ရာတွင် တွင်းအနက် ပေ ၄၀၀ ခန့် အရောက်တွင် အောက်ဆီဂျင်နည်းခြင်း၊ လူကိုအန္တရာယ်ဖြစ်စေနိုင်သည့် မီသိန်းဓာတ်ငွေ့သည် ရှိသင့်သည်ထက် ၁၀၀ ရာခိုင်နှုန်း အထက်တွင်ရှိနေခြင်း၊ ကျောက်မီးသွေးတွင်း ဒေါက်တိုင်များနှင့် မြေပြိုကျခြင်းတို့ ဖြစ်ပေါ်နေကြောင်း အမှတ် ၁ သတ္တုတွင်းလုပ်ငန်းမှ ရှင်းပြခဲ့သည်ဟု ဆောမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးမြဝင်းက ဆိုသည်။

■ R-24

The VOICE Daily

CARTOON




# ခွင့်ပြုချက်မရှိ ဖွင့်ထားသော ဘဏ်ခွဲများကို ဒဏ်ကြေးပေးဆောင်စေရန် စီစဉ်ဟု ဗဟိုဘဏ်ဆို

**နေပြည်တော်၊ စက်တင်ဘာ ၁၀**

ခွင့်ပြုချက်မရှိဘဲ ဖွင့်ထားသည့် ဘဏ်ခွဲများကို ဒဏ်ကြေးငွေပေးဆောင်ရန် စီစဉ်လုပ်ဆောင်နေကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယ ဥက္ကဋ္ဌ ဦးစိုးမင်းက ပြောကြားသည်။

"ဒဏ်ကြေးပေးဆောင်ရေးကိစ္စကို စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်" ဟု ၎င်းက ဆိုသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ၂၀၁၆ -၁၇ ဘဏ္ဍာရေးနှစ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအပေါ် ပြည်သူ့ ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ အမှတ်စဉ် ( ၇/ ၂၀၁၈ ) ကို ပြည်ထောင်စု အစိုးရအဖွဲ့က ပြန်လည်ရှင်းလင်းကြရာတွင် ၎င်းက ယင်းသို့ ထည့်သွင်းပြောကြားခဲ့ခြင်း ဖြစ်သည်။

ယင်းအစီရင်ခံစာတွင် ဗဟိုဘဏ်အနေနှင့် ပုဂ္ဂလိကငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်သော ပုဂ္ဂလိက ဘဏ်များကို အချိန်နှင့် တစ်ပြေးညီ စောင့်ကြည့်ထိန်းကျောင်းရန် လိုအပ်ကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြံပြုထားခြင်းဖြစ်ပြီး ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအနေနှင့် ဖွင့်ပြုချက်မရှိဘဲ ဖွင့်ခဲ့သော ကမ္ဘောဇဘဏ်ခွဲများကို ဥပဒေ၊ စည်းမျဉ်းစည်းကမ်းနှင့်အညီ လုပ်ဆောင်ရန် မှတ်ချက်ပြု ထားခဲ့ခြင်း ဖြစ်သည်။

ယင်းကိစ္စကြောင့် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ အစည်းအဝေး ဆုံးဖြတ်ချက်အရ ခွင့်ပြုချက်မဲ့ ဖွင့်ခဲ့သော ဘဏ်ခွဲများကို ဒဏ်ကြေးငွေပေးဆောင်ရန် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဦးစိုးမင်းက ဆိုသည်။

ယင်းဘဏ်များသည် အရေအတွက်မည်မျှရှိသည်ကို ပြောဆိုခြင်းမပြုသည့်အပြင် ဒဏ်ကြေးမည်မျှ သတ်မှတ်ထားသည်ကိုလည်း ထုတ်ဖော်ရှင်းလင်းခဲ့ခြင်းမရှိပေ။

ယင်းအပြင် မြန်မာ့စီးပွားရေးဘဏ်၊ မြဝတီမြို့ ဘဏ်ခွဲ မန်နေဂျာက ငွေကျပ် ၂၇၅ သန်း အလွဲသုံးစားလုပ်သည့်ကိစ္စအပါအဝင် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင် မုန်းကိုးဒေသတွင် (၂၀၁၆ နိုဝင်ဘာလ) တိုက်ပွဲများ ပြင်းထန်စွာဖြစ်ပွားခဲ့သဖြင့် အစိုးရငွေတိုက် ပျက်စီးခဲ့ပြီး နိုင်ငံပိုင်ငွေ ၂၀ ဒသမ ၅၅ သန်း ပျက်စီးခဲ့သည့်ကိစ္စကိုလည်း ဗဟိုဘဏ်က ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ၎င်းက ထပ်လောင်း ပြောကြားခဲ့သည်။

■ S-01

မျက်နှာဖုံး - WY အကြွေးစာရင်း အိမ်နံရံတွင် ကပ်ထားသည့် မှ အဆက်

အမျိုးသားထံမှ WY ဆေးပြား ၁၄၇ ပြား၊ ဘိန်းစာမုန့် ၅၀ ဂရမ်၊ ဆေးရှူကိရိယာများနှင့်အတူ ဆိုင်ကယ်တစ်စီး သိမ်း ဆည်းခဲ့ပြီး အသက် ၂၂ နှစ်အရွယ် အမျိုးသားထံမှ မူးယစ်ဆေးဝါး လက်ဝယ်တွေ့ရှိခြင်းမရှိဟု သိရသည်။

တခြားကွင်းဆက်တရားခံများဖြစ်သည့် အသက် ၃၂ နှစ်အရွယ် အမျိုးသားတစ်ဦးထံမှ စိတ်ကြွဆေးပြား ၄၂ ပြား၊ နောက်တစ်ဦးထံမှ ဆေးပြား ၈ ပြားတို့ကို တွေ့ရှိသိမ်းဆည်းခဲ့သည်ဟု ရဲမှတ်တမ်းများအရ သိရသည်။

အကြွေးမရောင်းပါဆိုင်းဘုတ်ရှိနေအိမ်တွင် WY စာတန်းပါ စိတ်ကြွဆေးပြား ၁၅၃ ပြား ၊ ဆေးရှူကိရိယာ၊ ကော်ဘူး၊ ကား ၂ စီး၊ ဆိုင်ကယ် ၃ စီး၊ လက်ကိုင်ဖုန်း၊ ငွေကျပ် သိန်း ၈၀ တို့နှင့်အတူ ဆေးပြားအကြွေးစာရင်း ဆိုင်းဘုတ်တစ်ခုကို သိမ်းဆည်းရမိခဲ့ကြောင်း အထက်ပါ ရဲစခန်းထံမှ သိရသည်။

မူးယစ်ဆေးဝါးများ လက်ဝယ်တွေ့ရှိခဲ့သည့် ၎င်းတို့ ၅ဦးကို မူးယစ်ဆေးဝါးဥပဒေပုဒ်မများဖြင့် အရေးယူနိုင်ရန် ကော့သောင်းမြို့မရဲစခန်းတွင် အမှုဖွင့်ထားကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

■ Dawei Watch

# TNLA ဖမ်းထားသည့် နန်းမိုဟွမ်ကို အမြန်ဆုံးပြန်လွှတ်ရန် NRPC ကြေညာ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရှမ်းပြည်နယ် နမ့်ခမ်းမြို့တွင် နေထိုင်သည့်နန်းမိုဟွမ်ကို တအာင်း ပလောင် လက်နက်ကိုင်အဖွဲ့ (TNLA)က ဖမ်းဆီးထားခြင်းကို အမြန်ဆုံး ပြန်လွှတ်ပေးရန် အမျိုးသားပြန်လည် သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေး ဗဟိုဌာန NRPC က ကြေညာချက်တစ်စောင် ထုတ်ပြန်ခဲ့သည်။

အပြစ်မဲ့ပြည်သူအား အကြောင်းမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခြင်းသည် ဥပဒေမဲ့ လုပ်ရပ်ဖြစ်ပြီး နိုင်ငံတော်အစိုးရက ကြိုးပမ်းနေသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထိခိုက်စေကြောင်း အဆိုပါ ကြေညာချက်တွင် ဖော်ပြထားသည်။

ထို့ပြင် နန်းမိုဟွမ်ကို အမြန်ဆုံး လွှတ်ပေးရန်နှင့် ပြည်သူလူထု၏အသက်အိုးအိမ် စည်းစိမ်ကို ထိပါးပြီး တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် မည်သည့်လုပ်ရပ်ကိုမဆို ပြင်းထန်စွာ ရှုတ်ချကြောင်း ယင်းကြေညာချက်တွင် ဖော်ပြထားသည်။

အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သည် နိုင်ငံတော် အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ဌာနဖြစ်ပြီး ပြည်ထောင်စုဝန်ကြီးများ အဖွဲ့ဝင်အဖြစ် ပါဝင်ကြသည်။

စက်တင်ဘာလ ၄ ရက်က နမ်ခမ်းမြို့သူ နမ်းမိုဟွမ်ကို အမြန်ဆုံးလွှတ်ပေးရေး ကူညီဆောင်ရွက်ပေးရန် နန်းမိုဟွမ်၏ မိသားစုဝင်များနှင့် နမ့်ခမ်းမြို့ဒေသခံအဖွဲ့အစည်းအသီးသီးက နိုင်ငံတော်အတိုင်ပင်ခံအပါအဝင် တပ်မတော်၊ သက်ဆိုင်ရာ အစိုးရဌာနများထံ လက်မှတ်ရေးထိုးကာ စာရေးသားပေးပို့ခဲ့သည်။

TNLA က နန်းမိုဟွမ်ကို ပြီးခဲ့သည့် ဩဂုတ်လလယ်ပိုင်းက ဖမ်းဆီးသွားခဲ့ခြင်းဖြစ်ပြီး ၎င်းတို့၏ ဥပဒေကို ချိုးဖောက်ခဲ့သည့်အတွက် စစ်ဆေးအရေးယူရမည်ဟု TNLA အဖွဲ့က ထုတ်ပြန်ထားသည်။

နန်းမိုဟွမ်ကို လွှတ်ပေးရန် ဒေသခံအရပ်ဘက် အဖွဲ့အစည်းများကလည်း ကြေညာချက်များ ထုတ်ပြန်ထားပြီး နမ့်ခမ်းမြို့တွင် ဆန္ဒပြတောင်းဆိုမှု အချို့လည်း ပြုလုပ်ခဲ့သည်။ ■ J-08

မျက်နှာဖုံး - ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင်တို့ကို မှ အဆက်

မတရားအသင်းဆက်သွယ်မှု ပုဒ်မ ၁၇ (၁) တို့ဖြင့် ဖမ်းဆီးတရားစွဲဆိုထားခြင်း ဖြစ်သည်။

"စကားရပ်များ ဥပဒေ ပုဒ်မ ၂၂ မှာ အကြောင်းခြင်းရာတစ်ခုအပေါ် အမှုကို တစ်ခုနှစ်ခု အဲလိုစွဲဆိုအပြစ်မပေးရဘူးလို့ ပြဋ္ဌာန်းထားတယ်။ အဲဒီတော့ အကြောင်းခြင်းရာတစ်ခုအပေါ် ပြစ်မှု နှစ်ခုနဲ့စွဲချက်တင်တာဟာ ဥပဒေအရ အလွန်တရာမှားနေတယ်"ဟု ဒေါက်တာအေးမောင်တို့၏ ရှေ့နေ ဦးအောင်ကျော်ညွန့် က ဆိုသည်။

ထိုသို့ တရားစွဲဆိုထားသည့်အနက် မတရားအသင်းဆက်သွယ်မှု ပုဒ်မ အပြင် နိုင်ငံတော်အကြည်ညို ပျက်စေမှု ပုဒ်မ ၅၀၅(ဂ) ကို တရားရုံးက ဖြေလျှော့ပေးလိုက်ပြီး နိုင်ငံတော် ပုန်ကန်မှု ပုဒ်မ ၁၂၂ နှင့် နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ၅၀၅(ခ)တို့ဖြင့် စစ်ဆေးသွားတော့မည် ဖြစ်သည်။

"နိုင်ငံတော်သမ္မတကို တင်ပြတဲ့ အမှုတွေမို့လို့ ဦးတိုက်လျှောက်တဲ့ အမှုတွေမို့လို့ စွဲချက်တင်ရသလား အဲဒါဆိုရင် လွတ်လပ်တဲ့ တရားစီရင်ရေးအပေါ်မှာ သံသယဝင်တော့မယ်။ ဘက်လိုက်မှုကင်းစင်စေချင်တယ်။ ဆိုတော့ ကျွန်တော်တို့မှာ ကြီးတဲ့ အမှုကို ပိုကြီးအောင်လုပ်တယ်။ ဘယ်လိုလုပ်ပြီး အမျိုးသားရင်ကြားစေ့ရေးကို ရမှာလဲ"ဟု ဒေါက်တာအေးမောင် က ပြောသည်။

နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်တို့ ထံသို့ တင်ပြသည့် စာသားများနှင့် စာပေဟောခြင်း စာသားများ တူညီမှု မရှိကြောင်းကိုလည်း တရားလိုပြ သက်သေများက ထွက်ဆိုခဲ့ပြီး သက်သေအသံဖိုင်ဖွင့်၍ ဦးတိုက်လျှောက်လွှာမှာပါသော စာသားတို့အား တိုက်ဆိုင်စစ်ဆေးရာတွင်လည်း များစွာ ကွဲလွဲမှုရှိခဲ့ကြောင်း ၎င်းက ဆက်၍ ရှင်းပြသည်။

မြန်မာနိုင်ငံ၏ တရားရေးမဏ္ဍိုင်သည် တည့်မတ်ခြင်းမရှိသည်ကို ယနေ့ သက်သေပြလိုက်ကြောင်း ဝေဟင်အောင် က ဆိုခဲ့သည်။

ဒေါက်တာအေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို ဖမ်းဆီးတရားစွဲဆိုခံနေရသည်မှာ ၉ လ ခန့် ကြာမြင့်ပြီးမှ ယခုလို စွဲချက်တင်ရန် အမိန့်ချမှတ်လိုက်ခြင်းဖြစ်ကြောင်း၊ ၎င်းတို့လွတ်မြောက်စေရန် ရခိုင်ပြည်နယ်ရှိ မြို့နယ်အချို့တွင် ဆန္ဒပြတောင်းဆိုခြင်း၊ ဆုတောင်းပွဲ ပြုလုပ်ခဲ့ကြသည့်အပြင် ရဟန်းတော်များက ဒေါက်တာ အေးမောင်နှင့် စာရေးဆရာ ဝေဟင်အောင်တို့ကို ပြန်လွှတ်ပေးရန် နိုင်ငံတော်သမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်အစိုးရ ဝန်ကြီးချုပ်တို့ထံ မေတ္တာရပ်ခံခဲ့ကြသည်။

ဒေါက်တာအေးမောင်နှင့် ဝေဟင်အောင်တို့ ၏ အမှုကို ဆက်လက် စစ်ဆေးရန် စက်တင်ဘာလ ၁၄ ရက်နေ့သို့ ရုံးချိန်းလိုက်သည်။ ■R-22






ဓာတ်ပုံ - ပွင့်ဖြင်မော်ဟိန်း

# အစ္စလာမ်ဥပဒေဖြင့် ကွာရှင်းခံရသည့် အမျိုးသမီး မကျေနပ်၍ သတင်းစာရှင်းလင်းပွဲလုပ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

အစ္စလာမ်ဘာသာ၌ ကွာရှင်းပြတ်စဲရာတွင် အသုံးပြုသည့်ကျင့်ထုံးတစ်ခုဖြင့် ခင်ပွန်းဖြစ်သူ၏ ကွာရှင်းခြင်းခံရမှုအပေါ် မကျေနပ်သည့်အတွက် ကာယကံရှင် အစ္စလာမ် ဘာသာဝင် အမျိုးသမီးက သတင်းစာရှင်းလင်းပွဲကို စက်တင်ဘာလ ၁၀ ရက်က မြန်မာဂျာနယ် လစ်ကွန်ရက်ရုံးတွင် ပြုလုပ်ခဲ့သည်။

ကွာရှင်းပြတ်စဲခြင်းခံရသည့်အမျိုးသမီး မအေးမြတ်သူသည် ကိုယ်တိုင်သတင်းစာရှင်းလင်းပွဲလုပ်ကာ ၎င်းအနေနှင့် ဘာသာရေးခုတုံးလုပ်ခံရပြီး နစ်နာခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲတွင် ပြောဆိုခဲ့သည်။

ဇူလိုင်လက ခင်ပွန်းဖြစ်သူ ဦးအောင်သက်ဦးက ကွာရှင်းပြတ်စဲလိုသည်ဆိုကာ တစ်နေ့တည်း **သုံးသွလာက်** (ကွာရှင်းမည်ဆိုသောအဓိပ္ပာယ်)ပြောကာ ကွာရှင်းခံခဲ့ရပြီး ကွာရှင်းရာတွင် မင်္ဂလာတင်ထားသည့် မဟာရွှေ(တင်တောင်း လက်ဝတ်ရတနာပစ္စည်း) များကိုလည်း သိမ်းဆည်းသွားပြီး လသားအရွယ် ကလေးငယ်နှင့် ၎င်းကို ထားရစ်ခဲ့ကြောင်း မအေးမြတ်သူက ပြောကြားသည်။

အဆိုပါ ကွာရှင်းမှုသည် အစ္စလာမ် ဓမ္မသတ်ကို ခုတုံးလုပ်ကာ တစ်ဖက်သတ် ကွာရှင်းခံခဲ့ရခြင်းဖြစ်သည့်အတွက် အမျိုးသမီးရပိုင်ခွင့်နှင့် ဂုဏ်သိက္ခာများ ဆုံးရှုံးခံခဲ့ရပြီး ယခုလို သတင်းစာရှင်းလင်းပွဲမှတစ်ဆင့် နိုင်ငံတော်မှသိရှိကာ အပြောင်းအလဲတစ်ခုဖြစ်လာရန် မျှော်လင့်ကြောင်း ၎င်းက ပြောကြားသည်။

"ဓမ္မသတ်အရ ကွာရှင်းတယ်ဆိုရင် ဟုတ်ပြီ။ ဓမ္မသတ်မှာ အမျိုးသမီးအတွက် ရခွင့်၊ ရပိုင်ခွင့်တွေရှိတယ်။ ကလေးရှိရင် ကလေးအတွက် ရခွင့် ရပိုင်ခွင့်တွေရှိတယ်။ ဒီဓမ္မသတ်ကြီး တစ်ခုလုံးကျတော့ ကျွန်မတို့ကို မချပြထားပဲနဲ့ ဒီလိုမျိုး တစ်ဖက်သတ်လုပ်သွားတာ။ ဓမ္မသတ်တစ်ခုကို တိတိကျကျနဲ့ အမျိုးသမီးတွေအတွက် ပိုပြီး စဉ်းစားပေးပြီး ဓမ္မသတ်တစ်ခုကို ချပြစေချင်တယ်" ဟု ၎င်းက ဆိုသည်။

အမည်မဖော်လိုသည့် မွတ်ဆလင် ရှေ့နေတစ်ဦးကမူ အဆိုပါ ပြဿနာသည် အစ္စလာမ်ဘာသာတွင် ဝိဝါဒ ကွဲပြားနေသည့် ပြဿနာတစ်ခုဖြစ်နေခြင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ်ပေါင်း ၃၀ ခန့်ကတည်းက အငြင်းပွားလာသည့် ပြဿနာတစ်ရပ်ဖြစ်ပြီး လက်ရှိအချိန်ထိ အသုံးပြုနေသည့် အငြင်းပွားဖွယ် ကျင့်ထုံးတစ်ခု ဖြစ်နေကြောင်း ပြောကြားသည်။

လက်ရှိတွင် အစ္စလာမ်ဘာသာဝင်များတွင် သုံးသွလာက်ပေးကာ ကွာရှင်းနိုင်သည့် ကျင့်ထုံးကို အသုံးပြုလျက်ရှိနေပြီး **သာသနာ့**ပညာရှင်များကြားတွင်လည်း အဆိုပါကျင့်ထုံး မှန် မမှန်ကို အငြင်းပွားလျက်ရှိနေကြောင်း ၎င်းကဆိုသည်။

"ဒီအယူအဆအတွက် လွန်ခဲ့တဲ့ နှစ်အစိတ် သုံးဆယ်လောက်တုန်းက အကြီးအကျယ် စာပေတိုက်ပွဲကြီးသဖွယ် ဆင်နွှဲခဲ့ကြတယ်။ နောက်ပိုင်း အသားတကျဖြစ်ပြီး ငြိမ်သွားပြန်တယ်။ ဒီနေ့ အခုပြဿနာတစ်ရပ်ပြန်ထလာတယ်။ ကျွန်တော်တို့ဘက်က တကယ့်ပုဂ္ဂိုလ်ကျော် သာသနာ့ပညာရှင်ကြီးနှစ်ပါးကြားမှာကို တိုက်ပွဲတစ်ရပ်ဖြစ်ခဲ့ပြီးတော့ သရေပဲ ပြောမလား။ သူတို့ဘက်က နိုင်တယ် ပြောမလား ဒီသုံးသွလာက်ကို မနှစ်မြို့စွာ ဥပဒေတစ်ရပ်အဖြစ် ကျင့်သုံးခဲ့ကြတာ နှစ်ပေါင်းများစွာကြာပြီ" ဟု ၎င်းက ဆိုသည်။

အင်္ဂလိပ် ကိုလိုနီခေတ်က ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံ တရားဥပဒေများ အက်ဥပဒေ (Burma Law Act) ပုဒ်မ ၁၃ တွင် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသူများ အချင်းချင်းကြား ဖြစ်ပွားသည့် လင်မယားထိမ်းမြားခြင်း၊ ကွာရှင်းပြတ်စဲခြင်း၊ ကလေးထိန်းသိမ်းခြင်း အမွေခွဲဝေခြင်းများတို့တွင် ဗုဒ္ဓဘာသာဖြစ်လျှင် ဗုဒ္ဓဘာသာ တရားဥပဒေ၊ အစ္စလာမ်ဘာသာဖြစ်လျှင် အစ္စလာမ်ဘာသာ တရားဥပဒေအတိုင်း၊ ခရစ်ယာန်ဘာသာဝင်ဖြစ်လျှင် ခရစ်ယာန်ဘာသာ ဥပဒေအတိုင်း ဖြေရှင်းရမည်ဟု ပြဋ္ဌာန်းထားသည်။

တရားဥပဒေရုံးများကလည်း အဆိုပါ ပြဋ္ဌာန်းချက်များကို အခြေခံကာ ဖြေရှင်းဆောင်ရွက် ဆုံးဖြတ်ပေးနေရကြောင်း ဥပဒေအသိုင်းအဝိုင်းထံမှ သိရသည်။ ■ J-08

# ရန်ကုန်မြို့လယ် ကားနှင့်လှည့်ရောင်းချနေသည့် ဈေးသည် ၁၀၀ ကို စည်ပင် တရားစွဲ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်း မြို့နယ်အတွင်း ကားဖြင့် လှည့်လည်ကာ ဖွင့်လှစ်ရောင်းချနေသည့် လမ်းဘေးဈေးသည်များကို တရားစွဲဆိုထားသည့် အမှုပေါင်း ၁၀၀ ကျော်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

အဆိုပါ ပန်းဘဲတန်းမြို့နယ်တွင် ကားဖြင့်လှည့်လည်ကာရောင်းချသည့် လမ်းဘေးဈေးသည်များကို ဖမ်းဆီးကာ ထိရောက်စွာ အရေးယူလျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင် လမ်းဘေးဈေးသည် ၈၀ ကျော်နှင့် ဧပြီလမှ စက်တင်ဘာလအထိ လမ်းဘေးဈေးသည် ၂၀ ကျော် စုစုပေါင်း ၁၀၀ ကျော်ကို တရားစွဲဆိုထားကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အကြီးတန်းအရာရှိတစ်ဦး က ပြောကြားသည်။

"သိမ်ကြီးဈေးလိုနေရာမျိုးမှာ ကားကို ဂိုဒေါင်လို တစ်နေကုန်ရပ်ပြီး လိုတဲ့အခါကျမှ ပစ္စည်းကို ကားပေါ်ကချတာတွေရှိတယ်။ ပန်းဘဲတန်း၊ လသာတို့ဒဂုံ ကျောင်းနားမှာဆို ကားတွေက ပစ္စည်းသိမ်းပြီး ပြန်သွားတယ်။ နောက်နေ့ကျ ပစ္စည်း သယ်လာပြီး ဆိုင်ဖွင့်တယ်။ ဒါတွေကိုတော့ တတ်နိုင်သမျှ ထိန်းသိမ်းပြီး အရင် စည်ပင်ဥပဒေအဟောင်းနဲ့ တရားစွဲဆိုထားတယ်" ဟု ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီမှ တွဲဖက်အတွင်းရေးမှူး ဦးသန်း က ပြောကြားသည်။

ယခုလက်ရှိ ရန်ကုန်မြို့တွင်း မြို့နယ်များတွင် ဈေးသည်များမှာ လမ်းများပေါ်၌ ဈေးရောင်းချခွင့်မရသောကြောင့် ဟိုက်ဂျက်၊ လိုက်ထရပ် စသည့် မော်တော်ယာဉ်များကို ဆိုင်ခန်း(သို့)ဂိုဒေါင်ပုံစံ ဖွင့်လှစ်ကာ ရောင်းချမှုများ ပိုများလာကြောင်း မြို့တွင်းမြို့နယ်တွင် နေထိုင်သူများထံမှ သိရသည်။

ပန်းဘဲတန်းမြို့နယ်အပြင် မြို့တွင်းမြို့နယ်များတွင် ကားဖြင့် လှည့်လည်ကာ ဖွင့်လှစ်ရောင်းချနေသည့် လမ်းဘေးဈေးသည်များကို စည်ပင်သာယာရေးအက်ဥပဒေပုဒ်မ ၆၈ အရ ဒဏ်ငွေတစ်သောင်းမှ ငါးသိန်းအထိ ဒဏ်ရိုက်နိုင်ပြီး တရားသူကြီး၏ ချမှတ်သည့်ဥပဒေအရ ဒဏ်ကြေးဆောင်ရမည်ဖြစ်ကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။

ထို့ပြင် ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းတွင် ရောင်းချနေသည့် ဈေးသည် ၃၄၁ ယောက်ကို ကမ်းနားလမ်း ညဈေးသို့ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလက ရွှေ့ပြောင်းပေးခဲ့ပြီး ယင်းနေရာတွင် ယခုလက်ရှိ ဈေးသည်အားလုံးနီးပါး ရောင်းချလျက်ရှိကြောင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံမှ သိရသည်။ ■J-10

## EDITORIAL

# ခေါင်းဆောင်တိုင်း စီမံခန့်ခွဲမှု နားလည်ပါ၏လော

စီမံခန့်ခွဲမှုဘာသာရပ်သည် ဒီပလိုမာအဆင့်မှသည် ဘွဲ့၊ မဟာဘွဲ့၊ ပါရဂူဘွဲ့၊ ဘွဲ့လွန်ပါရဂူဘွဲ့အဆင့်အထိ စနစ်တကျ သင်ကြားနိုင်သည့် ပရော်ဖက်ရှင်နယ် အတတ်ပညာတစ်ခုဖြစ်သည်။

ကျောင်းကောင်စီအဖွဲ့မှသည် လူမှုရေးအသင်းအဖွဲ့များ၊ စီးပွားရေး လုပ်ငန်းများမှသည် လက်နက်ကိုင်တပ်ဖွဲ့များကို စီမံခန့်ခွဲ၊ အုပ်ချုပ်ခြင်းနှင့် နိုင်ငံတော်အုပ်ချုပ်ရေးနယ်ပယ်အထိ သူ့အဆင့်နှင့်သူ စီမံခန့်ခွဲမှုပညာရပ်ကို အသုံးချရသည်။

စနစ်တကျ အဆင့်လိုက် စီမံခန့်ခွဲတတ်ခြင်း သို့မဟုတ် တော်သလို ကြုံသလို စီမံခန့်ခွဲခြင်းတို့အပေါ်မူတည်ကာ သက်ဆိုင်ရာအဖွဲ့အစည်း၊ လုပ်ငန်း၊ နယ်ပယ်များ၊ အစိုးရများ၏ အောင်မြင်၊ ကျရှုံးမှု ကွာခြားသွားတတ်သည်။

စီမံခန့်ခွဲမှု ဘာသာရပ်သည် လွန်ခဲ့သော နှစ်ပေါင်း ရာချီကာလကပင် လူအများစုကို စီမံခန့်ခွဲ၊ အုပ်ချုပ်ခဲ့သူများ၏ ကိုယ်တွေ့၊ လက်တွေ့အခြေအနေ များကို အခြေခံကာ စနစ်တကျ သုတေသနပြု၊ ခေတ်အလိုက်၊ အဖွဲ့အစည်း၊ နယ်ပယ်အလိုက် ကြုံလာခဲ့ရသည့် အခက်အခဲ၊ စိန်ခေါ်မှုများကို လေ့လာ သုံးသပ်၊ ဆန်းစစ် မွမ်းမံထည့်သွင်းထားသော သင်ရိုးညွှန်းတမ်းများဖြင့် မျိုးဆက် အလိုက် လက်ဆင့်ကမ်းသင်ကြားလေ့ကျင့်လာခဲ့သည့် ဘာသာရပ်ဖြစ်သည်။

စီမံခန့်ခွဲမှုနှင့် ဆက်စပ်နေသည်မှာ အောင်မြင်မှုရရှိရန် စီမံခန့်ခွဲနိုင်သူ ခေါင်းဆောင်များ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်ဖြစ်သည်။ ခေါင်းဆောင် ဆိုသည်မှာ မွေးရာပါအရည်အချင်းမဟုတ်ဘဲ ပတ်ဝန်းကျင်နှင့် ကာယကံရှင် ကိုယ်တိုင်၏ ပံ့ပိုးအားပေးမှု၊ ကြိုးစားအားထုတ်၊ စနစ်တကျ လေ့လာသင်ယူမှု တို့ကြောင့်သာ ခေါင်းဆောင်တာဝန်ယူလာနိုင်သူများဖြစ်သည်။

ထိုသို့ဆိုခြင်းအားဖြင့် ခေါင်းဆောင်ဖြစ်လာသူတိုင်း စီမံခန့်ခွဲမှု နားလည် တတ်ကျွမ်းသည်ဟုလည်း ယတိပြတ်မပြောနိုင်ပေ။ အချို့ခေါင်းဆောင်များ သည် တော်လှန်ရေးကာလမျိုးတွင်သာ နိုင်ငံအတွက် အသုံးဝင်ပြီး တော်လှန်ရေး အလွန်ကာလမျိုးတွင်မူ အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် မိမိကိုယ် ကိုပြုပြင်ပြောင်းလဲမှု မလုပ်နိုင်ပါက အောင်မြင်မှုရရှိရန် စီမံခန့်ခွဲနိုင်ခြင်း မရှိတတ်ပေ။

ကမ္ဘာ့သမိုင်းကိုပြန်ကြည့်လျှင် အချို့သော တော်လှန်ရေးခေါင်းဆောင် များ အုပ်ချုပ်ရေးအာဏာကို ကိုင်စွဲမှုအချိန်ကြာလာသည့်အခါ အာဏာရှင်များ ဖြစ်သွားကြခြင်းမှာ စီမံခန့်ခွဲမှု မကျွမ်းကျင်ခြင်းနှင့် ကျွမ်းကျင်သော စီမံခန့်ခွဲမှု ပညာရှင်များကို အသုံးမချတတ်ခြင်းကြောင့်ဖြစ်သည်။

စီမံခန့်ခွဲခြင်း၏ အခြေခံအကျဆုံးမှာ မိမိစီမံခန့်ခွဲရမည့် လူ့စွမ်းအား အရင်းအမြစ်နှင့် လုပ်ငန်းနယ်ပယ်အကြောင်း အခြေခံကျကျ၊ သဘောသဘာဝ နှင့်တကွ နားလည်စေရန် လေ့လာထားခြင်း၊ မိမိ စီမံခန့်ခွဲရမည့်လူတစ်ယောက်ချင်းစီ ၏ အရည်အချင်းနှင့် စွမ်းဆောင်ရည်အလိုက် အပ်စပ်သည့် တာဝန်ပေးခြင်း၊ သင့်တော်သည့် လုပ်ပိုင်ခွင့်လွှဲခြင်း၊ လိုအပ်သည့် အဆောင်အယောင်ခံစားခွင့် ချီးမြှင့်ခြင်းတို့ဖြစ်သည်။

တစ်နည်းအားဖြင့် ခေါင်းဆောင်တို့သည် လုပ်ငန်းနယ်ပယ်အားလုံးကို ကိုယ်တိုင် အောက်ခြေအထိ အသေးစိတ် လိုက်ပါလုပ်ဆောင်ရန် မလိုအပ်သော ကြောင့် နှံ့စပ်ကျွမ်းကျင်နေစရာမလိုဘဲ သူ့နေရာနှင့်သူ လူမှန် နေရာမှန် ခန့်ထား၊ တာဝန်ပေးတတ်ခြင်းသာ အဓိက အရေးကြီးသည်။ ယင်းမှာ စီမံခန့်ခွဲမှု၏ အခြေခံ အကျဆုံး၊ အရိုးရှင်းဆုံး လိုအပ်ချက် ဥပဒေသပင်ဖြစ်သည်။

ထိုမျှ ရိုးရှင်းသော စီမံခန့်ခွဲမှု လွဲချော်၊ တိမ်းစောင်းနေပါလျှင် သေးငယ်သော လုပ်ငန်း၊ အဖွဲ့အစည်းတစ်ခုမှသည် နိုင်ငံတော်အဆင့်၊ စီမံကိန်း၊ နယ်ပယ်များ၊ စီးပွားရေးကဏ္ဍများအပါအဝင် ဥပဒေပြု၊ အုပ်ချုပ်၊ စီရင်ချက်ချသော အာဏာသုံးရပ် အထိပါ အောင်မြင်မှုမရခြင်း၊ ဆုံးရှုံးခြင်းတို့ကြုံရပါက ခေါင်းဆောင်များ၊ စီမံခန့်ခွဲသူ များသာမက သက်ဆိုင်ရာ နိုင်ငံသားများနှင့် နိုင်ငံတော်ပါ နစ်နာကြောင်း သိစေလိုရင်းဖြစ်သည်။

**အယ်ဒီတာ ( ၁၀ - ၉ - ၂၀၁၈ )**

# အင်းလေးကန်ကို ကမ္ဘာ့ရေတိမ်ဒေသအဖြစ် သတ်မှတ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

အာဆီယံအမွေအနှစ်စာရင်းဝင် တစ်ခုဖြစ်သည့် အင်းလေးကန်ကို ကမ္ဘာလုံး ဆိုင်ရာအရေးပါသည့်ရေတိမ်ဒေသ (Ramsar Site) အဖြစ် ရမ်ဆာကွန်ဗင်းရှင်းက သတ်မှတ်ခဲ့ကြောင်း သယံဇာတနှင့်သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က ပြောကြားသည်။

ရှမ်းပြည်နယ်တောင်ပိုင်း၊ ညောင်ရွှေ မြို့နယ်ရှိ အင်းလေးကန်တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောကို မြန်မာနိုင်ငံ၏ ငါးခုမြောက် ရမ်ဆာဒေသအဖြစ် အတည်ပြုသတ်မှတ် ခဲ့ခြင်းလည်း ဖြစ်သည်။

အင်းလေးကန်သည် မြန်မာနိုင်ငံ၏ ပထမဆုံးသော လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and Biosphere Reserve) အဖြစ် ယူနက်စကို၏ သတ်မှတ်ခြင်းခံထား ရသည်။

ရေတိမ်ဒေသ(Ramsar Site) အဖြစ် သတ်မှတ်ခြင်းကို ရမ်ဆာကွန်ဗင်း ရှင်းက ၎င်းတို့၏ဝက်ဘ်ဆိုက်တွင် စက်တင်ဘာလ ၇ ရက်နေ့က ဖော်ပြခဲ့သော် လည်း ဝန်ကြီးဌာနထံသို့တရားဝင်အကြောင်း ကြားစာ ရောက်ရှိမလာသေးကြောင်း ဒေါက်တာညီညီကျော်က ပြောဆိုသည်။

"အင်းလေးကန်က ရေတိမ်ထိန်း သိမ်းရေးလုပ်ငန်းဆောင်ရွက်ဖို့ အရမ်း လိုအပ်နေတဲ့နေရာဖြစ်နေလို့ Ramsar Site သတ်မှတ်ခြင်းဖြင့် သက်ဆိုင်ရာအဖွဲ့ အစည်း၊ ဌာနဆိုင်ရာ၊ ဒေသခံအားလုံးကို အင်းလေးကန်ဟာ မြန်မာနိုင်ငံရဲ့ အရေး ကြီးရေတိမ်ဒေသဖြစ်နေတယ်ဆိုတာ သိစေပြီး အင်းလေးကန်ပျက်စီးစေမယ့် ဆောင်ရွက်ချက်တွေ လျော့နည်းလာမယ်" ဟု ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်း ရေးအသင်း (BANCA)မှ ငှက်နှင့်ပတ် ဝန်းကျင်ထိန်းသိမ်းရေးပညာရှင် ဒေါက်တာ သီရိဒေဝီအောင်က မှတ်ချက်ပြုပြောဆို သည်။

ထို့ပြင် အချို့သောရန်ပုံငွေထောက်ပံ့ သည့် အဖွဲ့အစည်းများအနေနှင့်လည်း အင်းလေးကန်သည် ယခုကဲ့သို့ Ramsar Site အဖြစ် သတ်မှတ်ခံရသည့်အတွက် ထောက်ပံ့ ပံ့ပိုးပေးဖို့ စဉ်းစားကြသဖြင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ပိုမိုတွင် ကျယ်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာတစ်ဝန်းရှိရေဝပ်ဒေသ ၂၂၀၀ ကျော်ကို အရေးပါသည့် ရမ်ဆာဒေသ အဖြစ် သတ်မှတ်ထားပြီး မြန်မာနိုင်ငံတွင် လည်း ပဲခူးတိုင်းဒေသကြီးရှိ မိုးယွန်းကြီး အင်းတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော၊ ကချင်ပြည်နယ်ရှိ အင်းတော်ကြီးတောရိုင်း တိရစ္ဆာန်ဘေးမဲ့တော၊ ဧရာဝတီတိုင်း ဒေသကြီးရှိမိန်းမလှကျွန်းတောရိုင်းတိရစ္ဆာန် ဘေးမဲ့တောနှင့် မုတ္တမပင်လယ်ကွေ့၏ မြောက်ဘက်ပိုင်းတို့ကို ရမ်ဆာဒေသအဖြစ် သတ်မှတ်ထားသည်။

■ **E-03**

The VOICE Daily CARTOON



The VOICE Daily

**The Product of Myanmar Partners Think Tank Group**
**(A Sister Publication of Living Color Magazine)**

**Chief Editor -**Tin Aung Kyaw, **Deputy Chief Editor -**Kyaw San Min. **Legal Advisors -** U Hla Sein (Advocate), U Khin Maung Myint
**Editor in Charge -** Aung Soe, **Senior Executive Editor -** Thiri Zaw,
**Foreign Desk -** Aung Kyaw Soe,
**Senior Editors -** Kyaw Swar Soe, Win Lwin Khaing, Kyi Kyi Lwin, Aung Aung Tun, Pyae Phyo Lin ,
**Editors -**Thant Zin Oo, Hein Myat Soe, Nay Zar Kyaw, Aung Thiha Tun.
**Graphic Editors -** Myo Htoo Htet, Ngu War Khine, Soe Han,
**Manager (DTP) -** Ma Khine, **Designer -** Saw Elijah, **Design & DTP -** Cho Cho Zin, Hnin Si.
**Senior Reporters -** Aung Htet , Khaing Soe Lin , Sithu Aung Myo Kyaw, Pwint Zin Maw Hein, Thet Shine Thu, Nilar Myint, Zaw Moe Lwin,Si Si Thin Hlaing.
**Reporters -** Khine Cherry Tun, Zeyar Hein, San San Htwe, Thida Swe, Aung Zaw Htoo, Khin Myat Myat Wai, Mya Zarchi Thin.
**Part-time Editors -** Aung Naing Win, Mg Man @ Myo Myint Aung.
**Mandalay Reporters -** Ye Win Naing, Yan Moe Naing, Myat Min, Aye Su Mon, Bhone Nay.
**Regional Reporters -** Zay Yar Ko, Yan Naing, Zaw Tint, Myint Soe, Kyaw Soe Moe, Nyein Thu Min, Nay Min Htet, Aung Phyo, Cho Thae Kyi, Yan Kaung, Min Min Aung, Slai Yaw Zin, Ma Ma, Khin May San.
**Photographer -** Ye Pyae Zar Ni, Aung Naing, **Advertising -** Ei Mar Lar, Zaw Zaw Aung, **Distribution -** Htet Khaung.
**Press -**Hnit Thit Oo Press (00601) , 27(A), Corner of U Hmoo St and U Tun Nyo St., Dagon (East) Industrial Zone,
**Web Team-** thevoicewebteam@gmail.com, **Website -** www.thevoicemyanmar.com,
**Office -** No. 157, West Horse Race Course Road, Kyaikasan Quarter, Bahan Township, Yangon.
**Phone –** 09 263200010, 09 263200020, 09 263200030, 09 263200040, 09 263200050, 09 263200060, 09263200070, 09 263200080. **Hot Lines –** 09 785555771 **(Newsroom),** 09 785555772**(Advertising),** 09 785555773**(Distribution)**
**E-mail-**Admin; Chief Editor :c-editor@thevoicemyanmar.com,
**News Room** : newsroom@thevoicemyanmar.com.

# “ဘိန်းစိုက်ပေမယ့် ဆင်းရဲသည်ထက် ဆင်းရဲလာတယ်”

**တအာင်းဒေသ၏ ပညာရေးနှင့် ဒေသခံတို့အကြောင်းကို အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်တစ်ဦးက ပြောပြထားသည်။**

စန္ဒာမော် (Myanmar Now)

**ရှမ်းပြည်နယ်မြောက်ပိုင်းရှိ တအာင်း ခေါ် ပလောင် တိုင်းရင်းသားတို့ နေထိုင်သည့်ဒေသတွင် အခြေစိုက်သည့် တအာင်းပညာရေး အင်စတီကျု TEI သည် ဒေသတွင်း ပရဟိတကျောင်း ၁၆၀ ကျော် ဖွင့်လှစ်ထားရာ ထိုကျောင်းများတွင် လူမျိုးဘာသာမရွေး တက်ရောက်ပြီး မူလတန်းပညာ သင်ယူနိုင်သည်ဟု သိရသည်။**

**မကြာသေးခင်က တွေ့ဆုံမေးမြန်းရာတွင် ထိုအဖွဲ့၏ အတွင်းရေးမှူး လွေးချယ်ရီက ပညာရေး အပါအဝင် ဒေသတွင်းအခြေအနေများကို ပြောပြထားသည်။**

**မေး။ ။ ဒီဘက်မှာ ပညာရေး အရေးတကြီး လိုအပ်နေတာ ဘာကြောင့်လဲ။**

**ဖြေ။ ။** မိုင်းယော် (မြို့နယ်)ဘက်မှာဆိုရင် တော်တော်များများက ဘိန်းစိုက်ကြတယ်။ ဒါပေမဲ့ လုံးဝကို ဆင်းရဲတယ်။ ပုံမှန်အားဖြင့် ဘိန်းစိုက်တယ်ဆိုရင် သူဌေးဖြစ်ရမှာပဲလေ၊ ဘာလို့ဆင်းရဲနေကြလဲဆိုတော့ ပညာမတတ်လို့ပေါ့။ သူတို့က ဘိန်းစိုက်တယ်၊ ဟုတ်တယ်။ သူတို့ကိုအခွန်လာကောက်တဲ့အဖွဲ့အစည်းတွေကလည်း အရမ်းများတယ်၊ သူတို့ ပြန်မပြောရဲဘူး၊ ဘယ်အဖွဲ့က ဆိုတာကိုလည်း မသိဘူး။ ဘိန်းကလည်း တရားမဝင်ဆိုတော့ ကြောက်စိတ်ပဲရှိတာ၊ ပြီးတော့ ရောင်းတဲ့အချိန်မှာလည်း စာမတတ်တော့ မတွက်တတ်ဘူး၊ ဒီတော့ အလိမ်ခံရတယ်။ ဘိန်းစိုက်ပေမယ့် ဆင်းရဲသည်ထက် ဆင်းရဲလာတယ်။ ဒါဟာ ပညာရေး ဘယ်လောက်လိုအပ်နေပြီလဲ ဆိုတာရဲ့ပြယုဂ်ပဲ။

**မေး။ ။ ရှမ်းနဲ့ တအာင်း လက်နက်ကိုင်နှစ်ဖွဲ့ တိုက်ခိုက်ကြတာကြောင့် ဒေသခံတွေ ဆက်ဆံရေးပျက်ခဲ့တယ်လို့ သိရတယ်။ ဒီအခြေအနေမှာ ရှမ်းရွာတွေထဲ ကျောင်းသွားဆောက်တော့ အခက်အခဲဖြစ်တာတွေ ရှိလား။**

**ဖြေ။ ။** ရှမ်းနဲ့ တအာင်းဆိုတာက ဟိုးဘိုးဘွားဘီဘင်ကတည်းက အတူတကွ နေထိုင်လာခဲ့တယ်။ ဒီတော့ ကျွန်မတို့လုပ်တဲ့ ပညာရေးလှုပ်ရှားမှုတွေမှာ ရှမ်းမို့လို့၊ တအာင်းမို့လို့ဆိုတဲ့ အခက်အခဲတွေ မရှိပါဘူး။ ကျွန်မတို့က အရမ်းနည်းနည်းလေးကိုပဲ လုပ်ပေးနိုင်သေးတာပါ။ ဒီနှစ်စတဲ့ ဘကကျောင်း (ဘုန်းတော်ကြီးသင် ပညာရေးကျောင်း) ဆိုရင် (လူဦးရေ) ၅၀၀-၆၀၀ လောက်ပဲ ကျွန်မတို့ ကူညီနိုင်သေးတယ်။ တကယ်က တစ်နှစ် တစ်နှစ်ကို ကျွန်မတို့တောင်ပေါ်က ကလေးတွေ ထောင်ချီပြီးတော့မှ အောက်ပိုင်းကို ဆင်းနေကြတာ။

**မေး။ ။ ဘာလို့ အဲဒီလို ဆင်းရဲနေကြတာလဲ။**

**ဖြေ။ ။** အထူးသဖြင့် ဘုန်းကြီးတွေ။ ဘုန်းကြီးတွေက ဒီကိုရောက်လာတဲ့အခါမှာ ဒီကဘုန်းကြီးအသိတွေနဲ့ ဆက်သွယ်ပြီးတော့ ဟိုမှာ ဘကတွေရှိတယ်၊ ပရဟိတတွေရှိတယ် စသဖြင့် မျိုးစုံပေါ့၊ အဲဒီနေရာတွေကို ခေါ်သွားပြီးတော့ ထားပေးတယ်။ ကျွန်မတို့ပလောင်တွေဆိုလို့ရှိရင် ကလေးအများကြီး မွေးတယ်။ မွေးပြီးမှ ကိုယ့်ကလေးကို လုံးဝလှည့်မကြည့်တဲ့မိဘတွေ အများကြီးရှိတယ်။ ဒီလိုမျိုး ထည့်ပေးလိုက်ပြီဆိုတာနဲ့ သူတို့တွေ အဆင်ပြေရဲ့လား၊ မိန်းကလေးတွေဆိုရင်ရောလုံခြုံတဲ့နေရာဖြစ်ရဲ့လား ဆိုတာကို စိတ်ဝင်စားမှုအရမ်းကို နည်းတယ်။ ကျောင်းသားတွေက သွားလိုက်ပြီဆိုရင် ကောင်းတဲ့နေရာတွေရှိသလို တချို့မကောင်းတာတွေရှိတယ်၊ အစားဆင်းရဲတာမျိုးတွေဖြစ်တယ်။

**မေး။ ။ပရဟိတအဖွဲ့တွေလည်း ရှိနေတာကို ဘုန်းကြီးတွေနောက်ကို ဘာလို့လိုက်ကြတာလဲ။**

**ဖြေ။ ။** ကျွန်မတို့ တအာင်းတွေရဲ့ ၉၉ ရာခိုင်နှုန်းက ဗုဒ္ဓဘာသာတွေဖြစ်ကြတယ်ဆိုတော့ ဘုန်းကြီးတွေက ကျွန်မတို့ရဲ့ လူ့အဖွဲ့အစည်းမှာ အရမ်းပဲ အာဏာပါဝါကြီးတယ်။ ပြီးတော့ ဘာသာတရားကို ယုံကြည်တယ်၊ နောက် ဒီလိုမျိုးတွေ ဖြစ်မှာမဟုတ်ဘူး ဆိုပြီးတော့ ထည့်ပေးလိုက်တာတွေ ရှိတယ်ပေါ့။

**မေး။ ။ TNLA တအာင်းလက်နက်ကိုင်အဖွဲ့ကရော ကူညီပေးတာတွေ ရှိလား။**

**ဖြေ။ ။** ကျွန်မတို့ TEI နဲ့ TNLA နဲ့ ဆက်စပ်မှု မရှိဘူး။ သူတို့က ကျွန်မတို့လုပ်ငန်းတွေကို ကူညီတာ၊ ပံ့ပိုးပေးတာမျိုး မရှိဘူး။

**မေး။ ။ တိုက်ပွဲဖြစ်လေ့ရှိတဲ့ဒေသတွေမှာ TEI က ခန့်ထားတဲ့ ဆရာ၊ ဆရာမတွေရဲ့ လုံခြုံရေးကို ဘယ်လို ဆောင်ရွက်ပေးပါသလဲ။**

**ဖြေ။ ။** ကျွန်မတို့ ကျောင်းဖွင့်ထားတဲ့နေရာမှာတော့ တိုက်ပွဲတွေ အများကြီးဖြစ်နေတယ်ဆိုတော့ ဆရာ၊ ဆရာမတွေရဲ့ လုံခြုံရေး၊ ဝန်ထမ်းတွေရဲ့ လုံခြုံရေးတွေကို အရမ်းကို စိုးရိမ်ရတဲ့အနေအထားတွေ ရှိတယ်။ ဒါပေမဲ့ လုံခြုံရေးကိုတော့ သေသေချာချာ၊ ထွေထွေထူးထူး မလုပ်ပေးနိုင်ပါဘူး။ သုံးလ တစ်ခါလောက် သူတို့ဆီသွားပြီးတော့ အားပေးတာမျိုးပဲ ရှိပါတယ်။

**မေး။ ။ စာသင်ဖို့အတွက် ဆရာ၊ ဆရာမတွေကို ဘယ်လို ခေါ်ယူပါသလဲ။**

**ဖြေ။ ။** အစိုးရကပေးတဲ့ ဆရာ၊ ဆရာမတွေက အောက်ပြည်ကဖြစ်တယ်ဆိုတော့ ဒီကလေးတွေနဲ့ သူ့စကား ကိုယ်နားမလည်၊ ကိုယ်သင်တာကို သူတို့နားမလည်ဖြစ်ပြီးတော့ ဘယ်လိုမှ ကီးမကိုက်ဘူး။ ကီးမကိုက်တော့ ဆရာတွေမှာလည်း ကြာကြာ ရေရှည်မခံနိုင်ဘူး၊ ပြန်သွားကြတယ်။ ဒ့ါအပြင် ကျွန်မတို့ဆီမှာက တိုက်ပွဲတွေဖြစ်နေတော့ ဒါကိုလည်း ကြောက်ကြတာတွေရှိတယ်။ ကျွန်မတို့ကတော့ ကလေးတွေ နားလည်အောင် ပြောနိုင် သင်ပြနိုင်တဲ့ ဆရာ၊ ဆရာမတွေကို ခေါ်တယ်။ သင်တန်းပေးတယ်။ သင်တဲ့အခါမှာလည်း စကားပြောရတာ နားလည်ကြတော့ ကလေးတွေကလည်း ပျော်တယ် ဆရာတွေလည်း ပျော်တယ်။ အဆင်ပြေတယ်။

**မေး။ ။ တခြား ဘာအခက်အခဲ တွေ့ရသလဲ။**

**ဖြေ။ ။** ကျွန်မတို့က ဘတ်ဂျက်အခက်အခဲ ရှိတယ်။ အလှူရှင်တွေ အများကြီးကို ချဉ်းကပ်ကြည့်ပေမယ့် ‘ပညာရေးသည် အစိုးရအလုပ်’ ဆိုပြီးတော့ ပြောတဲ့သူတွေ အများကြီးရှိတယ်။ ဒီတော့ ဒါက ကျွန်မတို့အတွက် ကြီးမားတဲ့စိန်ခေါ်မှုတစ်ခုပဲ။ နိုင်ငံခြားမှာရောက်နေတဲ့ ကျွန်မတို့ တအာင်းလူမျိုးတွေဆီကနေ အလှူခံတယ်။ လုပ်ငန်းရှင်တွေဆီမှာလည်း အလှူခံတယ်။

**မေး။ ။ ဒီကိစ္စတွေပြေလည်ဖို့ဆိုရင် ဘာတွေလိုအပ်လဲ။**

**ဖြေ။ ။** ကျွန်မတို့ဒေသမှာ မငြိမ်းချမ်းလို့ ပညာရေးပိုင်းမှာ လွတ်လွတ်လပ်လပ် လုပ်လို့မရသလို၊ ဘယ်သူမှ အဲဒီလိုမျိုးနေရာမှာ မသွားချင်ကြဘူး။ တကယ်လို့သာ ငြိမ်းငြိမ်းချမ်းချမ်း ရှိမယ်ဆိုရင်တော့ ပညာရေးပိုင်းမှာ အစိုးရသာမက ကျွန်မတို့လိုမျိုး အဖွဲ့တွေက ဝိုင်းလုပ်မယ်ဆိုရင် ဒီထက် အများကြီး ပိုပြီးတော့ ဖွံ့ဖြိုးတိုးတက်မယ်လို့ ထင်တာပေါ့လေ။ ■



The VOICE Daily CARTOON



# ကချင်ပြည်နယ်နှင့် ဒေသအချို့နေရာကွက် မိုးကြီးမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မုတ်သုံလေ ပြန်လည်ဆုတ်ခွာနေချိန် ဖြစ်ပြီး အနောက်ဘက်မှလာသည့် လေစီးကြောင်းများကြောင့် ယခုရက်ပိုင်းအတွင်း ကချင်ပြည်နယ်နှင့် အလယ်ပိုင်းဒေသအချို့တွင် နေရာကွက်၍ မိုးကြီးနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောကြားသည်။

“မုတ်သုံကထွက်တော့မှာဆိုတော့ အားနည်းနေတယ်။ အနောက်ဘက်ကလာတဲ့လေတွေကြောင့် အလယ်ပိုင်းတွေနဲ့ အထက်ပိုင်းမှာတော့ မိုးရနေတယ်။ မုတ်သုံထွက်ခါနီးဆိုရင် တစ်ခေါက် မိုးပြန်ရွာတာပေါ့” ဟု ၎င်းက ပြောဆိုသည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နောက်နှစ်ရက်အတွင်း နေရာကွက်၍ မိုးကြီးနိုင်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် မိုးအားလျော့နည်းနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

အနောက်တောင်မုတ်သုံလေသည် စက်တင်ဘာလဒုတိယပတ်မှ စတင်ဆုတ်ခွာနေပြီဖြစ်ရာ ယင်းကာလအတွင်း အားကောင်းသည့် မိုးတိမ်တောင်ကြီးများ ဖြစ်ပေါ်လာနိုင်မှုကြောင့် ဒေသအလိုက် မိုးကြီးခြင်း၊ မိုးသည်းထန်ခြင်းနှင့် မိုးကြိုးပစ်ခြင်း စသည့်ဖြစ်စဉ်များဖြစ်ပေါ်နိုင်ကြောင်း ယင်းဌာနထံမှ သိရသည်။

ထို့ပြင် လေစီးကြောင်းပြောင်းလဲမှုကြောင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် မိုးသည်းထန်နိုင်သည့်အပြင် တောင်တရုတ်ပင်လယ်ပြင်နှင့် အနောက်ပစိဖိတ်သမုဒ္ဒရာမှ လေများဝင်ရောက်လာနိုင်ခြင်းကြောင့်လည်း ရှမ်းပြည်နယ်အပါအဝင် အလယ်ပိုင်းဒေသများ၌ မိုးရရှိနိုင်ကြောင်း မိုးလေဝသအခြေအနေ လေ့လာစောင့်ကြည့်သူများက ပြောဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကချင်ပြည်နယ်တွင် နေရာကွက်၍မိုးကြီးခဲ့ရာ ပူတာအိုမြို့တွင် ရေကြီးရေလျှံမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့သည်။

■ E-03

# မြန်မာ-ဂျပန် လေကြောင်းလိုင်းခရီးစဉ် အပြန်အလှန်ရောင်းချရေး သဘောတူ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ဂျပန်နိုင်ငံအခြေစိုက်လေကြောင်းလိုင်းဖြစ်သည့် Jal (Japan Airlines) လေကြောင်းလိုင်းနှင့်မြန်မာအမျိုးသားလေကြောင်းလိုင်း MNA တို့ကြား လေယာဉ်လက်မှတ်တစ်ခုတည်းဖြင့် အပြန်အလှန် စီးနင်းနိုင်သောအစီအစဉ်ကို ယခုလမှစတင်ပြီဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းလေယာဉ်လက်မှတ်အရောင်းဌာနများထံမှ သိရသည်။

“ဂျပန်ကိုသွားတဲ့ တိုက်ရိုက်ခရီးစဉ်တော့မဟုတ်ဘူး။ ဘန်ကောက် သို့မဟုတ် စင်ကာပူကနေတစ်ဆင့် သွားလို့ရမယ်။ MNA မှာ တစ်ခါတည်း လက်မှတ်ဖြတ်ထားရင်။ Jal အတွက် ဝယ်စရာမလိုဘူး တစ်ခါတည်းစီးလို့ရမယ်” ဟု MNA လေကြောင်းလိုင်း၏ လက်မှတ်အရောင်းဌာနတာဝန်ရှိသူတစ်ဦးက ဆိုသည်။

လေယာဉ်လက်မှတ်တစ်ခုတည်းဖြင့်စီးနင်းနိုင်သည့် ဝန်ဆောင်မှုသည် ရန်ကုန်မှ ဘန်ကောက်၊ စင်ကာပူမြို့များသို့ MNA လေကြောင်းလိုင်းဖြင့် ပို့ဆောင်ပြီး ထိုမှဂျပန်နိုင်ငံ တိုကျိုနှင့်နာဂိုရာမြို့များသို့ Jal လေကြောင်းလိုင်းဖြင့် ပို့ဆောင်ခြင်းဖြစ်ကြောင်း မြန်မာအမျိုးသားလေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်အရောင်းဌာနများထံမှ သိရသည်။

“လက်မှတ်တစ်ခုတည်းနဲ့ ဂျပန်ဖက်ကလာတဲ့ခရီးသည်တွေက Jal ကိုစီးပြီး မြန်မာကိုလာရင်တစ်ဆင့် ထပ်ဝယ်စရာမလိုဘဲ ဘန်ကောက်ကနေ MNA ကို တစ်ခါတည်းစီးနိုင်မယ်။ အပြန်အလှန်ဝယ်လို့ရတဲ့သဘောပါ” ဟု Jal လေကြောင်းလိုင်း၏ လေယာဉ်လက်မှတ်အရောင်းဌာနတာဝန်ရှိသူက ဆိုသည်။

ဂျပန်-မြန်မာခရီးစဉ် တစ်ကြောင်းအတွက် စီးနင်းသည့်အမျိုးအစားအပေါ်မူတည်၍ ပျမ်းမျှလေယာဉ်လက်မှတ်ခမှာ အမေရိကန်ဒေါ်လာ ၃၆၀ ကျော်မှ ၄၃၀ ကျော်အထိရှိကြောင်း အဆိုပါလေကြောင်းလိုင်းများထံမှ သိရသည်။

MNA လေကြောင်းလိုင်းသည် ပြည်တွင်းရှိ မြို့ပေါင်း ၂၀ ကျော်ကို ပြေးဆွဲနေသည့်အပြင် အာရှဒေသတွင်းမြို့များဖြစ်သော စင်ကာပူ၊ တရုတ်၊ ဟောင်ကောင်၊ ဘန်ကောက်၊ ချင်းမိုင်၊ ဗုဒ္ဓဂါယာနှင့် ဖူးခက် စသည်ဖြင့် ပြည်ပခရီးစဉ်များကိုလည်း ပြေးဆွဲနေသည့်လေကြောင်းလိုင်း ဖြစ်သည်။

Jal လေကြောင်းလိုင်းသည် ၁၉၅၁ ခုနှစ်တွင် စတင်ပြေးဆွဲပျံသန်းခဲ့ပြီး ဂျပန်နိုင်ငံ၏ ဒုတိယအကြီးဆုံးလေကြောင်းလုပ်ငန်းစုအဖြစ် ရပ်တည်လျက်ရှိသည်။

လက်ရှိတွင် ဂျပန်နိုင်ငံရှိ ပြည်တွင်းခရီးစဉ်များအပြင် နိုင်ငံပေါင်း ၃၅ ခုမှ စုစုပေါင်းခရီးစဉ်ဒေသ ၂၂၀ ကိုပြေးဆွဲနေသည့် လေကြောင်းလိုင်းဖြစ်သည်

■ J-14

# News In Brief

## ဝက်ရောဂါကြိုတင်ကာကွယ်ရေး အသိပေးချက်ထုတ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရာသီအကူးအပြောင်းကာလများတွင် ဝက်ရောဂါများကျရောက်ဖြစ်ပွားနိုင်ပြီး ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်နိုင်သဖြင့် ဝက်ရောဂါများ ကြိုတင်ကာကွယ်နိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရမည့်အချက်များကို မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက အသိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။

ဝက်ရောဂါကြိုတင်ကာကွယ်ရန် ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုဆောင်ရွက်ရန်၊ ပိုးသတ်ဆေးဖျန်းခြင်းကို ပုံမှန်ပြုလုပ်ရန်၊ ဝက်ရောဂါကာကွယ်ဆေးများ ပုံမှန်ထိုးနှံကြရန်၊ ရောဂါဖြစ်သည်ဟု သံသယရှိသည့်ဝက်များကို သီးခြားခွဲထားရန်၊ ဝက်များကူးစက်ရောဂါဖြစ်ပွားကြောင်း သံသယရှိပါက နီးစပ်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့်ဆက်သွယ်၍ ဆေးကုသမှုအမြန်ဆုံးခံယူရန်၊ ဝက်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက မွေး/ကုဦးစီးဌာနသို့အကြောင်းကြားရန် စသည့်အချက်များကို လိုက်နာဆောင်ရွက်ရန် ထုတ်ပြန်ထားသည်။

■ J-11

## စင်ကာပူအသိအမှတ်ပြု အင်ဂျင်နီယာအခြေခံသင်တန်းအကြောင်း ရှင်းလင်းမည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

စင်ကာပူနိုင်ငံရှိ BCA အကယ်ဒမီမှ အသိအမှတ်ပြုထားသည့် အင်ဂျင်နီယာပညာရပ်ဖြစ်သော Engineering Pre-Diploma Foundation သင်တန်းနှင့်ပတ်သက်သောရှင်းလင်းပွဲကို စက်တင်ဘာ ၁၅ ရက်တွင် Pack Royal ဟိုတယ်၌ ပြုလုပ်မည်ဖြစ်သည်။

RVi Institute နှင့် BCA Academy တို့မှ တာဝန်ရှိသူများက မြန်မာနိုင်ငံမှ ကျောင်းသား ကျောင်းသူများကို ကျွမ်းကျင်သော အင်ဂျင်နီယာများဖြစ်လာစေရန် အခြေခံဒီပလိုမာသင်တန်း၏ အထောက်အပံ့များကို ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အဆိုပါသင်တန်းသည် ရှစ်လကြာမြင့်မည်ဖြစ်ပြီး မြန်မာနိုင်ငံမှ အင်ဂျင်နီယာပညာရပ်ဖြင့် အလုပ်လုပ်ကိုင်လိုသူများအတွက် အထောက်အပံ့ဖြစ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်သည်။

■ J-14

# ရန်ကုန်-မန္တလေး ရထား တိုက်ရိုက်မပြေးနိုင်၍ တစ်ရက်ဝင်ငွေ ကျပ်သိန်း ၄၇၀ ကျော် ဆုံးရှုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရန်ကုန်-မန္တလေးရထား တိုက်ရိုက်မပြေးနိုင်၍ ဩဂုတ်လ ၃၁ ရက်မှ ယနေ့ထိ တစ်ရက်ဝင်ငွေ ကျပ်သိန်း ၄၇၀ ကျော် ဆုံးရှုံးနေကြောင်း မြန်မာ့မီးရထား၊ (တိုင်း-၇)၊ သွားလာပို့ဆောင်ရေးဌာန အကြီးတန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။



ဓာတ်ပုံ - အောင်နိုင်

လက်ရှိ မြန်မာ့မီးရထား၏ ရန်ကုန်-မန္တလေးခရီးစဉ် စီးရေလျှော့ချပြေးဆွဲနေရခြင်း၊ ခရီးစဉ်စဆုံး မပြေးနိုင်ခြင်းများကြောင့် ထိုသို့ဆုံးရှုံးလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

ဩဂုတ်လ ၂၉ ရက်က ဆွာတမံကျိုးပေါက်ကာ ရေလွှမ်းခဲ့သဖြင့် ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ ကုန်းကြီးနှင့် ဆွာဘူတာကြားတံတားအမှတ် ၃၀၅ ရေကျော်၍ တာပေါင်ကျိုးပြီး ရေတိုက်စားမှုများ ဖြစ်ပေါ်ခဲ့သဖြင့် ရထားပြေးဆွဲမှုကို ဩဂုတ်လ ၃၀ ရက်အထိ ယာယီရပ်နားခဲ့သည်။

အဆိုပါလမ်းပိုင်းတွင် ရထား ရှစ်စင်းဖြင့် ပြေးဆွဲခဲ့ရာမှာ လက်ရှိ အမှတ် ၁၁ အဆန်၊ ၁၂ အစုန်၊ အမှတ် ၃ အဆန်၊ ၄ အစုန် လေးစီးဖြင့်သာ ပြေးဆွဲလျက်ရှိပြီး ဆွာနှင့်ရေတာရှည်ဘူတာကြားကို မော်တော်ကား ၁၆ စီးဖြင့် ခရီးသည်များကို တစ်ဆင့်ခံ ပို့ဆောင်နေခြင်းဖြစ်ကြောင်း သွားလာပို့ဆောင်ရေးဌာန အကြီးတန်းတာဝန်ရှိသူက ပြောကြားသည်။

ဇူလိုင်လ ၂၇ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် ရန်ကုန်-မော်လမြိုင်ရထားလမ်းပိုင်းရေကျော်၍ နှင်းပုလဲနှင့် ဒုံဝန်းဘူတာကြား တံတားအမှတ် ၇၄၊ ရေဒေါက်တိုင် အမှတ်-၄ ရေစီးနှင့်မျောပါသွားသဖြင့် ရက်ပေါင်း ၂၄ ရက် ရထားပြေးဆွဲမှု ယာယီရပ်နားခဲ့သဖြင့် ကျပ်သိန်း ၁၃၀၀ ကျော် ဝင်ငွေဆုံးရှုံးခဲ့သည်။

ဆွာနှင့်ကုန်းကြီးဘူတာကြားမှာ ၄ မိုင်ခွဲအကွာအဝေးရှိပြီး ဌာနစုံမှ လူအင်အား ၂၀၀ ဦးကျော်ဖြင့် တံတားပြင်ဆင်မှုများ ဆောင်ရွက်လျက်ရှိရာ ဆယ်ရက်ကျော်ပြီဖြစ်ကြောင်း မြန်မာ့မီးရထားထံမှ သိရသည်။

ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမြန်လူစီးကုန်တင်ရထား ခြောက်စင်း၊ စာပို့ရထားနှစ်စင်း၊ ရန်ကုန်-နေပြည်တော်လမ်းပိုင်းတွင် နှစ်စင်း၊ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတွင် သုံးစင်းတို့ဖြင့် ပြေးဆွဲလျက်ရှိကြောင်း မြန်မာ့မီးရထား၊ (တိုင်း-၇)၊ သွားလာပို့ဆောင်ရေးဌာနထံမှ သိရသည်။

■ J-06




# မီးဖိုချောင်သုံးဂက်စ် ဈေးတက်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

အမေရိကန်ဒေါ်လာဈေး တက်ခြင်းနှင့် ထိုင်းနိုင်ငံမှ ဂက်စ်အဝင်နည်းမှုကြောင့် မီးဖိုချောင်သုံး ဂက်စ်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာကြောင်း မီးဖိုချောင်သုံးဂက်စ်အိုးရောင်းဝယ်ရေးဆိုင်များထံမှ သိရသည်။

အောက်တိုဘာလမှ စတင်ကာ မီးဖိုချောင်သုံးဂက်စ်ဈေးနှုန်းများ ဆက်တိုက်မြင့်တက်လာခဲ့ပြီး ယခုအခါတွင် ဂက်စ်တစ်ပိဿာလျှင် ကျပ် ၂၈၀၀ မှ ၃၀၀၀ အထိရှိကာ ယခင်ကထက် ဂက်စ် တစ်ပိဿာကို ကျပ် ၇၀၀ ခန့် ဈေးတက်လာကြောင်း ယင်းဆိုင်များထံမှ သိရသည်။

“အခုကက ငွေဈေး တက်နေတာရော၊ ရေကြီးလို့ လမ်းပန်းအခက်အခဲကြောင့် ထိုင်းဘက်က အဝင်နည်းလာလို့ ဈေးတက်နေတာ” ဟု ကိုမျိုးဝင်း ဂက်စ်အိုးနှင့် အပိုပစ္စည်းရောင်းဝယ်ရေးဆိုင်မှ ဆိုင်ပိုင်ရှင် ဦးမျိုးဝင်းက ပြောကြားသည်။

လက်ရှိအချိန်တွင် ပြည်တွင်းမီးဖိုချောင်သုံးဂက်စ်ဈေးကွက်အတွင်းသို့ ထိုင်းနိုင်ငံဘက်မှ အဝင်နည်းနေသော်လည်း ပြည်တွင်းကုမ္ပဏီအချို့၏ ပင်လယ်ရေကြောင်းမှ ဂက်စ်တင်သွင်းမှုရှိနေကြောင်း City Gas ဆိုင်ပိုင်ရှင် ဦးဇာနည်က ပြောဆိုသည်။

“ဈေးကွက်ထဲမှာ ပြည်တွင်းကုမ္ပဏီတွေကသွင်းတဲ့ ဂက်စ်တွေရှိနေလို့။ အရင်ကလို ထိုင်းဘက်က တစ်ခုတည်းသာဆိုရင် ပစ္စည်းပြတ်လပ်လို့ ဈေးအများကြီး တက်နိုင်တယ်။ အခုက ငွေဈေးကစားနေကြလို့ ဈေးတက်တာ” ဟု ၎င်းကရှင်းပြသည်။

မိသားစုငါးယောက်ရှိ အိမ်ထောင်စုတစ်စု တစ်လအသုံးပြုနိုင်သော 15 kg ဂက်စ်အိုးတစ်လုံး ဖြည့်တင်းခသည် ယခင်က ကျပ်နှစ်သောင်းဝန်းကျင်သာရှိသော်လည်း လက်ရှိအချိန်တွင် ကျပ်နှစ်သောင်းငါးထောင်ကျော်သို့ ဈေးတက်လျက်ရှိသည်။ ■ J-01

# ပြည်တွင်း၌ တရုတ် Brilliance ကားများ တပ်ဆင်ထုတ်လုပ်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ဂျာမနီနိုင်ငံထုတ် ကမ္ဘာကျော် BMW ကားများ၏ နည်းပညာနှင့် အစိတ်အပိုင်းများဖြင့်ထုတ်လုပ်သည့် Brilliance ကားများကို ပြည်တွင်းသို့ အစိတ်အပိုင်းများ တင်သွင်းပြီး တပ်ဆင်ထုတ်လုပ်သည့်စနစ် (SKD) ဖြင့် ထုတ်လုပ်ရောင်းချမည်ဖြစ်ကြောင်း ယင်းကားများ တပ်ဆင်ထုတ်လုပ်မည့် Myanmar Brilliance Auto ကုမ္ပဏီထံမှ သိရသည်။

တရုတ်နိုင်ငံတွင် BMW Brilliance Group နှင့် အကျိုးတူလုပ်ဆောင်နေသည့် Brilliance Auto International Trade Corporation (BAITC) နှင့် Myanmar Brilliance Auto ကုမ္ပဏီတို့ ပူးပေါင်းပြီး ယင်းကားများကို ထုတ်လုပ်ရန်စီစဉ်ခြင်းဖြစ်ကြောင်း Myanmar Brilliance Auto ကုမ္ပဏီထံမှ သိရသည်။

“BMW တံဆိပ်နဲ့ ထုတ်တာတော့ မဟုတ်ဘူး။ အဲဒီတံဆိပ်နဲ့ဆို ဈေးအရမ်းကြီးသွားမှာ။ Brilliance ဆိုတဲ့ ကားတွေကို ထုတ်မှာ။ ဒါပေမဲ့ ဒီကားတွေကလည်း တရုတ်က BMW စက်ရုံကနေ BMW နည်းပညာနဲ့ အစိတ်အပိုင်းတွေနဲ့ပဲ ထုတ်မှာပါ။ ဒီဇင်ဘာလောက်မှာ စထုတ်မယ်လို့ မှန်းထားတယ်။ ဒါပေမဲ့ အားလုံးကိုကြေညာမှာပါ” ဟု အဆိုပါကုမ္ပဏီ ဒါရိုက်တာ ဦးရန်မျိုးအောင်က ပြောဆိုသည်။

BAITC က ထုတ်လုပ်နေသည့် ၂၀၁၈ မော်ဒယ်လ် Brilliance V-3 အမျိုးအစားကို ပြည်တွင်း၌ထုတ်လုပ်ရန် ရည်ရွယ်ထားပြီး ယင်းကားတစ်စီးလျှင် ရန်ကုန်လိုင်စင်ရရှိမည့်ဖြစ်သည့်အပြင် ကညနကြေးနှင့် ဝင်ငွေခွန်ပါဝင်အပြီး ကျပ်သိန်း ၂၃၀ ဝန်းကျင် ကျသင့်မည်ဖြစ်ကြောင်း ၎င်းကပြောဆိုသည်။

အဆိုပါ SUV ကားအမျိုးအစားကို ထုတ်လုပ်ဖြစ်ခဲ့ပါက အရစ်ကျအနေနှင့်လည်း ဘဏ်များနှင့်ချိတ်ဆက်၍ ရောင်းချမည်ဖြစ်ကြောင်း ဦးရန်မျိုးအောင်က ဆိုသည်။

လတ်တလော ပြည်တွင်း၌ SKD စနစ်ဖြင့် Suzuki၊ Nissan၊ KIA၊ Ford တို့က ထုတ်လုပ်ရောင်းချနေပြီး SKD စနစ်ဖြင့် ထုတ်လုပ်သည့်ယာဉ်များသည် သုံးစွဲသူများအကြိုက် ရန်ကုန်လိုင်စင်ရရှိသည့်အပြင် Brand New ယာဉ်များ အဖြစ်သာ ထုတ်လုပ်ကြသည်။

Brilliance Auto ကုမ္ပဏီသည် တရုတ်နိုင်ငံအခြေစိုက် ကုမ္ပဏီတစ်ခုဖြစ်ပြီး ၁၉၉၂ ခုနှစ်မှစတင်၍ ထုတ်လုပ်နေခြင်းဖြစ်သည်။ ■ S-04

# ဗီယက်နမ်ငါးပြေမမျိုး စမ်းသပ်သားဖောက်ရန် စီစဉ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ပြည်တွင်းတွင် ငါးပြေမမျိုးများကို ကျယ်ကျယ်ပြန့်ပြန့်မွေးမြူလာပြီး ဈေးကောင်းရရှိသည့်အတွက် ဈေးကွက်ဝင် ဗီယက်နမ်ငါးပြေမမျိုးကို စမ်းသပ်သားဖောက်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ငါးလုပ်ငန်းဦးစီးဌာနထံမှ သိရသည်။

လက်ရှိတွင် ငါးလုပ်ငန်းဦးစီးဌာန၏ လှော်ကားငါးလုပ်ငန်းစခန်းနှင့် ဆားမလောက်ငါးလုပ်ငန်းစခန်းတို့တွင် ထိုင်းနိုင်ငံမှ ငါးပြေမမျိုးများကို သားဖောက်၍ ဖြန့်ဖြူးပေးလျက်ရှိပြီး ထိုင်းနိုင်ငံ တရားဝင်လမ်းကြောင်းမှ တစ်ဆင့်လည်း အေးခဲငါးပြေမများ ဝင်ရောက်လျက်ရှိကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။

“ငါးပြေမကို ဆက်တိုက်ဖောက်ပြီး ဖြန့်ပေးနေတာ။ ဒါပေမဲ့ ထိုင်းငါးပြေမအနေနဲ့ပဲ ဖြစ်တဲ့အတွက် ဗီယက်နမ်ငါးပြေမကို စမ်းသပ်သားဖောက်ဖို့ စီစဉ်နေတယ်။ ဒီမှာပဲမွေးပြီး ဖြန့်တဲ့ငါးပြေမဆို တစ်ပိဿာ ကျပ် ၅၀၀၀ ရတယ်။ ရပ်ကွက်ထဲမှာဆို ၇၀၀၀၊ ၈၀၀၀ ရောင်းနေကြတာ” ဟု ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလှဌေးက ပြောကြားသည်။

ထိုင်းနိုင်ငံမှဝင်ရောက်သည့် အေးခဲငါးပြေမ တစ်ပိဿာလျှင် ကျပ် ၃၀၀၀ မှ ၃၅၀၀ အထိသာဈေးရရှိပြီး မြန်မာနိုင်ငံအတွင်း သားဖောက်မွေးမြူသည့် ငါးပြေမအရှင်တစ်ပိဿာလျှင် ကျပ် ၅၀၀၀ အထိ ဈေးရရှိကြောင်း မွေးမြူရေးလုပ်ငန်းရှင်များထံမှ သိရသည်။

“ဒီနှစ်ထဲမှာ အထူးခြားဆုံးမွေးမြူရေးငါးအနေနဲ့ ငါးပြေမက ဈေးကွက်ထဲကို ဝင်လာပါတယ်။ သားလည်းဖောက်တယ်။ တစ်နိုင်ငံလုံးကိုလည်း ရောင်းပေးနေတယ်။ အရင်က အင်း၊ အိုင်ထဲကရမှ စားရတာ။ အခုက မွေးမြူရေးအောင်မြင်တဲ့ငါးဖြစ်နေပြီ” ဟု မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က ပြောကြားသည်။

ငါးပြေမမွေးမြူပါက သုံးလခန့်သာမွေးမြူရပြီး မွေးမြူရသည့်ကာလတိုတောင်းသည့်အပြင် သားဖောက်မှုအောင်မြင်သောကြောင့်မွေးမြူရေးသမားများအနေနှင့်ငါးပြေမကို ပိုမိုမွေးမြူလာကြခြင်းဖြစ်ပြီး ငါးပြေမကို ပြည်တွင်းတွင်သာ အများဆုံးစားသုံးကာ ပြည်ပတင်ပို့မှုမရှိသေးကြောင်း မွေးမြူရေးလုပ်ငန်းရှင် ဒေါ်တိုးနန္ဒာတင်က ပြောဆိုသည်။

“သုံးလလောက်မွေးတာနဲ့ ဈေးကွက်ကိုရောက်တဲ့အတွက် မွေးတဲ့သူတွေ ပိုစိတ်ဝင်စားကြတာပါတယ်။ မြန်မာငါးပြေမနဲ့ ဗီယက်နမ်ငါးပြေမက အရသာတူတယ်။ ထိုင်းနဲ့က အရသာကွဲတယ်။ ဒီနိုင်ငံက ထိုင်းကငါးပြေမအရသာကို သိပ်မကြိုက်ကြဘူး” ဟု ၎င်းကဆိုသည်။ ■ J-11

# ထိုင်း CP ကုမ္ပဏီ နေပြည်တော်၌ ဝက်မွေးမြူရေးခြံ တည်ဆောက်မည်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ထိုင်းနိုင်ငံအခြေစိုက် CP ကုမ္ပဏီခွဲတစ်ခုဖြစ်သည့် မြန်မာစီပီလိုက်ဖ်စတော့ဖ် မွေးမြူရေးကုမ္ပဏီက နေပြည်တော်တွင် ခေတ်မီဝက်မွေးမြူရေးခြံ တည်ဆောက်ရေးအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် သဘောတူညီမှုရရှိထားကြောင်း ယင်းဌာနထံမှ သိရသည်။

ခေတ်မီဝက်မွေးမြူရေးခြံ တည်ဆောက်ခြင်းဆိုင်ရာ သဘောတူစာချုပ်ကို ယခုလပထမပတ်က မွေး/ကုဦးစီးဌာန၊ စီပီကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ကျေးရွာကော်မတီဝင်များက နေပြည်တော်ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတွင် လက်မှတ်ရေးထိုးခဲ့ကြပြီး ကျေးလက်ဒေသများတွင် မွေးမြူရေးလုပ်ငန်း တိုးတက်လာစေရန်နှင့် ခေတ်မီသည့်မွေးမြူနည်းစနစ်များ အသုံးပြုနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ယင်းဦးစီးဌာနထံမှ သိရသည်။

ခေတ်မီဝက်မွေးမြူရေးခြံကို နေပြည်တော် တပ်ကုန်းမြို့နယ်၊ အောင်မြေရိပ်သာကျေးရွာနှင့် ဇေယျာသီရိမြို့နယ်၊ ကြည်တောင်ကျေးရွာတို့တွင် တည်ဆောက်မည်ဖြစ်ပြီး ဝက်မွေးမြူရေးခြံစီမံကိန်း အသေးစိတ်ကို မသိရှိရသေးကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက ပြောကြားသည်။

“ခေတ်မီဝက်မွေးခြံဆောက်ဖို့ သဘောတူထားတာပါ။ ဝက်ခြံကိုလည်း အလုံပိတ်စနစ်နဲ့ တည်ဆောက်ပြီးမွေးမှာပါ။ ပေတောမှာရှိတဲ့ ကြက်မွေးမြူရေးခြံဆိုလည်း အလုံပိတ်စနစ်နဲ့မွေးပြီး ရွာကို မြေငှားခပေးတယ်။ အဲဒီတော့ ရွာကမြေငှားခရတယ်။ လုပ်တဲ့သူတွေကို ရွာကသူတွေပဲ ငှားတဲ့အတွက် အလုပ်အကိုင်တွေလည်း ရတာပေါ့” ဟု ၎င်းကပြောဆိုသည်။

ကျေးလက်တွင် မွေးမြူရေးလုပ်ကိုင်ရန် စီပီကုမ္ပဏီက ယင်းမွေးမြူရေးလုပ်ငန်းလုပ်ကိုင်မည့်ကျေးရွာကို ၁၀ နှစ်စာချုပ်ချုပ်၍ မြေငှားရမ်းခအဖြစ် တစ်နှစ်လျှင် ကျပ်သိန်းခြောက်ဆယ်ပေးအပ်ပြီး မွေးမြူရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းဖြစ်ကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနထံမှ သိရသည်။

“ဒေသခံမွေးမြူရေးသမားတွေ အဆင်ပြေဖို့ အရင်ဆုံးဖြေရှင်းသင့်တယ်။ ဒေသခံတွေတောင် အဆင်မပြေသေးဘဲ နိုင်ငံခြားကုမ္ပဏီတွေကို ရင်းနှီးမြှုပ်နှံခွင့်ပေးရင် အလုပ်လက်မဲ့တွေ ဖြစ်ကုန်မှာပေါ့။ မြေငှားခရရုံနဲ့တော့ ဒေသခံတွေ အဆင်ပြေတယ်လို့ မတွေးစေချင်ဘူး” ဟု မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးဇော်မျိုးထွန်းက ပြောကြားသည်။

စီပီကုမ္ပဏီသည် နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ ပေတောကျေးရွာတွင်လည်း မွေးမြူရေးခြံတစ်ခြံလျှင် ကြက်အကောင်ရေ နှစ်သောင်းခွဲဆံ့သည့် ဥစားကြက်မွေးမြူရေးခြံသုံးခြံဖြင့် တစ်ရက်လျှင် ကြက်ဥအလုံးရေခြောက်သောင်းကျော် ထုတ်လုပ်မည့် အလုံပိတ်စနစ် ဥစားကြက်ခြံမွေးမြူရေးစီမံကိန်းကို ဩဂုတ်လက စတင်ဆောင်ရွက်နေသည်။ ■ J-11

# တနင်္သာရီတိုင်းအတွင်း သစ်တောကြိုးပြင်ကာကွယ်တော ၁၉ ခု ဖွဲ့ရန်ပြင်

**ထားဝယ်၊ စက်တင်ဘာ ၁၀**

တနင်္သာရီတိုင်းအတွင်း သစ်တောဖုံးလွှမ်းမှုရှိနေသေးသည့် နေရာ ၁၉ ခုတွင် ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းရန် ပြင်ဆင်နေကြောင်း တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာနထံမှ သိရသည်။

ထားဝယ်ခရိုင်၊ မြိတ်ခရိုင်နှင့် ကော့သောင်းခရိုင်ရှိ သစ်တောဖုံးလွှမ်းမှုရှိသည့် နေရာ ၁၉ ခုတွင် မြေဧက နှစ်သိန်းကျော် (၂၂၅,၅၉၅ ဒသမ ၇၇ ဧက)ကို ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

တနင်္သာရီတိုင်း၏ သစ်တောဖုံးလွှမ်းမှုဧရိယာက ၆၀ ရာခိုင်နှုန်းကျော်ရှိသည့်အနက် သစ်တောဌာနက ထိန်းသိမ်းခွင့်ရသည့် ကြိုးပြင်၊ ကြိုးဝိုင်းဧရိယာက ၃၂ ရာခိုင်နှုန်းသာရှိပြီး ကျန်သည့်သစ်တောဖုံးလွှမ်းနေရာများကို ထိန်းသိမ်းကာကွယ်နိုင်ရန် ယင်းကဲ့သို့ လုပ်ဆောင်နေခြင်းဖြစ်ကြောင်း သစ်တောဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဇေယျက ဆိုသည်။

အဆိုပါ နေရာ ၁၉ ခုအနက် ၇ နေရာကို ကြိုးပြင်ကာကွယ်တော သတ်မှတ်ရန် ရည်ရွယ်ကြောင်း၊ ပြည်ထောင်စု အစိုးရက ယမန်နှစ်နှင့် ယခုနှစ်အတွင်းက ကြေညာခဲ့ပြီးဖြစ်ကြောင်း ဦးကျော်ဇေယျက ပြောသည်။

"အခုဖွဲ့မယ့်ကြိုးပြင်ကာကွယ်တောသည် သစ်ထုတ်ဖို့ ရည်ရွယ်တာမဟုတ်သလို ဘယ်ကုမ္ပဏီ ဘယ်လုပ်ငန်းရှင်တွေကိုမှ ပေးဖို့မဟုတ်ဘူး၊ ဒီတောတွေ နောင်တစ်ချိန် မပျက်စီးမပြုန်းတီးသွားအောင် ထိန်းသိမ်းဖို့ ကာကွယ်ဖို့ပဲ ဖြစ်တယ်"ဟု ၎င်းက ဆိုသည်။

ယင်းအပြင် တိုင်းသစ်တောဌာနက ကြိုးပြင်ကာကွယ်တောအဖြစ် သတ်မှတ်ရန် ၂၀၁၅ ခုနှစ်မှ လက်ရှိအချိန်ထိ အဆိုပြုထားသည့်နေရာ ၁၂ ခု ရှိသည်။

အဆိုပြုနေရာများကို ပြည်ထောင်စုအစိုးရက ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် ကြေညာသည့်အချိန်ထိ အချိန် နှစ်နှစ်ခန့် ကြာမြင့်နိုင်ကြောင်း ဦးကျော်ဇေယျက ရှင်းပြသည်။

ကြိုးပြင်ကာကွယ်တော ဖွဲ့စည်းခြင်းကို မူအားဖြင့် ကန့်ကွက်ရန်မရှိသော်လည်း ဒေသခံတောင်သူများ၏ လယ်ယာမြေများကို ကာကွယ်ပေးနိုင်ရန် လိုအပ်ပြီး ဧရိယာအနီးရှိ ဒေသခံများ၏ သဘောထားရယူရန်လည်း လိုအပ်ကြောင်း တနင်္သာရီ မဲဆန္ဒနယ် အမှတ် (၂) မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်ဦးရဲမြင့်ဆွေက ဆိုသည်။

"အပြုသဘောဆောင်ပြီးတော့ ကြိုဆိုတယ်၊ ဒါပေမဲ့ တောင်သူတွေရဲ့လုပ်ကိုင်ခွင့် ပျောက်ဆုံးတာမျိုးတော့ ဖြစ်လို့မရဘူး၊ တောင်သူတွေရဲ့ ဒီတောကို မှီခိုလုပ်ကိုင်စားသောက်နေရတာအပေါ်မှာလည်း အသိအမှတ်ပြုပေးရမယ်"ဟု ဦးရဲမြင့်ဆွေက ပြောသည်။

ပြည်ထောင်စုအစိုးရက ကြိုးပြင်ကာကွယ်တောအဖြစ် ရည်ရွယ်ကြောင်း ကြေညာပြီးနောက်ပိုင်းတွင် လျာထားသည့် ကြိုးပြင်ကာကွယ်တော ဧရိယာအတွင်း လယ်ယာများ၊ လူနေရွာများ အစရှိသည့် ဒေသခံများ၏ ပိုင်ဆိုင်မှုများ ပါဝင်နေကြောင်း တင်ပြလာပါက ချန်လှပ်ထားခဲ့မည်ဖြစ်ကြောင်း သစ်တောဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ဇေယျက ပြောသည်။

ယင်းအတွက်ကြောင့် သတ်မှတ်မည့် ဧရိယာအတွင်းရှိ ကျေးရွာများတွင် ဗီနိုင်းပြားများဖြင့် ကြေညာထားသကဲ့သို့ သစ်တောဌာနဝန်ထမ်းများက ကွင်းဆင်းကာ ရှင်းပြနေကြောင်း ၎င်းက ဆိုသည်။

ကြိုးပြင်ကာကွယ်တော သတ်မှတ်ပြီးပါကလည်း ဒေသခံပြည်သူ အစုအဖွဲ့ပိုင် သစ်တောလုပ်ငန်း (CF) လုပ်ကိုင်မည်ဆိုပါက လျှောက်ထားနိုင်ကြောင်း ဦးကျော်ဇေယျက ဆိုသည်။

ပြည်ထောင်စုအစိုးရက ကြိုးပြင်ကာကွယ်တောဖွဲ့ရန် ရည်ရွယ်ကြောင်း ကြေညာထားသည့် နေရာ ၇ ခု အကျယ်အဝန်းမှာ ဧက ၇ သောင်းကျော် (၇၀,၉၁၇ ဒသမ ၃၇ ဧက)ရှိကြောင်း သစ်တောဌာနစာရင်းအရ သိရသည်။

တိုင်းဒေသကြီး သစ်တောဌာနက အဆိုပြုထားသည့်နေရာ ၁၂ ခုရှိပြီး အကျယ်အဝန်းမှာ ဧကတစ်သိန်းခွဲကျော် (၁၅၄,၆၇၈ ဒသမ ၄ ဧက) ရှိကြောင်း အထက်ပါဌာနထံမှ သိရသည်။

လက်ရှိတွင် တနင်္သာရီတိုင်းအတွင်း သစ်တောဌာနက စီမံခွင့်ရှိသည့် သစ်တောကြိုးဝိုင်း ၂၉ ခု၊ ကြိုးပြင်ကာကွယ်တော ၁၆ ခု၊ သဘာဝထိန်းသိမ်းနယ်မြေ ၃ ခုမှ စုစုပေါင်းမြေအကျယ်အဝန်းမှာ ၃,၄၅၅,၅၇၂ ဒသမ ၅၁ ဧကရှိကြောင်း သစ်တောဦးစီးဌာနစာရင်းများအရ သိရသည်။ ■

**Dawei Watch**

**ပြည်ထောင်စုအစိုးရက ကြိုးပြင် ကာကွယ်တောဖွဲ့ရန် ရည်ရွယ်ကြောင်း ကြေညာထားသည့် နေရာများ**

| စဉ် | မြို့နယ် | ကြိုးပြင်ကာကွယ်တောအမည် | ဧရိယာ(ဧက) |
|---|---|---|---|
| ၁ | သရက်ချောင်း | အစ်အစ်ဒီရေတော | ၁၆၁ |
| ၂ | သရက်ချောင်း | မင်းသား | ၂၅၀၀၀ |
| ၃ | သရက်ချောင်း | ကညင်ချောင်းဒီရေတော | ၅၁၂ |
| ၄ | သရက်ချောင်း | အောက်သရက်ချောင်း၊ ဒီရေတော | ၈၅၆ |
| ၅ | တနင်္သာရီ | ဖိုးမဲ(ခြေတော်ရာ) | ၂၅၆၀ |
| ၆ | ဘုတ်ပြင်း | ရေငံကြီးဒီရေတော | ၃၂၈၆၈.၃၇ |
| ၇ | ဘုတ်ပြင်း | ထင်းမယ် | ၈၉၆၀ |
| စုစုပေါင်း | | | ၇၀၉၁၇.၃၇ |

**ကြိုးပြင်ကာကွယ်တောဖွဲ့စည်းရန် တိုင်းဒေသကြီး သစ်တောဌာနက အဆိုပြုထားသည့် အခြေအနေ**

| စဉ် | မြို့နယ် | ကြိုးပြင်ကာကွယ်တောအမည် | ဧရိယာ(ဧက) |
|---|---|---|---|
| ၁ | ထားဝယ် | မေတ္တာ | ၅၀၀၂၆ |
| ၂ | ရေဖြူ | ကလုံးထာ | ၁၂၈၅၂ |
| ၃ | ပုလော | ပြင်ဘုကြီးဒီရေတော | ၇၀၃၃ |
| ၄ | ပုလော | ကျောက္ကာဒီရေတော | ၇၀၄၀ |
| ၅ | ပုလော | ကျောက္ကာအနောက်ကျွန်းဒီရေတော | ၇၁၆.၈ |
| ၆ | ပုလော | အောက်သဲပုံဒီရေတော | ၃၄၅၆ |
| ၇ | ကျွန်းစု | မအိုင်ဒီရေတော | ၃၃၄၀ |
| ၈ | ကျွန်းစု | မစမ်းပါး | ၂၅၆၀ |
| ၉ | ကျွန်းစု | ခိုကျွန်းဒီရေတော | ၃၃၄၀ |
| ၁၀ | ကျွန်းစု | ဆလုံတောင်ကျွန်းဒီရေတော | ၁၁၈၀၁.၆ |
| ၁၁ | ကျွန်းစု | ဆင်ကူးကျွန်းဒီရေတော | ၉၆၀၀ |
| ၁၂ | ဘုတ်ပြင်း | ကရသူရိကြိုးပြင် | ၄၂၉၁၃ |
| စုစုပေါင်း | | | ၁၅၄၆၇၈.၄ |

# ကရင်ပြည်နယ် ရေလွှမ်းလယ်မြေများတွင် ပိုးအကျနည်း

**ဘားအံ၊ စက်တင်ဘာ ၁၀**

ကရင်ပြည်နယ် ဘားအံနှင့် လှိုင်းဘွဲ့ မြို့များအတွင်းရှိ ရေလွှမ်းမိုးမှုများ ခံခဲ့ရသည့် မိုးစပါးစိုက်ခင်းများတွင် ပိုးမွှားကျရောက်မှု ရှိမရှိ စစ်ဆေးရာတွင် ပိုးအနည်းငယ်သာကျရောက်နေသည်ကို တွေ့ရှိခဲ့ကြောင်း ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။

စပါးခင်းကို အဓိက အန္တရာယ်ဖြစ်စေသည့်ပိုးမွှားများဖြစ်သည့်ကြက်သွန်မိတ်ပိုး၊ ငမြောင်တောင်ပိုးကဲ့သို့ ပိုးများကျရောက်မှုမတွေ့ရဘဲ အန္တရာယ်မရှိသည့် ရွက်လိပ်ရွက်ကပ်ပိုး၊ ရွက်စားပိုး၊ ခြနှင့် ဖြုတ်ညိုတို့ကိုသာ အဓိကတွေ့ရကြောင်း ယင်းဌာနထံမှ သိရသည်။

"အဓိကဦးစားပေးအနေနဲ့ ရေမြုပ်ပြီးပြန်ပေါ်တဲ့ စိုက်ခင်းတွေကို ဦးစားပေးပြီး ကင်းထောက်နေတယ်ဗျ၊ ရေမြုပ်ပြီး မပျက်စီးတဲ့ စိုက်ခင်းတွေဆိုရင် မပျက်စီးပေမယ့် အပင်တွေ အာဟာရဓာတ်လျော့သွားတာမျိုး၊ ချည့်နဲ့ ယိမ်းယိုင်တာတွေဖြစ်တတ်တယ်၊ အဲဒီအချိန်မှာ ပိုးကျဖို့လွယ်သလို အပျက်အစီးအဆုံးအရှုံးလည်း များနိုင်တယ်" ဟု ကရင်ပြည်နယ် သီးနှံကာကွယ်ရေးဌာန ပိုးမွှားတာဝန်ခံ ဦးနိုင်ချစ်စံက ပြောကြားသည်။

လတ်တလော ဖြုတ်ပိုးကျသည့် စိုက်ခင်းများတွင် ယင်းပိုးကောင်များက ပင်စည်ကိုဖောက်ကာ အစာရေကြောကို



ခတ်ပုံ-စောကျော်ဌေး

ရေလွှမ်းခဲ့သည့် မိုးစပါးခင်းများကို လိုက်လံစစ်ဆေးနေစဉ်

စားသုံးတတ်သဖြင့် စပါးပင်သည် ဖြူလာလေ့ရှိပြီး ယင်းကိုတွေ့ရှိသည်နှင့် ညအချိန်တွင် စပါးခင်းအတွင်း ၁၀ ပေ အကွာတွင် မီးတုတ်များ စိုက်ထားခြင်းဖြင့် ပိုးထောင်ချောက်ဆင်ကာ နှိမ်နင်းသင့်ပြီး ဆိုးရွားမည်ဆိုမှသာ ဖြုတ်ပိုးသတ်ဆေးကိုသုံးသင့်ကြောင်း ကရင်ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနစိတ်က အကြံပြုသည်။

လတ်တလော ဘားအံနှင့် လှိုင်းဘွဲ့ မြို့နယ်များအတွင်းရှိ စပါးခင်းများတွင် ရက်ရှည်ရေလွှမ်းမှုကြောင့် ပျက်စီးသော မိုးစပါးစိုက်ခင်းများ ရှိသကဲ့သို့ စပါးပင်များ လုံးဝနစ်မြုပ်သည်အထိ ရေလွှမ်းခြင်းမရှိသော စိုက်ခင်းများ၊ ရေနစ်မြုပ်မှု ရက်တိုသည့် စိုက်ခင်းများရှိသဖြင့် ယင်းစိုက်ခင်းများကို အာဟာရပြန်ကျွေးခြင်း ကင်းထောက်ရှိသည့် ဖျက်ပိုးအလိုက် ကာကွယ်သင့်သည့် နည်းလမ်းများကို တောင်သူလယ်သမားများကို ပညာပေးဟောပြောစည်းရုံးမှုများပြုလုပ်နေကြောင်း ဦးနိုင်ချစ်စံက ဆိုသည်။

"ရေပြန်ကျနေပြီး၊ ဒီမှာကရေကျနောက်လိုက်စပါးပဲ စိုက်တာများတော့ အပျက်အစီးတော့မရှိဘူး၊ စိုက်ပျိုးရေးကတော့ တစ်လောကလာပြီး ကွင်းဆင်းသွားတယ်၊ ပြီးတော့ ပိုးမွှားကျရောက်မှုရှိမရှိ စစ်သွားသေးတယ်" ဟု လှိုင်းဘွဲ့မြို့နယ်၊ တဝန်ဖန်ရ ကျေးရွာနေ အသက် ၆၀ နှစ်အရွယ် လယ်သမားတစ်ဦးက ပြောကြားသည်။ ■ **R-17**

# မြိတ်တွင် ခရီးသွားလုပ်ငန်း သီးသန့် ဆိပ်ခံတံတား ဆောက်မည်

**မြိတ်၊ စက်တင်ဘာ ၁၀**

မြိတ်မြို့ရှိ ခရီးသွားလုပ်ငန်းများ၏ Speed Boat (အမြန်ရေယာဉ်)များ သီးသန့်ရပ်နားနိုင်မည့် ဆိပ်ခံတံတားတစ်ခု ဆောက်လုပ်ရန် စီစဉ်နေကြောင်း တနင်္သာရီတိုင်းအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးဖြိုးဝင်းထွန်းက ပြောသည်။

မြိတ်ကမ်းနားလမ်းရှိ ပြည့်ဖြိုးထွန်းကုမ္ပဏီရုံးနံဘေးတွင် တည်ဆောက်မည့် ဆိပ်ခံတံတားစီမံကိန်းအတွက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ဆွေးနွေးနေဆဲဖြစ်ပြီး ၂၀၁၉ ခုနှစ်အတွင်း ဆောက်လုပ်ရန် စီစဉ်နေကြောင်း ဦးဖြိုးဝင်းထွန်းက ဆိုသည်။

"အခုက ဆွေးနွေးတုန်းပဲ၊ ဘတ်ဂျက်လည်း မလျာထားရသေးဘူး" ဟု ဝန်ကြီး ဦးဖြိုးဝင်းထွန်းက ပြောသည်။

မြိတ်ခရိုင် ကျွန်းစုမြို့နယ်အတွင်းရှိ ကျွန်းခရီးစဉ်များသို့ သွားလာရာတွင် ခရီးသွားလုပ်ငန်းများတွင် အသုံးပြုနေသည့်အမြန်ရေယာဉ်များ ဆိုက်ကပ်ရန်နေရာ သီးခြားမရှိသည့်အတွက် ဆိပ်ငယ်ရပ်ကွက်ရှိ ဆိပ်ငယ်ဇေတံတားတွင် ဆိုက်ကပ်နေရသည်။

"နေရာတစ်ခု သတ်သတ်မှတ်မှတ်လေးဖြစ်တော့ ခရီးသွားတွေအတွက်လည်း လုံခြုံမှုပိုရတာပေါ့" ဟု မြိတ်အခြေစိုက် ခရီးသွားလုပ်ငန်းတစ်ခုမှ တာဝန်ရှိသူက ပြောသည်။

မြိတ်တွင် ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ၃၀ ကျော်ရှိကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန(မြိတ်ရုံးခွဲ) မှ သိရသည်။ ■ **Dawei Watch**

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅ ၅၇၇၃

## ကုသိုလ်လမ်းညွှန်

တတ်အားသရွေ့ကုသိုလ်ပြုနိုင်ဖို့ လမ်းညွှန်ပေးချင်တာကတော့ ဆရာလေး ဓမ္မစကူးလ်ကျောင်းကို လှူဒါန်းနိုင်ဖို့ပါ။ ထီးတော်မိုး ကျောက်စက်ကွေ့နားမှာ တည်ရှိတဲ့ ကျောင်းလေးက ကလေးငယ်ပေါင်း ၃၀၀ ကျော်ကို စာပေသင်ပေးနေတဲ့ကျောင်းပါ။ စာသင်ခုံနဲ့ ကျောင်းအဆောက်အအုံမပြည့်စုံလို့ ကလေးတွေကို နှစ်ချိန်ခွဲသင်ရတဲ့ ကျောင်းလေးဖြစ်ပြီး တတ်အားသရွေ့ပါဝင်လှူဒါန်းမယ့် အလှူရှင်တွေ လိုအပ်နေတာပါ။ ဆွမ်းလှူဒါန်းလိုတယ်ဆိုရင် ကလေး ၂၀၀ အတွက် မနက်စာ ကျပ်တစ်သိန်းခွဲနှုန်း၊ ကလေးပေါင်း သုံးရာကျော်အတွက် နေ့လယ်စာ သုံးသိန်းခွဲနှုန်းနဲ့ ပါဝင်လှူဒါန်းနိုင်သလို ကလေးများအတွက် စာရေးကိရိယာ အသုံးအဆောင်များ၊ စာသင်ခုံ၊ ကျောင်းဆောင်တွေလည်း ပါဝင်လှူဒါန်းနိုင်ပါတယ်။

ဆက်သွယ်လှူဒါန်းလိုတယ်ဆိုရင် နန္ဒစာရီနှင့် လောကအလင်းဆောင်ကြသူများ ဓမ္မစကူးလ်နှင့် ပရဟိတဖောင်ဒေးရှင်း ဥက္ကဌ နန္ဒစာရီ ၀၉-၄၄၄၀၀၁၀၂၅ ကို ဆက်သွယ်လှူဒါန်းနိုင်ပါတယ်။ ■



## စျေးဝယ်လမ်းညွှန်

### ဖုန်းပူလာလို့ စိတ်ညစ်နေသူတွေအတွက် Baseus Magic Monster Games Dissipate- Heat Handle

ဂိမ်းကစားတာကြာလို့ဖြစ်စေ၊ ဖုန်းအသုံးများလို့ဖြစ်စေ မကြာခဏ ဖုန်းပူလာလို့ စိတ်ညစ်နေရသူတွေအတွက် Baseus Magic Monster Games Dissipate-Heat Handle ကို ညွှန်ပေးချင်ပါတယ်။

ဂိမ်းကစားရင်း ဖုန်းပူလာတဲ့အခါမှာလည်း ဖုန်းအားပြန်ဖြည့်ပေးနိုင်ဖို့ 2000 mAH Power Bank လည်း တစ်ပါတည်းတွဲပြီး ပါဝင်ပါတယ်။ Game pad / fan / Power Bank အဖြစ် သုံးမျိုး သုံးလို့ရမှာဖြစ်ပြီး စျေးနှုန်းကတော့ ၁၇၀၀၀ ကျပ် ကျသင့်မှာပါ။ ဖုန်းအရွယ်အစား လေးလက်မကနေ ၆ ဒသမ ၃ လက်မအထိရှိတဲ့ မည်သည့်ဖုန်းမဆို ထည့်သွင်းအသုံးပြုနိုင်ပါတယ်။ 8 Ray အမှတ် ၄၉၊ မိုးစန္ဒာလမ်း၊ ကမာရွတ်မှာ သွားဝယ်နိုင်မှာဖြစ်ပြီး ဖုန်း ၀၉ ၄၅၀၁ ၂၇၃၀၃၊ ၀၉ ၄၅၀၁ ၂၇၃၀၄ ကိုဆက်သွယ်ဝယ်နိုင်ပါတယ်။ ■




# လေ့လာမှတ်သား ဗုဒ္ဓစကား (၃)
# ကံဆိုသည်မှာ

'ကံ' ဆိုသည်မှာ 'ကမ္မ' ဆိုသည့် ပါဠိစကားမှ ဆင်းသက်လာသည်။ သက္ကတဘာသာနှင့်ရေးလျှင် 'ကာရ်မ' ဟုရေးသည်။ ကမ္မကို (အလုပ်၊ အမှု၊ ကိစ္စ) (ကောင်းမှု၊ မကောင်းမှု) ဟူ၍ မြန်မာလိုဖွင့်ဆိုပါသည်။ ကံ (ကမ္မ) ဆိုသည်မှာ ကောင်းသောအလုပ်အပြင် မကောင်းသောအလုပ်ကိုလည်း ကံဟု ဆိုနိုင်သည်။ ဘုရားရှင် ကိုယ်တော်မြတ်ကြီးက -

မိမိ၏ စိတ်ထားကြံရွယ်ချက် စေတနာအမျိုးအစား၊ ဇောအဟုန်အရ ကာယကံ၊ ဝစီကံ၊ မနောကံ ကမ္မပထမြောက်သွားသော ကံများလည်းရှိကြောင်း၊ စေတနာကို ငါဘုရားက (ကံ) ဟုခေါ်ကြောင်းလည်း မိန့်တော်မူခဲ့ပါသည်။

ကံသည် ဝိပါက တန်ပြန် အကျိုးရိုက်ခတ်လေ့ရှိသည့် သဘောပါဝင်နေသည်။ ဥပမာ ရေထဲကို ခဲတစ်လုံး ပစ်ချလိုက်သည်။ ရေလှိုင်းဂယက်များသည် အဝန်းအဝိုင်းလေးများဖြစ်သွားပြီး စက်ဝိုင်းပုံစံဖြင့် ကျယ်သွား သည်။ ထိုရေစက်ဝန်းသည် ကမ်းကို လာပြန်ရိုက်သည်။ ကမ်းကို ရိုက်ပြီးနောက် ရေက ပြန်ဆုတ်သည်။ ခဲတစ်လုံး ရေထဲသို့ကျခြင်းနှင့် ဂယက်ထခြင်းတို့ကို ကံ၏ တန်ပြန်ရိုက်ခတ်မှုအဖြစ် ဖွင့်ဆိုသည်။

'သဗ္ဗေသတ္တာ ကမ္မသကာ' ဟူ၍ ပြောကြသည်။ "အလုံးစုံကုန်သော၊ သက်ရှိပုဂ္ဂိုလ် သတ္တဝါတို့သည် ကံသာလျှင် ရှိကြသည်" ဟူ၍ဆိုလိုပါသည်။

မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးသည် -

'စေတနာဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ' ဟူ၍ ဟောကြားတော်မူခဲ့ပါသည်။ 'စေတနာကို ကံဟူ၍ ငါဘုရားဟော၏' ဟု ဆိုခဲ့ခြင်းဖြစ်ပါသည်။

ကံကို မည်သို့ သိနိုင်သနည်း။ ကိုယ်တွေ့အားဖြင့် လည်းကောင်း၊ ဆင်ခြင်ဝေဖန်ဉာဏ်အားဖြင့်လည်းကောင်း၊ မြတ်စွာဘုရားရှင်၏ ဟောကြားချက်များအရလည်းကောင်း သိနိုင်ပါသည်။ ဘုရားရှင်က -

"မကောင်းမှုကို ပြုလုပ်ထားသူပင် ဖြစ်လင့်ကစား ထိုအကုသိုလ်ကံ ရင့်ကျက်လာပြီး ဆိုးပစ်ကို ဖော်ထုတ်၍ မပေးမီ၊ အချိန်ပိုင်း၌ ချမ်းသာသုခကို တွေ့မြင်ခံစားနေရသေး၏။ သို့သော်လည်း ပြုလုပ်ခဲ့သော ဒုစရိုက်ကံ ရင့်ကျက်၍ သူ၏ သတ္တိပြသလာသည့်အခါ ဆိုးညစ်သော ကံပိုင်ရှင်သည်။ ယုတ်မာဆိုးဝါးသော ဆင်းရဲဒုက္ခ အမျိုးမျိုးကို တွေ့မြင်ခံစားရတော့သည်" ဟူ၍လည်း ဟောကြားတော်မူခဲ့သည်။

ကံကိုယုံ၍ မီးပုံအတွင်း၊ မဆင်းထိုက်ရာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းဟူ၍ ရှေးပညာရှိများက ဆိုခဲ့သည်။ 'ကံကိုယုံ ဆူးပုံမနင်းရာ' ဟူ၍လည်း ပြောကြပါ သည်။ ကံကို ယုံပြီး မဖြစ်ဘူးထင်ကာ ကျားရှိသည့် တောထဲ သွားလျှင် အကိုက်မခံရဟု မဆိုနိုင်။ ကံကောင်းလျှင် ဆူးမစူးနိုင် ဆိုကာ ဆူးပုံနင်းလည်း ဆူးစူးမည်သာဖြစ်သည်။

တံငါသည် တစ်ဦးသည် ပိုက်ကွန်ဖြင့် ငါးသုံးကောင်ကို ဖမ်းမိသည်။ တစ်ကောင်က ဝီရိယကို ယုံကြည်သည်။ တစ်ကောင်ကဉာဏ်ကို ယုံသည်။ နောက်တစ်ကောင်က ကံကိုယုံသည်။ ဝီရိယကို ယုံကြည်သော ငါးသည် ဝီရိယကောင်းလျှင် လွတ်မည်ထင်ပြီး တဖျပ်ဖျပ်ခုန်နေသည်။ တံငါသည်က ခုန်လွန်းသောငါးကို မျက်စိနောက်ပြီး တက်နှင့် ရိုက်လိုက်ရာသေသည်။ ပထမငါးသည် ဝီရိယအားကောင်းသော်လည်း ဉာဏ်မရှိသဖြင့် သေရခြင်းဖြစ်သည်။

ဉာဏ်အားကောင်းသော ငါးသည် ငြိမ်ပြီး အခြေအနေကို စောင့်ကြည့်နေသည်။ တံငါသည်က လှေကို ကမ်းကပ်လိုက်သည်။ တံငါသည်က လှေပေါ်မှဆင်းရန် လှေနံကို နင်းလိုက်ချိန်တွင် လှေစောင်းသွားသည်။ ဉာဏ်အားကောင်းသည့် ငါးက လှေအစောင်းကို အခွင့်ကောင်းယူပြီး ရေထဲကို ခုန်လိုက်ရာ လွတ်သွားသည်။

တတိယငါးသည် ငါကံကောင်းလျှင် လွတ်မည်ဟုစိတ်ထဲတွင် မှတ်ပြီး ငြိမ်နေသည်။ တံငါသည်က ဝီရိယကောင်းသဖြင့် သေသောငါးနှင့် ကံယုံသောကြောင့် ငြိမ်နေသော ငါးကို ကြိုးဖြင့်သီပြီး ကမ်းပေါ်သို့တက်သွားသည်။ ဒုတိယဉာဏ်သမားငါးသည် ဉာဏ်တစ်ခုတည်းကို သုံးသွားခြင်းမဟုတ်။ သူ့တွင်ရှိသော ဉာဏ်၊ လွတ်မြောက် ရန် အားထုတ်တတ်သည့် ဝီရိယနှင့်ကံအနေအထားပေးသည့်အခိုက်လေးကိုကောင်းစွာ အသုံးချပြီး လှေအစောင်းလေးကို ကောင်းစွာ အသုံးချခြင်းဖြင့် လွတ်မြောက်သွားသည်။ ကံ၊ ဉာဏ်၊ ဝီရိယသုံးပါးစလုံး အရေးကြီးပုံကို ဘုရားရှင်၏ ဥပမာဖြစ်သည်။

ငယ်စဉ်က သင်ကြားခဲ့ရဖူးသည့် ကုဋေရှစ်ဆယ် သူဌေးသား အကြောင်း မှတ်မိမည်ထင်ပါသည်။ သူသည် ကံကောင်းသောကြောင့် သူဌေးမိဘများဝမ်းအတွင်း ဝင်စားခဲ့ရသည်။ မိဘများရှာဖွေခဲ့သော စည်းစိမ် ဥစ္စာများဖြင့် ချမ်းသာခဲ့သည်မှန်သော်လည်း ဉာဏ်၊ ဝီရိယနည်းသဖြင့် ရှိသည့်ဥစ္စာပြုတ်ကာ တောင်းစားခဲ့ရ သည့် ဘဝကို ရောက်ခဲ့ရသည်နှင့်လည်း ဆင်ခြင်ကြည့်နိုင်ပါသည်။

'ကံသုံးပါး' ဟူ၍ရှိပါသည်။ ကာယကံ၊ ဝစီကံ၊ မနောကံ ဟူ၍ဖြစ်သည်။ ကာယကံဆိုသည်မှာ ကိုယ်နှင့် ပြုလုပ်ကျူးလွန်သောကံ၊ နှုတ်ဖြင့် ကျူးလွန်သောကံနှင့် စိတ်ဖြင့်ကျူးလွန်သောကံတို့ကို ခေါ်ပါသည်။ လူသတ်ခြင်း၊ ခိုးခြင်း၊ လိင်မှုကိစ္စတို့ကို မှားယွင်းစွာ ကျူးလွန်ခြင်းတို့မှာ ကာယကံမြောက်ကျူးလွန်ခြင်း ဖြစ်သည်။ မုသားပြော၊ ကုန်းတိုက်၊ သိမ်ဖျင်းကြမ်းတမ်းသော စကားများကို ပြောဆိုခြင်းမှာ ဝစီကံကျူးလွန်ခြင်းဖြစ်သည်။ အလိုရမ္မက် ကြီးခြင်း၊ ဒေါသထွက်ခြင်း၊ မိစ္ဆာအယူများကို ယူခြင်းတို့မှာ မနောကံကို ကျူးလွန်ဖောက်ဖျက်ခြင်းဟု ဆိုပါသည်။

ကံတွင် ကုသိုလ်ကံနှင့် အကုသိုလ်ကံဟူ၍ နှစ်မျိုးခွဲနိုင်ပါ သေးသည်။ ဘုရားရှင်က စိတ်စေတနာကို ကံဟု ဆိုပါသည်။ စေတနာ စေ့စော်ချက်ဖြင့် ကာယကံ၊ ဝစီကံ၊ မနောကံတို့ဖြစ်ပေါ် လာသည်ဟူ၍လည်းဟောကြားပါသည်။ စိတ်တွင် ဖြစ်ပေါ်လိုက်သည့် စေတနာတစ်ချက်လေးက မကောင်းမှု အာရုံကို ထင်လာလျှင် မကောင်းမှု လုပ်ချင်သည့်ဘက်ကို ရောက်သွားပြီး မကောင်းသည့်ဘက်ကို ရောက်သွားတတ်သည်။ ထို တစ်ချက်လေး အတိမ်းအစောင်းသည် လူတစ်ယောက်၏ ဘဝကို အဆိုး၊ အကောင်း ချက်ချင်း ပြောင်းလဲ သွားစေနိုင်သည်။

'ဘယ်သူမပြု မိမိမှု' ဆိုသည့်စကားရှိပါသည်။ ကံကောင်းခြင်း၊ ကံဆိုးခြင်းတို့သည် ကိုယ့်အပေါ်တွင် တည်နေသည် ဆိုခြင်း ကို သဘောပေါက်ထားသင့်ပါသည်။ လူဆိုသည်မှာ ရှေးရှေးက ပြုခဲ့ဖူးသောအမှု 'ကံ' အားလျော်စွာ ကောင်းကျိုးနှင့် မကောင်းကျိုးများကို ရကြကြောင်း ဘုရားရှင်ကလည်း ဟောကြားတော်မူခဲ့ပါသည်။ ■ **E01**

**(ရည်ညွှန်း - ဗုဒ္ဓဘာသာကောင်းတစ်ယောက်၊ သာသနာတော် ထွန်းကားပြန့်ပွားရေး ဦးစီးဌာန၊ ဗုဒ္ဓဘာသာ လက်စွဲကျမ်း၊ အရှင်ဇနကာဘိဝံသ၏ ကံ ဉာဏ် ဝီရိယပြည့်စုံမှ တရားတော်၊ ပါဠိသက်ဝေါဟာရ အဘိဓာန်၊ ဦးထွန်းမြင့်)**

**The Voice Daily**
လပေးမှာယူဖတ်ရှုသည့် စာဖတ်ပရိသတ်များ အဆင်မပြေမှုများရှိပါက
ဆက်သွယ်ရန် - ရန်ကုန် - ၀၉ ၇၈ ၅၅၅၅ ၇၇၃ (Hot Line)၊
မန္တလေး - ၀၉ ၂၅၉၂၃၅၁၈၆
နံနက်၉း၃၀မှ ညနေ ၅း၃၀ နာရီအထိသာ

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## NEWS

### နိုင်ငံတကာစက်ရုပ်အိုလံပစ်ပြိုင်ပွဲတွင် မြန်မာအသင်း အဆင့် ၆၄ ရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မက္ကဆီကိုနိုင်ငံတွင် ကျင်းပပြုလုပ်သည့် နိုင်ငံတကာစက်ရုပ်အိုလံပစ်ပြိုင်ပွဲတွင် မြန်မာနိုင်ငံ ကိုယ်စားပြု အသင်းက အဆင့် ၆၄ နေရာရရှိခဲ့သည်ဟု ဖန်တီးရာက သတင်းထုတ်ပြန်သည်။

ယင်းပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်း ၁၉၂ သင်းဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းအနေနှင့် ရလဒ်ကောင်းရရှိခဲ့ခြင်းဖြစ်သည်ဟု ပြည်တွင်းနည်းပညာရှင်များက ဆိုသည်။

နိုင်ငံတကာ စက်ရုပ်အိုလံပစ်ပြိုင်ပွဲကို ဩဂုတ် ၁၆ ရက်မှ ၁၈ ရက်အထိ သုံးရက်ကျင်းပခဲ့ခြင်း ဖြစ်ပြီး နိုင်ငံပေါင်း ၁၀၀ ကျော်မှ ပြိုင်ပွဲဝင်အသင်းများ ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ယခုပြိုင်ပွဲသည် မြန်မာနိုင်ငံအနေနှင့် ဒုတိယအကြိမ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်ပြီး ပထမအကြိမ် အဖြစ် ၂၀၁၇ ခုနှစ်က ယှဉ်ပြိုင်ခဲ့စဉ်က အဆင့် ၆ နေရာအထိ ရလဒ်ကောင်းများ ရရှိခဲ့သည်။

မြန်မာကိုယ်စားပြု ပြိုင်ပွဲဝင်အသင်းကို ဖန်တီးရာက အထောက်အပံ့ပေးခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် မြန်မာလူငယ်တီထွင်သူများအတွက် အထောက်အပံ့များ များစွာလိုအပ်နေသည် ဟုလည်း ပြည်တွင်းနည်းပညာရှင်များက သုံးသပ်ထားသည်။ ■ J05




### MPT မှ Data Carry Plus ပက်ကေ့ချ် အသစ်မိတ်ဆက်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာ့ ဦးဆောင်ဆက်သွယ်ရေးအော်ပရေတာ MPT မှ ဒေတာအသုံးပြုမှုအတွက် 1GB လျှင် ၉၉၉ ကျပ်သာကျသင့်မည့် အထူးနှုန်းထားနှင့် Data Carry Plus ပက်ကေ့ချ်အသစ်များကို မိတ်ဆက်လိုက်ကြောင်း မြန်မာ့ဆက်သွယ်ရေးထံမှ သိရသည်။

Data Carry Plus ပက်ကေ့ချ် အသစ်များမှာ ၅၉၉ ကျပ်လျှင် ၃၅၀ MB၊ ၇၉၉ ကျပ်လျှင် 500 MB၊ ၉၉၉ ကျပ်လျှင် 1GB၊ ၁၉၉၉ ကျပ်လျှင် 2BG၊ ၃၉၉၉ ကျပ်လျှင် ၄ GB စသည့် အသီးသီးကို ရက်သုံးဆယ်အထိ သယ်ဆောင်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

MPT မှ ဝယ်ယူထားသည့်ဒေတာများကို အလေအလွင့်မရှိ အသုံးပြုနိုင်ရန်အတွက် အဆိုပါ Data Carry Plus ကို ပေးအပ်ခြင်းဖြစ်ပြီး ပက်ကေ့ချ် အသစ်များကို ဆွေသဟာ၊ ရှယ်ပြော၊ ရွှေစကား အစီအစဉ်များ ရယူထားသည့် MPT ၏ GSMA ၊WCDMA သုံးစွဲသူများလည်း ရရှိနိုင်မည်ဖြစ်သည်။ ■J05

### တယ်လီနောမှ YuTube ဗီဒီယို ကြည့်ရှုနိုင်သည့် Video Pack မိတ်ဆက်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

တယ်လီနောမှ YuTube Video များကို ကြည့်ရှုနိုင်မည့် Video Pack ကို ၃၁၅ ကျပ်ဖြင့် ရယူနိုင်ပြီဖြစ်ကြောင်း တယ်လီနော မြန်မာ၏ သတင်းထုတ်ပြန်ချက်အရသိရသည်။

အဆိုပါ Video Pack ကို ၃၁၅ ကျပ်ဖြင့် ဝယ်ယူနိုင်ပြီး ၂၀၀ MB ပါဝင်မည်ဖြစ်ကာ ဘိုင်စကုတ်မှ (Byscote Download) နောက်ဆုံးပေါ် ကိုရီးယားဇာတ်ကားသစ်များကို မြန်မာစာတန်းထိုးဖြင့် ကြည့်ရှုနိုင်ကြောင်း သိရသည်။

ဒေတာပက်ကေ့ချ် ဝယ်ယူသူများအနေနှင့် ဝယ်ယူသည့်နေ့မှ ၂၄ နာရီအတွင်း အသုံးပြုလိုပါက *979*2*7# ကိုခေါ်ဆိုကာ ရယူနိုင်ကြောင်းသိရသည်။ ■ J05

ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

## Android Games



### Where My Avocado

အသီးဆီရောက်အောင်သွားရမယ်။ လမ်းမှာတော့ ကြယ်တွေရှိတယ်။ ဒါတွေကို ရအောင်လုပ်ယူရမယ်။ အသီးဆီကို ရောက်ဖို့နဲ့ ကြယ်တွေကိုရဖို့ လမ်းကြောင်းကို ကိုယ်တိုင်ဆွဲပေးရမှာ။

သေသေချာချာတွက်ချက်ပြီး ဆွဲကြည့်ပေါ့။ စိတ်ဝင်စားဖို့ကောင်းပါတယ်။ တွက်ချက်လို့မှ မရရင်တော့ ရမ်းသာဆွဲ။ တချို့အခန်းတွေက အဲဒီလိုဆော့မှရတာ။

### 4-Wheel City Drifting

တစ်လောဆီက ဆူးလေမှာ၊ ဟံသာဝတီအဝိုင်းဆီမှာ ကားတွေ Drift တွေဆွဲကြလို့ဆိုပြီး ဗီဒီယိုတွေ တက်လာတယ်။ ဖမ်းမယ်ဆီးမယ် အသံတွေလည်း ကြားရတယ်မဟုတ်လား။ Drift ဆွဲဖို့အတွက်တော့ အသက်နဲ့ မရင်းပါနဲ့။ ဒီဂိမ်းလေးထည့်ထားပေါ့။

အမှတ်များများရဖို့ Drift ဆွဲရမယ်။ ပန်းတိုင်ကိုလည်း မြန်မြန်ရောက်ဖို့လိုတယ်။ ဟိုတိုက်၊ ဒီတိုက်ဆိုရင်တော့ ရှုံးမှာပဲ။ ဂရုစိုက်ပါ။






### Stick Fight

Stick Man ဂိမ်းဆိုပေမယ့် အသက် ၁၆ နှစ်အထက်ဆော့ဖို့ပါ။ လက်နက်တွေက ရက်စက်ကြမ်းကြုတ်လွန်းသလို စိတ်ထင်တိုင်းလူသတ်နိုင်တဲ့ဂိမ်းပါ။

အဲဒီလောက်ရက်ရက်စက်စက်ကြီးတွေ သတ်ရဖြတ်ရတာ မကြိုက်ရင်တော့ ဒီဂိမ်းကို မဆော့ပါနဲ့။ ဘယ်လောက်ရက်စက်နိုင်သလဲဆိုတာ သက်သေပြရမှာပါ။ ဦးနှောက်မသုံးနဲ့။ ကျည်ဆန်သုံး။

### Wild Tamer

လူသားတွေ အသက်ရှင်နေထိုင်ဖို့အတွက် ဘယ်လိုတွေရုန်းကန်ခဲ့ရသလဲ။ ကျောက်ခေတ်မှာဆို တော့ လက်နက်တွေမရှိတာကို ရှိအောင်လုပ်ခဲ့ရတယ်။ လူရိုင်းတွေ ဘဝကနေ အသက်ဆက်နိုင်ဖို့ ကြိုးစားရတယ်။ တိုက်ခိုက်ရတယ်။

ဒါတွေအားလုံး ဒီဂိမ်းထဲမှာ အကုန်လုပ်ရမှာ။ ကိုယ့်လူမျိုးစုကို များသထက် များလာအောင်လုပ်ရမယ်။ ပြီးရင် တိုက်ခိုက်ရမယ်။ ရှင်သန်ဖို့အတွက် သတ်ဖြတ်ရမယ့်ဂိမ်းပါပဲ။



## NEW PRODUCT

# ပြည်တွင်းဈေးကွက်ကို အသစ်မိတ်ဆက်ထားတဲ့ VIVO V9

**ပြည်တွင်း ဈေးကွက်ထဲက စမတ်ဖုန်းတွေကို အပတ်စဉ်မိတ်ဆက်ခဲ့ရာက ဒီတစ်ပတ်မှာတော့ ပြည်တွင်းဈေးကွက်မှာ အောင်မြင်မှုရယူထားနိုင်တဲ့ VIVO စမတ်ဖုန်းတစ်လုံးကို ဖော်ပြပေးဖို့ရွေးချယ်ထားပါတယ်။ အရည်အသွေးနဲ့ ဈေးကွက်ထိုးဖောက်မှု ကောင်းတဲ့ VIVO တို့က စမတ်ဖုန်းဈေးကွက်ကို အခြားအမှတ်တံဆိပ်တွေနဲ့အပြိုင်ရယူထားနိုင်ခဲ့ပါတယ်။ ပြည်တွင်းမှာ ရောင်းအားကောင်းပြီး ဈေးကွက်အောင်မြင်မှုတွေရယူထားနိုင်ခဲ့တဲ့ VIVO က သူတို့ရဲ့ ထုတ်ကုန်သစ်တစ်ခုဖြစ်တဲ့ V9 မှာ ဘယ်လိုစွမ်းဆောင်ရည်ကောင်းတွေ ထည့်သွင်းပေးထားသလဲဆိုတာ ကြည့်ရအောင်။**




### မျက်နှာပြင်အရွယ်အစားနဲ့အရည်အသွေး

မျက်နှာပြင်အရွယ်အစားက ၆ ဒသမ ၃ လက်မ အရွယ်အစားရှိပါတယ်။ မျက်နှာပြင်အရည်အသွေးက 1080 x 2280 pixels pixels ရှိပါတယ်။ ပုံရိပ်သိပ်သည်းဆ 400 ppi ရှိတဲ့အတွက် နေရောင်အောက်မှာတောင်မှ ပြတ်သားတဲ့ ပုံရိပ်တွေကို ရရှိစေမှာပါ။ IPS LCD မျက်နှာပြင်ကို အသုံးပြုထားပါတယ်။ မျက်နှာပြင်အရည်အသွေးကတော့ စိတ်ကျေနပ်စရာပါပဲ။

### ကင်မရာအရည်အသွေး

နောက် ကင်မရာအရည်အသွေး 16 MP နဲ့ 5 MP ကင်မရာ နှစ်လုံးကို တပ်ဆင်ပေးထားပါတယ်။ ကင်မရာစွမ်းဆောင်ချက်တွေအနေနဲ့ Dual-LED flash, HDR, panorama စတာတွေပါဝင်ပါတယ်။ ရှေ့ကင်မရာကတော့ ကင်မရာတစ်လုံးတည်းပါ။ ဒါပေမဲ့ လျှော့တော့ မတွက်ပါနဲ့ 24 MP ရှိပါတယ်။ အရည်အသွေးမြင့်ဗီဒီယိုတွေလည်း ရိုက်ကူးနိုင်မှာဖြစ်ပါတယ်။

### ဘက်ထရီအရည်အသွေး

ဘက်ထရီအရည်အသွေး Li-Ion 3260 mAh ပါဝင်ပါတယ်။ ဘက်ထရီကိုတော့ ဖြုတ်လို့ရမှာမဟုတ်ပါဘူး။ ဖုန်းပြောဆိုမှုနဲ့ သီချင်းနားထောင်တာမျိုးတွေအတွက် တစ်ရက်တာအသုံးပြုဖို့ လိုအပ်တဲ့ ပမာဏထက် ပိုပါတယ်။

### အခြားစွမ်းဆောင်ရည်များ

Android ဗားရှင်း 8.1 (Oreo) ကို အသုံးပြုထားပါတယ်။ Octa-core 2.2 GHz Cortex-A53 CPU ကို အသုံးပြုထားပါတယ်။ RAM က 4 GB ပါဝင်မှာဖြစ်ပြီး ဖုန်းအတွင်းသိုမီးနိုင်မှုက 64 GB ပါဝင်မှာ ဖြစ်ပါတယ်။ ဖုန်းအတွင်းသိုမီးနိုင်မှုကို 256 GBအထိ တိုးမြှင့်အသုံးပြုနိုင်မှာ ဖြစ်ပါတယ်။ Fingerprint (rear-mounted), accelerometer, gyro, proximity, compass စတဲ့ အာရုံခံစနစ်တွေပါဝင် ပါတယ်။

ဈေးနှုန်းက ကျပ် ၃၅၉,၀၀၀ ဝန်းကျင်ဖြစ်ပါတယ်။ VIVO ပရိသတ်တွေ အနေနဲ့ နှိုင်းယှဉ်ရွေးချယ်နိုင်ဖို့ ဖော်ပြပေးလိုက်ပါတယ်။

## TECH GADGETS

### Xiaomi Mi 8 SE

Ekran - 5.88 "

CPU - octa-core (2x2.2 GHz 360 Gold & 6x1.7 GHz Kryo 360 srebro)

RAM - 4 GB

Baterije - Non-prenosivi Li-Ion 3120 mAh baterija

Storage - 64 GB

Kamera -12+ 5 MP i 20 MP

Cena - 359,000 Ks



### Mi A2 lite

Ekran - 5.84 "

CPU - octa-core 2.0 GHz Cortex-A53

RAM - 4 GB

Baterija - Li-Po 4000 mAh baterija

Storage - 64 GB

Kamera - 12+ 5MP i 5 MP

Cena - 289,000 Ks







### Meizu M6T

Zaslon - 5.7 "

CPU - octa-core (4x1,5 GHz Cortex-A53 i 4x1.0 GHz Cortex-A53)

RAM - 3 GB

Baterije - Ne-prenosivi Li-Ion 3300 mAh baterija

Storage - 32 GB

Kamera -13+ 2 MP i 8 MP
Cena - 209,000 Ks



### Huawei Y9 (2018)

Ekran - 5.93 "

CPU - octa-core (4x2.36 GHz Cortex-A53 i 4x1.7 GHz Cortex-A53)

RAM - 4 GB

Baterija - Li-Ion 4000 mAh baterija

Storage - 64 GB

Kamera - 12MP + 2MP i 16 MP + 2MP

Cena - 259,000 Ks

# MM Social အပေါ် အမြင်များ

မောင်မန်း

**ပြည်တွင်း** အခြေစိုက် မြန်မာပိုင် လူမှုကွန်ရက် MM Social ကို စက်တင်ဘာ ၂ ရက်က စတင်မိတ်ဆက်ခဲ့ပြီး လက်ရှိအချိန်တွင် စတင်အသုံးပြုနိုင်နေပြီဖြစ်သည်။ နောက်ဆုံးသိရသည့် အချက်အလက်များအရ MM Social ကို အသုံးပြုနေသူ ကိုးထောင်ကျော်ခန့်ရှိနေပြီး အသုံးပြုသူအရေအတွက်တိုးတက်မှု အနည်းငယ်ရပ်တန့်နေသည်ဟုလည်း MM Social တည်ထောင်သူများက ပြောကြားထားသည်။ ယင်းအပြင် MM Social ၏ လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းပေးသွားမည်ဟုလည်း ပြောဆိုထားသည်။ နည်းပညာရှင်များ၊ အသုံးပြုသူများ၏ မြန်မာလူမှုကွန်ရက် MM Social ကို စမ်းသပ်အသုံးပြုပြီးနောက် ၎င်းတို့၏ သဘောထားအမြင်များကို The Voice Daily က မေးမြန်းပြီး စုစည်းဖော်ပြအပ်ပါသည်။

## "လောလောဆယ်တော့ မြန်မာစာမှာ Error လေးတွေ တက်နေတာတွေ့တယ်။ တချို့စာတွေ အမှန်တိုင်း မပေါ်ဘူး"

### ကိုမြင့်ကျော်သူ (နည်းပညာအရာရှိချုပ်၊ My Play Co.,Ltd.)



ကောင်းပါတယ်။ ပေါ်သင့်တာကြာပါပြီ။ နိုင်ငံခြားက Software တွေပေါ်မှာ အားထားနေရတာ Social network လို ဟာမျိုးကျ မသင့်တော်ပါဘူး။ အထူးသဖြင့် Facebook လို Mega Corp ကြီးတွေအတွက်ကျ မြန်မာပြည်ကို ဂရုစိုက်ဖို့ဆိုမဖြစ်နိုင်တာမို့ ကိုယ့်အတွက် သေချာဂရုစိုက်ပြီးလုပ်မယ့် Local Startup တွေ လိုပါတယ်။

ဒါပေမဲ့ အောင်မြင်အောင် လုပ်ဖို့တော့ လိုဦးမှာပါ။ အနည်းဆုံး Active User ၁ သိန်းလောက်ရှိမှ Social Network ဆိုတာ စလည်ပတ်ပါတယ်။ အရင်ကလည်း ပေါ်ဖူးပေမယ့် မအောင်မြင်လို့ ရပ်သွားကြတာများပါတယ်။

လောလောဆယ် လိုအပ်နေတဲ့ Features တွေ အများကြီးရှိပါသေးတယ်။ တဖြည်းဖြည်းကို ပိုကောင်းလာမယ် ထင်ပါတယ်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ပေးနိုင်ရင် သေချာပေါက် ပြောင်းလာမှာပါ။ အထူးသဖြင့် Facebook ကို လူတွေပျင်းနေတာလည်းပါတာမို့ ဆန်းသစ်တဲ့ ပြည်တွင်းကြိုက် Features တွေ ဖြည့်ပေးနိုင်ရင် လူတွေပြောင်း လာမှာ သေချာပါတယ်။ လောလောဆယ်တော့ မြန်မာစာမှာ Error လေး တွေ တက်နေတာတွေ့တယ်။ တချို့စာတွေ အမှန်တိုင်း မပေါ်ဘူး။

ကြိုးစားအားထုတ်မှုအပြင် ငွေကြေးလည်း တောင့်ဖို့ လိုပါသေးတယ်။ Facebook လည်း Startup အဆင့်မှာ ယက်ကန်ယက်ကန်ပါပဲ။ Social Network ဆိုတာကြီးလာမှ 'စား'ရတဲ့ Software ပါ။ တစ်နှစ်၊ နှစ်နှစ်လောက် အသက်ရှင်ဖို့ အရင်လုပ်ရပါမယ်။ ■

## "Facebook က သူငယ်ချင်းတွေ ပြန်ရှာလို့ရမှ အဆင်ပြေမှာ"

### ကိုမျိုးသိန်း (MM Social လူမှုကွန်ရက်အသုံးပြုသူ)

အခုအခြေအနေကိုတော့ အားမရဘူးဗျ။ ဖုန်းနဲ့သုံးတဲ့အခါ မြန်မာစာစနစ်က သိပ်အဆင်မပြေသေးဘူး။ နောက်တော့ သူငယ်ချင်းတွေရှာဖို့ ခက်နေတယ်။ မက်ဆေ့ချ်တွေပို့ထားရင်လည်း အချက်ပေးတာတွေ မတက်သေးဘူး။ လူမှုကွန်ရက်လို့ ပြောဖို့တောင် စောနေသေးတယ်။

အဆိုးဆုံးက ပုံတင်လို့ခက်တာ။ ကျွန်တော်ဆို ပုံတင်လို့ကို မရဘူး။ သူငယ်ချင်းတွေရှာတဲ့ နေရာမှာလည်း Facebook က သူငယ်ချင်းတွေ ပြန်ရှာလို့ရမှ အဆင်ပြေမှာ။ Like တစ်ခုတည်းနဲ့လည်း အဆင်ပြေမယ် မထင်ဘူး။ လူမှုကွန်ရက်ဆိုတာကလည်း အတိုက်အခိုက်လေးတွေရှိမှ ပျော်ဖို့ကောင်းတာ။ အဲဒီလိုလေးတွေလည်း ရှိလာမယ်ဆိုရင်တော့ သုံးလို့ကောင်းမှာပါ။

မြန်မာပိုင်လူမှုကွန်ရက်တစ်ခုရှိလာတာတော့ ကောင်းပါတယ်။ ဒီပေါ်မှာ သုံးရတာ အဆင်ပြေတယ်၊ ကိုယ်လည်း မပျင်းသေးဘူးဆိုရင်တော့ ဆက်သုံးသွားမှာပါ။ Facebook ကိုတော့ စွန့်လွှတ်လို့ မရသေးဘူး။ ■



## "ကျယ်ပြန့်တဲ့ နယ်ပယ်ကို ဝင်ရဲတယ်ဆိုတာနဲ့တင် သဘောကျနေပြီ"

### ကိုစိုးသီဟနောင် (တည်ထောင်သူ Myanmar Link နည်းပညာသင်တန်းကျောင်း)



ပထမဦးဆုံး ပြောချင်တာက သူတို့ ဒီထက်အချိန်ပိုယူပြီး တည်ဆောက်သင့်တယ်ဗျ။ ကြိုဆိုပါတယ်ဗျ။ ဒါပေမဲ့ Social Networkလို့ ဆိုလိုက်တာနဲ့ Facebook ကို ပြေးမြင်မိကြတဲ့ အနေအထားမှာ Facebook လို ဆွဲဆောင်နိုင်ဖို့တော့ အများကြီး လိုဦးမှာပေါ့။ ကိုယ်တွေက Team သေးသေးလေးနဲ့ ရေးကြရတာ၊ သူတို့ကနည်းတဲ့ Team မဟုတ်ဘူး။

မြန်မာစာကတော့ ဟိုဘက်ကဖာရင် ဒီဘက်ကပေါက်၊ ဒီဘက်က ဖာရင် ဟိုဘက်ကပေါက် စိတ်ပျက်စရာကောင်းတဲ့ Dual System Support လုပ်နေရတဲ့အတွက် အခက်အခဲတွေ ရှိနေမှာပဲ။ ဒီထက်ပိုကောင်းတဲ့ ထောက်ပံ့မှုတွေ လိုဦးမယ်ဗျ။ နောက်တစ်ခုက လူတွေက ဘာကြောင့် Social Network ကို သုံးနေကြလဲဆိုတဲ့ ရည်ရွယ်ချက်တွေအပေါ် တစ်ခုချင်းစီ ထိထိရောက်ရောက် အကောင်အထည်ဖော်ပေးဖို့လိုဦးမယ်ဗျ။ ကျွန်တော်ကတော့ မြန်မာတွေရေးတာဆိုရင် အားပေးတယ်။ ဒီလောက် ကျယ်ပြန့်တဲ့ နယ်ပယ်ကို ဝင်ရဲတယ်ဆိုတာနဲ့တင် သဘောကျနေပြီ။ ဒါပေမဲ့ အောင်မြင်ဖို့တော့ လိုအပ်ချက်တွေ အများကြီး ရှိဦးမယ်လို့ မြင်ပါတယ်။ ■

## "နောက်တစ်ခုက haha ပေးလို့ မရသေးတာ"

### ကိုထက်လွင်အောင် (MM Social အသုံးပြုသူ)



လောလောဆယ်တော့ သူငယ်ချင်းတွေ နည်းနေသေးတော့ နည်းနည်းတော့ အထီးကျန်နေတာပေါ့။

အသုံးပြုသူတွေ ကောင်းကောင်း မသိသေးတာရယ်ကြောင့် ထင်တယ်။ ဒါကလည်း MM Social ရဲ့ တည်ထောင်သူတွေက Product ကို ကောင်းကောင်း ပြင်ဆင်ပြီးမှ ချပြမယ်လို့တော့ ထင်ပါတယ်။

လိုအပ်ချက်ကတော့ အတွေ့အကြုံ မရှိသေးတာပါ။ Facebook သုံးနေကျဖြစ်တော့ Search Bar မပါတာတို့၊ Link ပေးမှ သူငယ်ချင်း သွားအပ်လို့ရတာတို့နောက်တစ်ခုက PC လောက်နဲ့ Browser လောက်နဲ့ပဲ သုံးလို့ရသေးတာတို့က အခက်အခဲရှိနေသေးတာပေါ့။ နောက်တစ်ခုက haha ပေးလို့မရသေးတာ။ မြန်မာပိုင်လူမှုကွန်ရက်အသုံးပြုရတာတော့ ဂုဏ်ယူစရာပေါ့။

Social Network က နာမည်ကြီးလာတာနဲ့ အမျှ လွှမ်းမိုးမှုကြီးလာတာပဲဗျ။ အားသာချက်က ကိုယ့်နိုင်ငံသားပိုင်ဆိုတော့ ကိုယ့်နိုင်ငံရဲ့အခြေအနေ ကိုယ်တွေ နိုင်ငံသားတွေပဲ အသိဆုံးဆိုတော့ ကိုယ်တွေနိုင်ငံနဲ့ ကိုက်ညီမယ့် Feature တွေ၊ Report Rule တွေကို နိုင်ငံခြားပိုင် လူမှုကွန်ရက်တွေထက် အဆင်ပြေအောင်ပြင်ဆင်နိုင်မယ်ဗျ။ ■

ကြော်ငြာကိစ္စ
ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

ယခု ရက်ပိုင်း ထူးခြားတဲ့သတင်းတွေအထဲမှာ သတင်းမီဒီယာသမား နှစ်ဦးကို အစိုးရက လျှို့ဝှက်ချက်အက်ဥပဒေနဲ့ ထောင် ၇ နှစ်စီ ချမှတ်လိုက်တဲ့သတင်းက ရှေ့တန်းရောက်လာပါတယ်။ ဒီသတင်းဟာ ပြည်တွင်းသတင်းတွေမှာသာမက ကမ္ဘာ့သတင်းမီဒီယာတွေရဲ့သတင်းစာမျက်နှာတွေအထိကို ပျံ့နှံ့သွားခဲ့ရပြီး ဒီရက်ပိုင်းမှာဆိုရင် ဒီအပေါ် သူ့ဘက်ကိုယ့်ဘက်တွေက ပြောဆိုနေကြသံတွေလည်း ကြားမိရသလို ဒီအပေါ် ပြန်ကြားရေးဒုဝန်ကြီးကတော့ "အယူခံဝင်ခွင့် ရှိနေပါသေးတယ်" လို့ ပြောခဲ့တာလည်း ကြားလိုက်မိပါတယ်။ ဆိုလိုချင်တာကတော့ ဒီအမှုအပေါ် အစိုးရဘက်ကတော့ ဥပဒေနဲ့အညီ တရားစီရင်ခဲ့ပြီးချိန်မှာ အယူခံဝင်ခွင့်ရှိပါတယ်၊ ဒီအပေါ် ဥပဒေကြောင်းအရ ပြန်စဉ်းစားသက်ညှာတာမျိုးတွေ၊ ဖြေလျှော့တာမျိုးတွေ ရှိလာနိုင်ပါသေးတယ်လို့ ပြောချင်နေပုံရပါတယ်။ တရားစီရင်ရေးဆိုင်ရာအတွက် ဥပဒေရှုထောင့်က ကြည့်မယ်ဆိုရင်လည်း သက်သာခွင့်၊ လွတ်ငြိမ်းခွင့်တွေရဖို့ဆိုရင်လည်း ဥပဒေကြောင်းအရပဲ ပြန်လည်လျှောက်ထားကြရမှာပါပဲ။

သို့သော်လည်း မည်သို့ပင်ဆိုစေ ယခုအချိန်မှာတော့ ဒီအမှုနဲ့ပတ်သက်လို့ အစိုးရအနေနဲ့လည်း နိုင်ငံတကာမျက်နှာစာမှာ မျက်နှာပန်းလှမယ့်အဖြစ်မျိုး မဖြစ်လာခဲ့သလို သတင်းမီဒီယာသမားတွေဘက်ကလည်း သူတို့ကိုယ်တိုင်နဲ့ သူတို့အပေါ် မှီခိုနေကြရတဲ့မိသားစုတွေ၊ သူတို့သတင်းသမားတွေအတွက်လည်း ဒါဟာ ကောင်းမွန်မှန်ကန်တဲ့အဖြေမဟုတ်ခဲ့ပါဘူး။ ဆိုလိုချင်တာကတော့ ဒီအဖြစ် ဒီအမှုအတွက် ဒီလိုစီရင်ချက် အမိန့်ချမှတ်ခဲ့ခြင်းဟာ မည်သူ့ဘက်ကမှ အကျိုးမရှိခဲ့ဘူး၊ မျက်နှာကောင်းမရခဲ့ဘူးလို့ ပြောလိုရင်းပဲဖြစ်ပါတယ်။

ဒါဆိုရင် ကျွန်တော်တို့ ဘယ်လိုရှေ့ဆက်သွားကြမလဲ၊ ယခုလို အထွေထွေ ဘေးကျပ်နံကျပ်ဖြစ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းတွေအကြားကနေပြီး လွတ်မြောက်ဖို့၊ ရုန်းကန်ကြဖို့၊ နိုင်ငံ့စီးပွားရေးကိုမောင်းနှင်ကြဖို့၊ ငြိမ်းချမ်းရေးရအောင် ဆောင်ကြဉ်းကြဖို့ဆိုတဲ့ လုပ်ငန်းစဉ်တွေမှာ မဏ္ဍိုင်ကြီးသုံးရပ်နဲ့ဖွဲ့စည်းထားတဲ့ အစိုးရဘက်ကချည်းပဲလုပ်နေလို့ ဖြစ်မလား၊ အခြားဒေါက်တိုင်တွေဖြစ်တဲ့ အစိုးရအတွက် နား၊ မျက်စိတွေဖြစ်တဲ့ စတုတ္ထမဏ္ဍိုင်ဖြစ်တဲ့ သတင်းမီဒီယာသမားတွေရော မလိုတော့ဘူးလား၊ နောက် ပဉ္စမမဏ္ဍိုင်ဖြစ်တဲ့ အချုပ်အချာအာဏာကို ပိုင်ဆိုင်ကြတဲ့ ပြည်သူတွေကရော မပါဝင်ကြလို့ဖြစ်ပါ့မလား။ ဒါဆိုရင် သတင်းမီဒီယာများနဲ့ သတင်းအရင်းအမြစ် ပေါက်ဖွားတည်ရှိရာ အစိုးရဌာနတွေအကြား ဘယ်လိုရှေ့ဆက်သွားကြမလဲ။ သူ့ဘက်ကိုယ့်ဘက် ဘာတွေအပေးအယူအလျှော့အတင်းရှိကြရမလဲ၊ နှစ်ဦးနှစ်ဖက်ကြားမှာ သဟဇာတဖြစ်အောင် မဇ္ဈိမပဋိပဒါလမ်းစဉ်ကနေ ဘယ်လိုလျှောက်လှမ်းကြမလဲဆိုတာ ယထာဘူတကျကျ ဆွေးနွေးသုံးသပ်အဖြေရှာကြရမယ့်အချိန် ဖြစ်နေပါပြီ။

ဒီလိုမီဒီယာကဏ္ဍတိုးတက်ရေးအတွက် ပူးပေါင်းလုပ်ကြဖို့ဆိုရင် ယခင် ၂၀၁၇ ခုနှစ် ဇူလိုင်လ ၂၇ ရက်နေ့ သတင်းမီဒီယာသမားတွေနဲ့ ပြန်ကြားရေးဝန်ကြီးဌာန၊ တပ်မတော်သတင်းထုတ်ပြန်ရေးအဖွဲ့တို့ပူးပေါင်းပြီး ပြုလုပ်ခဲ့ကြတဲ့အစည်းအလာလေးလည်း ရှိခဲ့ဖူးပါသေးတယ်။ အဲ့ဒီတုန်းကဆိုရင် အခု ပြန်ကြားရေးဒုဝန်ကြီးဖြစ်သူ အဲ့တုန်းက သတင်းမီဒီယာကောင်စီက ဒုတိယဥက္ကဋ္ဌ (၁) ဦးအောင်လှထွန်းက ဘာပြောခဲ့ဖူးသလဲဆိုတော့ "မီဒီယာသမားများရဲ့တာဝန်နဲ့ ကျင့်ဝတ်အရ သတင်းတွင် မှန်ကန်ခြင်း၊ တိကျခြင်း၊ မျှတခြင်း၊ ဘက်လိုက်မှုကင်းရှင်းနဲ့ အချိန်နဲ့တစ်ပြေးညီ ပြည်သူကိုတင်ပြရန် လိုအပ်ခြင်းများရှိကြကြောင်း၊ မိမိတို့မီဒီယာသမားများအနေနှင့် တာဝန်ကိုထမ်းဆောင်ရာတွင် ကျန်မဏ္ဍိုင်ကြီး ၃ ရပ်နှင့် ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် မအောင်မြင်နိုင်ပါကြောင်း၊ သတင်းတန်ဖိုးရှိသည့်ဖြစ်ရပ်တစ်ခုဖြစ်ပေါ်လာပါက သက်ဆိုင်ရာတာဝန်ရှိသူများနှင့် အချိန်မီဆက်သွယ်ပြီး အချက်အလက်များ တောင်းခံရပါကြောင်း၊ ထို့အပြင် ၎င်းတို့၏သဘောထားကို မေးမြန်းရပါကြောင်း၊ ထိုသို့မေးမြန်းရာတွင် သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ဖြေကြားခြင်းမပြုပါက မီဒီယာသမားများအနေနှင့် ကျင့်ဝတ်ဖောက်ဖျက်ရန် ဦးတည်သွားနိုင်ပါကြောင်း" ပြောကြားခဲ့ဖူးတာကိုလည်း ကြားသိခဲ့ကြဖူးမှာပါ။

ဒီနေရာမှာပြောချင်တာကလည်း ဒီအကြောင်းအရာပဲဖြစ်ပါတယ်။ ပြောချင်တာကတော့ ဒီဆွေးနွေးပွဲအကြောင်းမဟုတ်ပါဘူး။ ဆွေးနွေးပွဲမှာ ဆွေးနွေးပြောဆိုခဲ့တဲ့ သတင်းမီဒီယာသမားတို့နှင့် သတင်းအရင်းအမြစ်တည်ရှိရာ သက်ဆိုင်ရာဌာနတို့ရဲ့ ဆက်နွှယ်မှုသဘောတရားကိုသာ ပြောလိုရင်းပါ။ အမှန်တော့ သတင်းမီဒီယာသမားတို့အတွက် သတင်းရယူရေးဆောင်ရွက်ကြတဲ့နေရာမှာ ပြန်ကြားရေးဝန်ကြီးပြောသလို ဖြစ်ချင်တဲ့ဆန္ဒ၊ မဖြစ်စေချင်သည့်ဆန္ဒများ ဆိုသည်ထက် သူ့ဘက်ကိုယ့်ဘက် လိုက်နာလုပ်ဆောင်ရမယ့် အချက်အလက်တွေကို သတင်းမီဒီယာဥပဒေထဲမှာ တိတိကျကျ ရေးဆွဲပြဋ္ဌာန်းထားပေးပြီးသားတာဖြစ်သလို ကောင်စီက ဒုတိယဥက္ကဋ္ဌပြောတာ အလွန်သဘာဝကျလှပါတယ်။ သူပြောတာကို လေ့လာကြည့်တဲ့အခါ သတင်းမီဒီယာသမားတွေအနေနဲ့ ဖြစ်စဉ်ဖြစ်ရပ်တစ်ခုအပေါ် သတင်းရယူကြတဲ့နေရာမှာ ဥပဒေနဲ့ သတ်သတ်မှတ်မှတ်ပြဋ္ဌာန်းထားပေးတဲ့ကျင့်ဝတ်ကို လိုက်နာကြရသလို ဖြစ်ချင်တာကိုလည်း လုပ်လို့မရပါဘူး။ ပြည်သူကို ပြန်လည်ပေးပို့ပေးမယ့်သတင်းတစ်ခုဟာ မှန်ကန်ခြင်း၊ တိကျခြင်း၊ မျှတခြင်းနဲ့ ဘက်လိုက်ခြင်းကင်းပြီး သူတို့အချိန်မီ



**အမှန်တကယ်သာ သတင်းမီဒီယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လိုပြီး သတင်းသမားတွေကိုလည်း ကျင့်ဝတ်တွေနဲ့ညီစေချင်တယ်ဆိုရင် သတင်းအရင်းအမြစ် စတင်ပေါက်ဖွားအခြေတည်ရာဌာနတွေကသာ သတင်းအမှန်တွေကို အချိန်မဆိုင်းဘဲ ဖြစ်ရင်ဖြစ်တဲ့အတိုင်း၊ တွေ့ရင်တွေ့တဲ့အတိုင်း မှန်မှန်ကန်ကန် သတင်းမီဒီယာသမားတွေအလိုကျ တုံ့ပြန်ပြောဆို ဖြေကြားပေးဖို့သာ လိုပါတယ်။**

သိရှိနိုင်ရေးကိုပဲ ဦးတည်နေကြရတာပါပဲ။

ဒီလိုဦးတည်ချက် မှန်မှန်ကန်ကန်နဲ့ ဆောင်ရွက်ကြတဲ့နေရာမှာ အထက်မှာပြောသလို သတင်းအရင်းအမြစ် စတင်ပေါက်ဖွားတည်ရှိရာ အစိုးရဌာနတွေက (လွှတ်တော်၊ အစိုးရဌာနနဲ့တရားရေးဌာန)အချိန်နဲ့တစ်ပြေးညီ သတင်းမပေးဘူး။ မြန်မြန်ဆန်ဆန် မထုတ်ပြန်ပေးဘူး။ မီဒီယာဆိုတာ (Media = တစ်ဆင့်ခံဆက်သွယ်ပေးခြင်း)လို့ဆိုထားတဲ့အတွက် ပြည်သူကို ပြန်လည်တစ်ဆင့်ခံပြီးပြောပြပေးဖို့ ဥပဒေနဲ့အညီတောင်းဆိုတာကိုလည်း မပေးဘူးဆိုရင်တော့ ကောင်စီက ဒုတိယဥက္ကဋ္ဌပြောခဲ့တာက အလွန်သဘာဝကျလှပါတယ်။ သတင်းဟာ အမှန်ဘက်ကိုဦးမတည်ဘဲ သတင်းမှန်ကိုရရှိရေးအတွက် ကြိုးစားရုန်းကန်ကြရင်း သူတို့အနေနဲ့ ကျင့်ဝတ်ဖောက်ဖျက်ရေးဘက်ကိုသာ ဦးတည်သွားစေတော့မှာဖြစ်ပြီး အခုလိုအဖြစ်မျိုးတွေနဲ့တိုးနေတော့မှာ အမှန်ပဲဖြစ်ပါတယ်။

ဒီအချက်ဟာ အင်မတိအင်မတန် သဘာဝကျလှတဲ့အချက်ဖြစ်သလို မဏ္ဍိုင်ကြီး ၃ ရပ်က အစိုးရဌာနတွေအနေနဲ့ အထူးသတိထားကြရမယ့်သတင်းစကားလည်း ဖြစ်ပါတယ်။

ဒါနဲ့ဆက်စပ်လို့ အခုရက်ပိုင်းဖြစ်နေတဲ့ သတင်းဖြစ်စဉ်ဖြစ်ရပ်တစ်ခုအပေါ် ဥပမာပေးပြီး ဆွေးနွေးကြည့်ရင် ပိုပြီးရှင်းရှင်းလင်းလင်းမြင်နိုင်မယ့်ကိစ္စတစ်ခု ရှိပါတယ်။ ဒါကတော့ ယခင် ဩဂုတ်လ ၂၉ ရက်နေ့က ဖြစ်ခဲ့တဲ့ ဆွာရေလှောင်တမံ ပေါက်ကျခဲ့တဲ့ဖြစ်စဉ်မှာ အစိုးရဘက်ကသာ စိုးရိမ်နေရပြီဆိုတဲ့ သတင်းအမှန်ကို မီဒီယာတွေကိုထုတ်ပြန်ပေးခဲ့ရင် သူတို့ကတစ်ဆင့် ပြည်သူတွေဆီသာ အရောက်ပို့ပေးခဲ့နိုင်မယ်ဆိုရင် အခုလိုအပျက်အစီးများပြီး လူအများဘေးဒုက္ခဖြစ်မယ့်အဖြစ်မျိုး ဖြစ်လာနိုင်မယ်မထင်ပါဘူး။ ဆိုလိုရင်းကတော့ ဒီသတင်းအပေါ် မီဒီယာတွေရဲ့ဖော်ပြချက်ကြောင့် အစိုးရအနေနဲ့လည်း မှန်ကန်တိကျတဲ့သတင်းအပေါ် အထူးအာရုံစိုက်ပြီး ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေ လုပ်ကြမယ်။ သက်ဆိုင်ရာ Focal Ministry ကို တိုက်တွန်းမယ်။ ပြည်သူတွေကို ကြေညာချက်ထုတ်ပြန်မယ်ဆိုရင် မဖြစ်ပွားမီက ကြိုတင်ကာကွယ်တားဆီးရာလည်းရောက်စေခဲ့မှာ အမှန်ပါပဲ။

ဒါပေမဲ့ အခုဖြစ်နေတဲ့အခြေအနေတွေက တစ်မျိုးပါ။ အပ်နဲ့ထွင်းရမယ့်အခြေအနေကို ပုဆိန်နဲ့ပေါက်ရတော့မယ့်ကိန်းမျိုးပါပဲ။ ဘက်မလိုက်ဘဲ မျှတစွာပြောရရင် သတင်းမီဒီယာသမားတို့က သူတို့အနေနဲ့ မြေပြင်ကရရှိတဲ့သတင်းအချက်အလက်တွေကို အတည်ပြုပေးဖို့ အစိုးရဌာနတွေဆီက ပြောရေးဆိုခွင့်ရှိသူတွေထံ ဆက်သွယ်ကြတယ်။ ဒါပေမဲ့ အများသိကြတဲ့အတိုင်းပါပဲ။ ဒါပေမဲ့ ဒီလိုအရေးကြီးပြီး ပြည်သူတစ်ရပ်လုံး အချိန်နဲ့တစ်ပြေးညီ သိထားသင့်တဲ့ကိစ္စမျိုးတွေကို မီဒီယာကလည်း မဖော်ပြပေးဘူး၊ သူတို့ကလည်း မထုတ်ပြန်ဘူး။ ကောင်းပါတယ်ခင်ဗျ၊ ပြဿနာ မရှိပါဘူးခင်ဗျဆိုတဲ့ အကောင်းသံတွေကို ငံ့လင့်ယုံကြည်နေကြရင်း ရေငုံ နှုတ်ပိတ်နေမယ်ဆိုရင် အထက်ပိုင်းက နိုင်ငံ့ခေါင်းဆောင်တွေလည်း မသိရှိဘူး၊ ပြည်သူတွေသာ နစ်နာကြရမှာဖြစ်တဲ့အတွက် အချို့သောကိစ္စတွေအနေနဲ့သတင်းကျင့်ဝတ်ဆိုတာထက်ကိုကျော်လွန်ပြီး ပြည်သူတွေအတွက်ဆိုတဲ့ဘက်ကို အရဲစွန့်ပြီး ရေးသားဖော်ပြလိုက်ရတာတွေလည်း ရှိခဲ့ကြတာပါ။

ဒီအတွက်ပဲ အစောက မီဒီယာကောင်စီကဒုတိယဥက္ကဋ္ဌကြီးပြောခဲ့သလို ကျင့်ဝတ်ဖောက်ဖျက်ရေးဘက်ကို ဦးတည်သွားတယ်ဆိုတာက ဒါကိုဆိုလိုနေခြင်းပဲဖြစ်ပါတယ်။ ဒီအချက်ကို အစိုးရဌာနတွေက အထူးသတိထားကြစေလိုပါတယ်။ သတိချပ်ကြရမှာလည်း ဖြစ်ပါတယ်။ သတင်းတစ်ခုဟာ ပြည်သူလူထုနဲ့ နိုင်ငံ့ခေါင်းဆောင်တွေ အချိန်နဲ့တစ်ပြေးညီ သိရှိကြရမယ့်သတင်းလား၊ ထိမ်ချန်ပြီး အတည်ပြုဖို့ အချိန်စောင့်ဆိုင်းပေးနေစေရမယ့်သတင်းလား၊ ယခင်ခေတ်ကာလတုန်းကလို ပြည်သူကိုအသိမပေးဘဲ တိုးတိုးတိတ်တိတ်သာကျိတ်ပြီး ကိုယ့်ဌာနအတွင်းမှာသာ သတင်းအမှောင်ချပြီး ဖြေရှင်းနေကြရမယ့် သတင်းလားဆိုတာကိုလည်း ကွဲကွဲပြားပြား ခွဲခြားတတ်ကြဖို့ လိုလာနေပါပြီ။ ပြည်သူတွေအတွက် အသက်အန္တရာယ်ရှိတာမို့ အချိန်နဲ့တစ်ပြေးညီ သိထိုက်တဲ့သတင်းတစ်ခု၊ တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ သတင်းတစ်ခုဆိုရင် သေးသေးကြီးကြီး ဖြစ်ရင်ဖြစ်တဲ့အတိုင်း၊ တွေ့ရင်တွေ့တဲ့အတိုင်း သက်ဆိုင်ရာအစိုးရဌာနနဲ့ သတင်းမီဒီယာတို့ကပူးပေါင်းပြီး ပြည်သူတွေနဲ့ နိုင်ငံ့ခေါင်းဆောင်တွေ သိဖို့ အချိန်နဲ့တစ်ပြေးညီ ဖော်ပြပေးကြဖို့လိုလာပါတယ်။

ဒီအချက်တွေကိုလည်း သတင်းမီဒီယာဥပဒေထဲမှာ ပါပြီးသားလည်း ဖြစ်ပါတယ်။ သတင်းမီဒီယာသမားတို့က တောင်းခံတဲ့အချက်အလက်တွေကို အစိုးရဌာနတွေက ဖြေကြားပေးဖို့၊ လုံခြုံရေးနဲ့ဆိုင်တဲ့အချက်အလက်တွေကလွဲလို့ စာရွက်စာတမ်းအထောက်အထားတွေကိုလည်း ထုတ်ပြန်ပေးဖို့ဆိုတာတွေ အပြည့်အစုံပါပြီးသားပါ။ အစပိုင်း အထက်မှာပြောသလို သတင်းမီဒီယာသမားတွေအနေနဲ့ သူတို့ဖြစ်ချင်သလိုဆိုတာမျိုး ဆိုတာကလည်း သဘာဝမကျလှပါဘူး။ သူတို့ဖြစ်ချင်သလိုမျိုး ဆိုတာကလည်း ဥပဒေထဲမှာပါတဲ့အတိုင်းသာ အစိုးရဌာနတွေက လိုက်နာပေးကြဖို့ကိုပဲ ဆိုလိုရင်းသာ ဖြစ်ပါတယ်။ ထူးထူးခြားခြားကွန့်မြူးပြီး အပိုတောင်းဆိုနေကြတာမျိုးလည်း မဟုတ်ဘူးလို့ထင်ပါတယ်။

ဒါတွေနဲ့ပတ်သက်လို့ ယခုပြည်သူ့အစိုးရလို့ပဲဆိုဆို အရပ်သားစစ်စစ်အစိုးရလို့ပဲခေါ်ခေါ် သူတို့တက်လာခါစအချိန်တုန်းက အစိုးရဌာနတိုင်းလိုလိုမှာ သတင်းမှန်ပြန်ကြားရေးအဖွဲ့ဆိုတာတွေကိုဖွဲ့ပြီး တရားဝင်ကြေညာထားပေးတာရှိပါတယ်။ အများပြောနေကြတဲ့သတင်းတွေအရဆိုရင် ဌာနတစ်ခုမှာ ကိစ္စတစ်ခုသိချင်လို့ ဆက်သွယ်မေးမြန်းကြတဲ့အခါမှာ ဒီအဖွဲ့တွေဆိုတာကလည်း သူတို့ဆီကအဖြေမှန်ကို ချက်ချင်းတုံ့ပြန်ပေးဖို့ အခက်အခဲတွေရှိနေကြတုန်းပဲ။ အချို့ဖုန်းတွေဆို ဆက်သွယ်လို့တောင်မရဘူး။ အမြဲတမ်းမအားဘူးပဲပြောနေတယ်ဆိုတဲ့ အသံတွေလည်း ထွက်ပေါ်နေခဲ့တာပါ။

ဒီအတွက် နိဂုံးချုပ်အနေနဲ့ အထက်မှာပြောခဲ့သမျှကို ကောက်ချက်ဆွဲထုတ်ရရင် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆိုရင် သတင်းမီဒီယာသမားတွေဘက်ကချည်းပဲ ကျင့်ဝတ်တွေကိုလိုက်နာနေလို့၊ အစိုးရဌာနတွေကထုတ်ပြန်တဲ့ သတင်းအမှန်တွေကိုချည်းပဲ ထိုင်စောင့်နေလို့၊ သူတို့အလိုကျ သတင်းတွေကိုပဲ လိုက်လံထုတ်ပြန်ပေးနေလို့တော့ မှန်ကန်တဲ့အရွေ့တစ်ခုအပေါ် ရောက်လာနိုင်မယ်မထင်ပါဘူး။ ဒီအတွက် အမှန်တကယ်သာ သတင်းမီဒီယာကဏ္ဍကို ဖွံ့ဖြိုးတိုးတက်လိုပြီး သတင်းသမားတွေကိုလည်း ကျင့်ဝတ်တွေနဲ့ညီစေချင်တယ်ဆိုရင် သတင်းအရင်းအမြစ် စတင်ပေါက်ဖွားအခြေတည်ရာဌာနတွေကသာ သတင်းအမှန်တွေကိုအချိန်မဆိုင်းဘဲ ဖြစ်ရင်ဖြစ်တဲ့အတိုင်း၊ တွေ့ရင်တွေ့တဲ့အတိုင်း မှန်မှန်ကန်ကန် သတင်းမီဒီယာသမားတွေအလိုကျ တုံ့ပြန်ပြောဆို ဖြေကြားပေးဖို့သာ လိုပါတယ်။ သတင်းဆိုတာမျိုးက သစ်သီးတစ်လုံးနဲ့တူပါတယ်။ လတ်လတ်ဆတ်ဆတ်စားမှ ချိုမြိန်တဲ့အရသာကို ခံစားရတာမျိုးဖြစ်တာမို့ ပြည်သူတွေအနေနဲ့လည်း သတင်းအမှန်ကို အားချင်းချက်ချင်းသိကြရမှ ပွင့်လင်းထင်သာမြင်သာရှိတဲ့ ခေတ်စနစ်တစ်ခုရဲ့ အသီးအပွင့်ကို ခံစားကြရမှာဖြစ်သလို သူတို့ရဲ့သတင်းဆာလောင်မှုဘဝက လွတ်မြောက်လာသလို ခံစားမိကြမှာလည်း အမှန်ပင်ဖြစ်ပါတယ်။ ICT နည်းပညာတွေ တိုးတက်ခေတ်မီသထက်ခေတ်မီလာခြင်းနဲ့အတူ ကပ်ညိပါလာတာကလည်း သတင်းတွေပဲဖြစ်ပါတယ်။ သတင်းဆိုတဲ့နေရာမှာလည်း သတင်းအဆင့်အတန်းများစွာရှိတဲ့အထဲကမှ ခိုင်လုံတိကျတဲ့အစိုးရဌာနတွေက ပြောရေးဆိုခွင့်ရှိတဲ့သူတွေပြောတဲ့ သတင်းအမှန်တွေကိုသာ ငတ်မွတ်ဆာလောင်နေတာဖြစ်တဲ့အတွက် ဒီဆာလောင်ငတ်မွတ်မှုတွေကို အမြန်ဖြည့်ဆည်းပေးကြမှသာ သတင်းအမှန်တွေကို အချိန်မီသိလို့ သတင်းသမားတွေကလည်း ကျင့်ဝတ်တွေစောင့်ထိန်းကြပြီး အားလုံးပြုံးပျော်နိုင်တဲ့ ကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ်ကို ပိုင်ဆိုင်လာကြမှာ အမှန်ပင်ဖြစ်ပါကြောင်း စိတ်ကောင်းစေတနာနဲ့ ရေးသားတင်ပြလိုက်ရပါတယ်။ ■ **အောင်ဇေယျ**

သုခမိန်စကား

"The key thing is to find ways to make the positive powerful enough it absorb the negative energy that comes from politics as usual, which is what we're dealing with. The country doesn't become a better place if all you do is given the public yet another picture of two cats fighting in the alley"

Bill Bradley

"အဓိက သော့ချက်ကတော့ ကျုပ်တို့တစ်တွေ တွေးမြဲ၊ လုပ်မြဲ နိုင်ငံရေးလုပ်ဟန်တွေဆီက ပေါ်ထွက်လာနေကျ အဖျက်ဓာတ်တွေကို ချေဖျက်နိုင်တဲ့ အားကောင်းမောင်းသန် တည်ဆောက်ရေးဓာတ်တွေ ပေါ်လာအောင် နည်းလမ်းတွေရှာကြဖို့ပါပဲ။ တိုင်းသူပြည်သားအတွက် ခင်ဗျားတို့နိုင်ငံရေးသမားတွေ လုပ်သမျှဟာ နောက်ဖေးလမ်းကြားထဲက ကြောင်နှစ်ကောင်ကိုက်နေကြပုံမျိုးပဲ ဖြစ်နေသေးရင် ကျုပ်တို့တိုင်းပြည်ကြီး သိပ်မနိုပ်လှသေးဘူး"

ဘီလ်ဘရက်ဒလေ

ဖတ်ခဲ့ဖူး၊ မှတ်ခဲ့ဖူး၊ နှစ်သက်ခဲ့ဖူးတဲ့စကားတစ်ခွန်းပါဗျ။ သူ့ခေတ်သူ့အခါ အမေရိကန်နိုင်ငံရေးလောကရဲ့ တွေးပုံလုပ်ပုံတွေကို မနှစ်မြို့တဲ့ ဒီမိုကရက်တစ်အမတ် (သမ္မတအရွေးခံမယ့်ပုဂ္ဂိုလ်)က တိုင်းမဂ္ဂဇင်းကို ပြောခဲ့တာပါ။ ဒီအချိန်မှာဖြင့်ရင် ဒီစကားက ကျွန်တော်တို့ရွှေပြည်ကြီးကို ဒါရိုက်ဟစ် တည့်တည့်ကြီး လာမှန်နေသလားလို့ဗျာ။

## သတ်ပွဲတွေပေါ်တဲ့ တိုင်းပြည်

သိကြတဲ့အတိုင်းပဲ။ လွတ်လပ်ရေးရပါပြီဆိုကတည်းက အချင်းချင်းတွေ တချိမ်းချိမ်းနဲ့ သတ်လိုက်ကြတာများဟာ နှစ်ပေါင်း ၇၀ တိုင်ခဲ့ပေမယ့် အခုအထိ ဘယ်လိုနည်းနဲ့မှ ဘရိတ်အုပ်လို့ကို မရနိုင်သေးဘူး။ သတ်ကောင်းကြတုန်း၊ သေကောင်းကြတုန်း။ နှစ်ကာလရှည် ဒီပြည်တွင်းစစ်ပွဲကြီးက ပေးခဲ့တဲ့အမွေထဲမှာ အချင်းချင်းသတ်ကြသေကြတဲ့ သတ္တန္တရကပ်ဘေးဆိုးကြီးတင်ကပါရိုးလား။ ရန်သူ-မိတ်ဆွေစည်းကို လှေနံဓားထစ် အသေတားပြီး မစေ့စပ်စတမ်း ရန်လိုကြ၊ အပုပ်ချကြ၊ ခွက်စောင်းခုတ်ကြ၊ နောက်ကျောဓားနဲ့ထိုးကြ၊ ခြံခုန်ကြ၊ ခြံစည်းရိုးခွထိုင်ကြ၊ အမနာပကလော်ကြ-ဆော်ကြ၊ အတင်းတုပ်ကြတဲ့ 'ရန်-ငါတမ်းတမ်းစွဲခြင်း' နာတာရှည်ရောဂါဆိုးကြီးကလည်း ပြည်တစိုစို အရိတရွဲရွဲနဲ့ တစ်ပါတည်း ပူးတွဲပါလာသေးတာကိုးဗျ။ 'ငါနဲ့မတူ ငါ့ရန်သူပဲ။ မသိဘူး။ ချမယ်' ဆိုတဲ့ လောဂျစ်ကြီးက ကျွန်တော်တို့ရွှေပြည်ကြီးမှာ ရှေ့မျိုးဆက်က နောက်မျိုးဆက်ကို အော်တိုမက်တစ်ဗီဇသွေးထဲ မျိုးစေ့ထည့်ပေးလိုက်တဲ့ စိတ္တဗေဒ အထုံကူးခြင်းလားလို့တောင် အတွေးဝင်မိပါရဲ့။

ဘယ့်နှယ်ဗျာ၊ ဘုရားဒကာကြီး ဦးနုတို့၊ ဦးဗဆွေတို့၊ ဦးကျော်ငြိမ်းတို့ရဲ့ လွတ်လပ်ရေးခေတ်ဦးကနေ ဒီကနေ့ ပြည်သူ့ခေတ်၊ ဒီမိုကရေစီခေတ်၊ အမေစုခေတ်ရောက်တဲ့အထိ ပြည်ထောင်စုသားအချင်းချင်း အမျက်အဒီ တစ်စေ့မရှိစတမ်း အချစ်မဝင်နိုင်ကြသေးဘဲ အမုန်းကမ္ဘာမကြေဝါဒနဲ့ 'ရန်-ငါတမ်းတမ်းစွဲခြင်း' ဓလေ့ဆိုး၊ အကျင့်စရိုက်ဆိုးက မီးဟုန်းဟုန်း တောက်နေဆဲပေကိုး။

သေသေချာချာပြောရဲတယ်ဗျာ။ ဟောဒီ 'ရန်-ငါတမ်းတမ်းစွဲခြင်း' ဉာဉ်ဆိုး ဗီဇဆိုးက ကျွန်တော်တို့ရွှေပြည်ကြီးကို အသူတစ်ရာမကနက်လှတဲ့ မဟာနိုင်ငံရေးထောင်ချောက်ကြီးထဲကို ဒုတ်ဒုတ်ထိတွန်းချပစ်မယ့် ပဓာနလက်သည်တရားခံကြီး အဟုတ်တကယ် ဖြစ်လာလိမ့်မယ်။

## မီဒီယာကို လက်ညှိုးထိုးကြခြင်း

'ငါးတကောယိုတဲ့ချေး၊ ပုစွန်ဆိတ်ခေါင်းပုံ' ဆိုတာ အလကားထားခဲ့တဲ့ ရှေးစကားမဟုတ်ဘူးဗျ။ ရွှေပြည်ကြီးရဲ့ခေတ်အဆက်ဆက် 'ပြည်ကြီးမျက်စိ၊ ပြည်ကြီးနား' ဖြစ်တဲ့ သတင်းမီဒီယာ (ရှေးအခေါ်တော့ သတင်းစာလောကပေါ့လေ) အပေါ် ကျန်မဏ္ဍိုင်ကြီးတွေက လက်ညှိုးငေါက်ငေါက်ထိုးပြီး ဒေါသဖြေတဲ့အကျင့်ကြီးဟာဖြင့် အရိုးစွဲနေခဲ့တာဖြင့် ကြာပေါ့ဗျာ။ နို့ပေတဲ့လို့ ဒီကနေ့ခေတ်အခါလောက် သတင်းမီဒီယာအပေါ် သဲကြီးမဲကြီး အငြိုးတကြီးနဲ့ အပြစ်မျိုးစုံပုံချပြီး ရန်လိုမုန်းထားခံရတာမျိုးတော့ မကြုံဖူး မကြားဖူးသေးဘူး။ ဆရာကြီးဦးဝင်းတင်ရဲ့ ဟံသာဝတီသတင်းစာတစ်ခေတ် **လက်သံပြောင်ခဲ့ကြတာ၊ ဆ**ရာကြီး ဦးသိန်းဖေမြင့်တို့၊ ဆရာကြီးအိုးဝေ၊ ဦးညိုမြ(မောင်သုမန)တို့၊ ဆရာကြီးသာဂဒိုးတို့၊ ဆရာမောင်သစ် (ဦးကိုယု)တို့ လက်စွာခဲ့ကြတာ၊ ဆရာကြီး အထောက်တော်လှအောင်က 'ချစ်သူမို့ မသာစေရ၊ မုန်းသူမို့ မနာစေရ' တို့၊ 'မကောင်းမှုဟူသမျှ ဆိတ်ကွယ်ရာမရှိစေရ' တို့ စတဲ့ လက်ကိုင်ဆောင်ပုဒ်ကြီးတွေနဲ့ စာစောင်းထက်ခဲ့ကြတုန်းကတောင်မှ ပြည့်မဏ္ဍိုင်ကြီးတွေက ဒီလောက်မတင်းခဲ့ကြဘဲ အဲသလောက် ရဲရဲတောက်သတင်းသမားကြီးတွေ ရေးခဲ့ဆော်ခဲ့သလိုမျိုး တောက်တောက်ခါးခါး ရေးကြတာမျိုးမရှိတဲ့ ဒီခေတ်



**လူသတ်တာကို လက်ခုပ်သြဘာပေးပြီး ချီးမွမ်းထောမနာနေကြတဲ့ ရွှေပြည်သားတွေ ထုနဲ့ထည်နဲ့ အင်အားကောင်းလာခဲ့ရင် ရခိုင်အကျပ်အတည်းမှာ ကမ္ဘာကစွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်ခြင်း (Genocide) ဆိုတာ တကယ်ချည်း ကျူးလွန်ခဲ့တာလားဆိုတဲ့ သံသယမီးကြီး ပိုကြီးပိုပြန့်လာလိမ့်မယ်ဗျ။ သတိထားကြ။ တည်ဆဲအစိုးရနဲ့ တပ်မတော်အဖို့လည်း ရှင်းရ သိပ်ခက်သွားလိမ့်မယ်။**

ဒီအခါကျကာမှ သတင်းမီဒီယာအပေါ် ပိုးစိုးပက်စက် မျက်မာန်ရှနေကြတာကို နားလည်ရ ခက်ချင်ချင်ပဲခင်ဗျာ။

## သစ္စာဖောက်လောက်ကောင်များ

ရခိုင်ပြည်နယ်မြောက်ပိုင်းမှာ ARSA က စတင်ရန်ပြု တိုက်ခိုက်ခဲ့တဲ့ အကျပ်အတည်းကြီး လိပ်ခဲတည်းလည်းဖြစ်နေတဲ့အချိန် အင်းဒင်လူသတ်ပွဲသတင်းကို သတင်းလိုက် သတင်းယူ ရေးသားဖော်ပြခဲ့ကြတဲ့ ရိုက်တာသတင်းဌာနက သတင်းထောက်များဖြစ်တဲ့ ကိုဝလုံးတို့ ကိုကျော်စိုးဦးတို့နှစ်ဦးကို ၁၉၂၃ ခုနှစ်၊ မြန်မာနိုင်ငံလျှို့ဝှက်ချက်များအက်ဥပဒေ ပုဒ်မ ၃(၁)(ဂ)နဲ့ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံးမှာ စစ်ဆေးကြားနာနေတဲ့ ၉ လကျော်ကာလအတွင်းမှာရော၊ အပြီးသတ်အမိန့်အဖြစ် ထောင်ဒဏ် ၇ နှစ်ချမှတ်လိုက်ပြီးတဲ့နောက်ရော ဒီသတင်းထောက်နှစ်ယောက်ကို 'သစ္စာဖောက်လောက်ကောင်' ဆိုတဲ့ နားဝင်မဆံ့စရာ ဘွဲ့ဆိုးကြီးတပ်ပြီး အပုပ်ချကြတာများ ကက်ကက်ကိုလန်ပါလေရော။ အဲဒီလောက်နဲ့တင် မရပ်နိုင်သေးဘူးဗျ။ သတင်းမီဒီယာသမားအားလုံးကိုပါ ဝါးလုံးရှည်နဲ့ သိမ်းရမ်းပြီး 'မီဒီညာ' လို့ သွားပုပ်လေလွင့် အမုန်းစကားဆိုနေကြပါရောလား။

အံ့စရာဖြင့်အကောင်းသားဗျို့။ ဘယ်တုံးကမှ အကျောမတည့် အလွန်းမသင့်ဘဲ တစောင်းစေးနဲ့ မျက်ချေးဖြစ်နေကြတဲ့ မျိုးချစ်တွေရော၊ တပ်မတော်ချစ်သူများရော၊ ကြံ့ခိုင်ရေးရော၊ NLD ရော၊ အနီရော အစိမ်းရော ယိမ်းတိုက်ထားသလို ညီလိုက်ကြပုံများဟာ လေသံတွေက တစ်ထပ်တည်းဗျ။ အချုပ်အခြာအာဏာကို ထိပါးဆိုလား၊ အမျိုးသားအကျိုးစီးပွားကို ဖျက်ဆီးဆိုလား။ စုံနေတာပါပဲ။ သတင်းထောက်နှစ်ဦးရေးတဲ့သတင်းကြောင့် နိုင်ငံတကာဖိအားတွေ အစိုးရနဲ့ တပ်မတော်အပေါ် ပိလာတယ်ဆိုတဲ့ ရောမစွဲချက်ကြီးကပါသေး။ 'ပြစ်ဒဏ်က နည်းလိုက်တာ' တို့၊ 'သေဒဏ်ပေးပါ' တို့၊ 'တစ်သက်တစ်ကျွန်း ထောင်ဒဏ်ချပါ' တို့ ဆိုတာတွေကလည်း သောသောညံ ထောင်းလမောင်းထလို့ဗျ။

## အစွန်းရောက် အမျိုးသားရေးဝါဒအလှုပ်

ရိုက်တာသတင်းထောက်နှစ်ဦးရဲ့အမှုမှာ ထင်ထင်ရှားရှားနဲ့ ထိတ်လန့်တကြား ပေါ်တင်ကြီး တွေ့လိုက်ရတာက ကျွန်တော်တို့ရွှေပြည်ကြီးမှာ အစွန်းရောက်အမျိုးသားရေးဝါဒ (ဝါ) အလွန်အကျွံမျိုးချစ်ဝါဒဟာဖြင့် အခြေခိုင် အမြစ်စွဲနေပြီး နိုင်ငံရဲ့အနာဂတ်ကို စတင်ခြိမ်းခြောက် မီးမွှေးတဲ့အဆင့်ကို ရောက်လာနေပြီဆိုတာပဲဗျ။

ဒီလိုစဉ်းစားကြည့်ကြရအောင်။ မြန်မာပဲဖြစ်ဖြစ် ဘင်္ဂါလီပဲဖြစ်ဖြစ် လူတွေပါပဲ။ လူသားမျိုးနွယ်တွေပါပဲ။ လူသားမျိုးနွယ်ရဲ့အသက်ကို ဥပဒေမဲ့သတ်ဖြတ်ခြင်းဟာ ရာဇဝတ်မှု(Crime)ပဲ။ မြန်မာ့တရားစီရင်ရေးနယ်ပယ်မှာ အရေးကြီးတဲ့ပြစ်မှုကြီးဆယ်မျိုးထဲက နံပါတ်တစ် လူသတ်မှု (Murder Case) ကြီးပဲဗျ။ မြန်မာနိုင်ငံသားတစ်ဦး (သို့မဟုတ်) တစ်စုတစ်ဖွဲ့ဟာ မြန်မာနိုင်ငံရဲ့ပြည်တွင်းဖြစ်စေ၊ ပြည်ပဖြစ်စေ ဘယ်နေရာ ဘယ်ဒေသမှာ ဘာအကြောင်းနဲ့ဖြစ်ဖြစ် လူ့အသက်ကို ဥပဒေမဲ့သတ်ခွင့်မရှိဘူး။ သတ်လို့မရဘူး။ ရာဇသတ်ကြီးဥပဒေနဲ့ ပြဋ္ဌာန်းကာကွယ်ပေးထားတယ်။ ဥပဒေကိုချိုးဖောက်ပြီး သတ်ခဲ့ရင် လူသတ်မှုပဲ။ လူသတ်တယ် ဆိုရာမှာလည်း ဘင်္ဂါလီဖြစ်ဖြစ် ဘယ်လူမျိုးပဲဖြစ်ဖြစ် လူသားမျိုးနွယ်ဇာတ်ကိုသတ်ရင် လူသတ်မှုပဲ။ ၁၉၅၉ ခုနှစ်၊ တပ်မတော် အက်ဥပဒေ ပုဒ်မ -၇၁ မှာ တန်းပြည့်စစ်မှုထမ်းချိန်ဖြစ်တဲ့ စစ်ဆင်ရေးကာလအတွင်း လူသတ်မှုကိုကျူးလွန်ရင် သေဒဏ်အထိ ပြစ်ဒဏ်ချမှတ်နိုင်တဲ့ ပြစ်မှုအဖြစ် အတိအကျပြဋ္ဌာန်းထားတယ်။

ပြီးတော့၊ အင်းဒင်လူသတ်ပွဲမှာ ပါဝင်ကျူးလွန်ခဲ့ကြတဲ့ စစ်ဘက်ကရော၊ အရပ်ဘက်ကပါ ပုဂ္ဂိုလ်တွေကို စစ်ဘက်ဥပဒေ၊ နယ်ဘက်ဥပဒေများနဲ့ အသီးသီးပြစ်ဒဏ်ချမှတ်ခဲ့ပြီး အင်းဒင်အရေးကိစ္စကို လူသတ်မှုအဖြစ် သတ်မှတ်ခဲ့တဲ့အတွက် ဒီအင်းဒင်လူသတ်ပွဲကို အားပေးထောက်ခံသူတွေ၊ ကာကွယ်သူတွေ၊ သတင်းအမှောင်ချချင်သူတွေဟာ၊ လူသတ်မှုကို တစ်နည်းနည်းနဲ့အားပေးကူညီ (Abetment) လုပ်နေတဲ့သူတွေပဲဗျ။

လူသတ်တာကို လက်ခုပ်သြဘာပေးပြီး ချီးမွမ်းထောမနာနေကြတဲ့ ရွှေပြည်သားတွေ ထုနဲ့ထည်နဲ့ အင်အားကောင်းလာခဲ့ရင် ရခိုင်အကျပ်အတည်းမှာ ကမ္ဘာကစွပ်စွဲနေတဲ့ လူမျိုးတုံးသတ်ဖြတ်ခြင်း (Genocide) ဆိုတာ တကယ်ချည်းကျူးလွန်ခဲ့တာလားဆိုတဲ့ သံသယမီးကြီး ပိုကြီးပိုပြန့်လာလိမ့်မယ်ဗျ။ သတိထားကြ။ တည်ဆဲအစိုးရနဲ့ တပ်မတော်အဖို့လည်း ရှင်းရသိပ်ခက်သွားလိမ့်မယ်။

## သတင်းသမားအလုပ်

ဘယ်သတင်းသမားမဆို သူ့မိခင်သတင်းဌာနက ပေးတဲ့တာဝန် (Assignment) အတိုင်း သတင်းယူရ သတင်းလိုက်ရ သတင်းရေးရတာဟာ လုပ်ရိုးထုံးစံပဲ။ သတင်းလောကသားတိုင်း နားလည်ပြီး သိမှတ်လက်ခံကြရတယ်။ အင်းဒင်လူသတ်ပွဲသတင်းကိုရေးလို့ ဒီသတင်းသမားနှစ်ယောက်ဟာ တိုင်းပြည်ရဲ့သစ္စာဖောက်ဖြစ်စရာ ဘာအကြောင်းမှမရှိ။ သူတို့နေရာမှာ ဘယ်သတင်းထောက်ပဲဖြစ်ဖြစ် သူတို့လုပ်သလို လုပ်မှာပဲ၊ လုပ်ရမှာပဲ။ ဒါသတင်းသမား အလုပ်ပေကိုး။

နောက် ရခိုင်မြောက်ပိုင်းမှာ ARSA သောင်းကျန်းမှုနဲ့ အဲဒီဆူပူသောင်းကျန်းမှုကာလအတွင်း စစ်ရေးအရ နှိမ်နင်းမှု၊ ဆူပူသောင်းကျန်းမှုကာလအလွန် နယ်မြေရှင်းလင်းမှုနဲ့ဆိုင်တဲ့ အဖြစ်မှန်သတင်းတွေကို ပြည်တွင်းပြည်ပက သိအောင်ရှင်းလင်းတင်ပြဖို့က တပ်မတော်နဲ့ ပြည်ထောင်စုအစိုးရရဲ့အလုပ်ပဲ။ အထူးအားဖြင့် ပြည်ထဲရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနနဲ့ ပြန်ကြားရေးဝန်ကြီးဌာနတို့ရဲ့တာဝန်ပဲ။ ရိုက်တာသတင်းထောက်နှစ်ဦးနဲ့မဆိုင်သလို ဘယ်ပုဂ္ဂလိကသတင်းဌာနမှာမှ တာဝန်မရှိဘူး။ ကိုယ့်တာဝန် ကိုယ်မကျေခဲ့ကြတာကို ရဲရဲဝန်မခံဘဲ ထမင်းရေပူလာလျှာလွှဲ သတင်းသမားနှစ်ဦးအပေါ် ကျားနာခဲခဲပြီး အပြစ်ပုံချတာတော့ တရားသဖြင့်မဟုတ်ဘူးဗျ။

## ချစ်ကြစမ်းဗျာတို့

ဝါဒကိုအစွဲပြုပြီးကွဲ၊ လူမျိုးကိုအစွဲပြုပြီးကွဲ၊ ပါတီကိုအစွဲပြုပြီးကွဲ၊ ဘာသာကိုအစွဲပြုပြီးကွဲကွဲ နည်းမျိုးစုံနဲ့ကွဲခဲ့ပြဲခဲ့ကြ၊ သတ်ခဲ့သေခဲ့ကြတာဟာဖြင့် တော်သင့်ရပ်သင့်ပြီဗျာ။ ကိုယ့်အချင်းချင်းနဲ့တင် အားမရနိုင်ကြသေးလို့ ကမ္ဘာ့အပြင်ထွက်ပြီး ကမ္ဘာ့မိသားစုနဲ့ပါ အပြိုင်အဆိုင် ပဋိပက္ခမီးတွေမွှေးကြဦးမယ်ဆိုရင်ဖြင့် မြန်မာ့နိုင်ငံရေးဟာ မဟာထောင်ချောက်ကြီးထဲကို ကျတော့မယ်ဗျ။ ကျလိမ့်မယ်ဗျ။ လိမ္မာကြဖို့သင့်ပြီ။

'ငါနဲ့မတူငါ့ရန်သူ' အစား 'မတူကွဲပြားခြင်းရဲ့အလှကို နားလည်လက်ခံ၊ ပန်းတိုင်းပွင့်ပါစေ' တွေးပုံသစ်ကြရအောင်။

'ရန်-ငါတမ်းတမ်းစွဲခြင်း' နေရာမှာ 'အပြန်အလှန်နားလည်လက်ခံခြင်းနဲ့ လူသားစိတ်' ကို ဖလှယ်ကြရအောင်။

ဒါဆို ကျုပ်တို့ရွှေပြည်ကြီးရဲ့နိုင်ငံရေးဟာ နေကောင်းသွားမယ်ဗျ။

ကဲ... ချစ်လိုက်ကြစမ်းဗျာတို့၊ ချစ်ကြစမ်းပါဗျာ။ ॥

■ **ဇေယျမင်းသျှင် (၇-၉-၂၀၁၈)**

# ပါးစပ်သရမ်းသော သမ္မတလူကြမ်း

ကျော်ဗလ

မကြာသေးမီက ဖိလစ်ပိုင်သမ္မတ ဒူတာတေး တစ်ယောက် အစ္စရေးနိုင်ငံသို့ အလည်အပတ်ရောက်ခဲ့သည်။ အစ္စရေးခရီးစဉ်တွင် ဒူတာတေးက ယခင် အမေရိကန်ပြည်ထောင်စု သမ္မတဟောင်း ဘားရက် အိုဘားမားအား တောင်းပန်လိုက်သဖြင့် အံ့အားသင့်စရာ ဖြစ်သွားရသည်။ တစ်ချိန်က သူသည် အိုဘားမားကို "son of a bitch" ဟူ၍ တစ်တစ်ခွခွ ဆဲခဲ့ဖူးသည် မဟုတ်ပါလား။

၂၀၁၆ ခုနှစ်က သမ္မတ အိုဘားမားသည် သူ့ကို ဝေဖန်ပြစ်တင်လိုက်မိသည်။ မူးယစ်စစ်ပွဲကို ဖိလစ်ပိုင်နိုင်ငံအတွင်းကြမ်းတမ်းစွာ ဆင်နွှဲနေခြင်းနှင့် ပတ်သက်ပြီး အိုဘားမားက သူ့ကိုဝေဖန်ခဲ့ခြင်းဖြစ်သည်။ ထိုသို့ဝေဖန်သည်ကို တက်သစ်စ သမ္မတလောင်း ဒူတာတေးက ဆတ်ဆတ်ထိမခံ ပြန်ဆဲမိခြင်းနှင့် ပတ်သက်ပြီး သူနောင်တရမိ ကြောင်း ဂျေရုဆလင်တွင် ဖိလစ်ပိုင် အသိုင်းအဝိုင်းနှင့် တွေ့ဆုံစဉ် ဒူတာတေး ကပြောကြားခဲ့ခြင်းဖြစ်သည်။

ဒူတာတေးက တိုင်းပြည်တစ်ပြည်၏ အနေအထားနှင့် ပြဿနာကို မသိဘဲ ဝေဖန်ပြစ်တင်ခြင်းသည် ယဉ်ကျေးသော နိုင်ငံကြီးမှ သမ္မတတစ်ဦး၏ အပြုအမူကောင်းတစ်ခုမဟုတ်ယူ၍ ယူဆကာ ဆဲခဲ့မိခြင်းဖြစ်ကြောင်း၊ ယခုအခါ အိုဘားမားသည် အရပ်သားတစ်ဦးဖြစ်နေပြီဖြစ်သောကြောင့် မိမိအနေနှင့် ဆဲဆိုခဲ့မိ သမျှကို တောင်းပန်ကြောင်း သူကဆိုသည်။

အိုဘားမားကတော့ မည်သို့သဘောထားမည်မသိ။ ဒူတာတေးကတော့ သူ့သမ္မတသက်တမ်း တစ်လျှောက် မိုက်ရိုင်းစော်ကားသော ဘာသာစကား (foul language) များကို မကြာခဏ စိတ်လွတ်ကိုယ်လွတ်ဖြစ်ကာ ပါးစပ်သရမ်းတတ်သည်မှာများပြီ။ ဒူတာတေး တောင်းပန်ပုံကလည်းကြည့်ပါ

"ငါမင်းကို ခွင့်လွှတ်တယ်။ ငါလူပျိုဘဝတုန်းက ငါ့ရည်းစားတွေကို ခွင့်လွှတ်သလိုမျိုး ခွင့်လွှတ်တယ်။ မင်းကိုလည်း ခွင့်လွှတ်တယ်။ သူတို့အားလုံးကိုလည်း ခွင့်လွှတ်တယ်"ဟူ၏။

ဒူတာတေး တောင်းပန်မည်ဆိုလျှင် တောင်းပန်ရမည့် အခြားနှုတ်သရမ်းမှုတွေကလည်း များစွာရှိခဲ့ဖူးပါသည်။

သူက ပုပ်ရဟန်းမင်းကြီးကိုလည်း 'son of a whore' ဟူ၍ ဆဲဖူးသည်။ ဖိလစ်ပိုင်နိုင်ငံသည် ကက်သလစ် ဘာသာဝင်အများစုတို့၏ နိုင်ငံဖြစ်သည်။ ၂၀၁၆ ခုနှစ် ဧပြီလတွင် သမ္မတရွေးကောက်ပွဲ ခရီးစဉ်၌လည်း သူ့ဝသီအတိုင်း ပုပ်ရဟန်းမင်းကိုပင်မရှောင် တစ်တစ်ခွခွဆဲသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်းစစ်သည် ၂၀၁၅ ခုနှစ်က ဖိလစ်ပိုင်နိုင်ငံသို့ အလည်အပတ်ရောက်ခဲ့သည်။ ပုပ်ရဟန်းမင်းကြီး ကြွလာသဖြင့် ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တွင် လမ်းကြောင်းပိတ်ဆို့မှုများ အကြီးအကျယ်ဖြစ်ပွားခဲ့ရသည်။ ထိုစဉ်က ဒူတာတေးသည် မဲဆွယ်စည်းရုံးရေးများ ထွက်နေသည်။

"ကျွန်တော် ဟိုတယ်ကနေ လေဆိပ်ကိုသွားဖို့ ငါးနာရီလောက်ကြာသွားတယ်။ ကျွန်တော်က မေးတယ်။ ဘယ်သူရောက်နေလို့လဲပေါ့။ သူတို့က ပုပ်ရဟန်းမင်းကြီးလို့ပြောတယ်။ ကျွန်တော်ကတော့ သူ့ကို ပုပ်ရဟန်း မင်းကြီးလို့ မခေါ်ချင်း။ ပုပ် ............... လို့ခေါ်ချင်တယ်။ အိမ်ပြန်သွား။ ဘယ်တော့မှ ဒီကို ထပ်မလာခဲ့နဲ့' ဟု သူက ပက်ပက်စက်စက်ပြောခဲ့ခြင်းဖြစ်သည်။

သို့သော် နောက်ပိုင်းတွင် သူက ပုပ်ရဟန်းမင်းကြီးကို ပြန်လည်တောင်းပန်ခဲ့သည်။




ဒူတာတေးတက်လာပြီးနောက် မူးယစ်ဆေးဝါးပြဿနာကို စစ်ဆင်ရေးတစ်ခုလို သဘောထားပြီး ရက်စက်စွာ သတ်ဖြတ်နှိမ်နင်းခဲ့သည်။ သူ၏ စစ်ပွဲပထမအချိမှာပင် လူထောင်ချီပြီး သေဆုံးခဲ့ရသည်။ ကုလသမဂ္ဂကလည်း လူ့အခွင့်အရေးသံတမန်များက တစ်ဆင့် တင်ပြလာသည့် သတင်းစကားတွေကိုကြားပြီး စိုးရိမ်စိတ်တွေ ဝင်လာသည်။

တရားဥပဒေဘောင်ကိုကျော်လွန်ပြီး သတ်ဖြတ်နှိမ်နင်းနေမှုများအပေါ် ကုလသမဂ္ဂက ဝေဖန်လာသည့် အခါတွင် ကုလသမဂ္ဂထံ နားပေါက်အောင် တိုင်ကြားနေသည့် သံတမန်နှင့် ပညာရှင်ဆိုသူများကို ဒူတာတေးက -

"မင်းတို့ဟာ အသုံးမကျတဲ့ ပညာရှင်ဆိုသူတွေဆိုတာ ကမ္ဘာကသိအောင် ငါပြမယ်" ဟုပြောပြီး ဒူတာတေး ပေါက်ကွဲတော့သည်။

မူးယစ်ဆေးဝါးမှုများနှင့် ပတ်သက်ပြီး အပြစ်မဲ့ပြည်သူတွေပါ မည်မျှသေဆုံးနေကြရသည်ဆိုခြင်းကို ကုလသမဂ္ဂမှ ပညာရှင်များကိုလည်း စာရင်းအတိအကျလိုက်ကောက်စေလိုကြောင်း ဒူတာတေးက ပြောသည်။

"ခင်ဗျားတို့ လုပ်နေတဲ့ လုပ်ရပ်တွေကို စော်ကားတာတော့ မဟုတ်ဘူး။ ဒါပေမဲ့ ခင်ဗျားတို့ ကုလသမဂ္ဂအဖွဲ့ကြီးကနေ ခွဲထွက်လိုက်တော့။ ခင်ဗျားတို့ ဘာဖြစ်လို့ အဲဒီပညာရှင်ဆိုတဲ့ကောင်တွေရဲ့ စကားကို နားထောင်နေရသလဲ" ဟုသူကဆိုသည်။

သူက ကုလသမဂ္ဂနှင့် အကြံပေးဆိုသူများကို ပစ်ပစ်ခါခါ ပြောဆိုဝေဖန်ရုံမက ဖိလစ်ပိုင်နိုင်ငံကို ကုလသမဂ္ဂ အဖွဲ့ဝင်နိုင်ငံအဖြစ်ကပါ နုတ်ထွက်မည်ဖြစ်ကြောင်း ခြိမ်းခြောက်သည်။ သို့သော် ဟန်ပြပြောခြင်းလောက်သာဖြစ်ခဲ့ပြီး တကယ်မနုတ်ထွက်ခဲ့ပေ။

၂၀၁၆ ခုနှစ်ကလည်း ဒူတာတေးသည် ဩစတြေးလျနိုင်ငံနှင့် ပတ်သက်ပြီး ပေါက်ကွဲစရာတွေ ဖြစ်ခဲ့ပြန်သည်။ ဩစတြေးလျနိုင်ငံမှ သာသနာပြုတစ်ဦး အသတ်ခံရခြင်းနှင့် ပတ်သက်ပြီး သူကကြမ်းတမ်းစွာ ပြန်လည် ပြော ဆိုခဲ့ခြင်းဖြစ်သည်။ သူ၏ အပြောအဆိုများကြောင့် ဩစတြေးလျနိုင်ငံနှင့် ဖိလစ်ပိုင် နှစ်နိုင်ငံအကြားတွင် သဘောထား တင်းမာမှုများ ဖြစ်ပေါ်ခဲ့ရသည်။

ဒူတာတေးက အသက် ၇၁ နှစ်အရွယ် သီလရှင်ကြီးတစ်ပါးကို ဖမ်းဆီးရန် အမိန့်ထုတ်သည်။ တိုင်းပြည်ကို ဆူပူပြီး ဖရိုဖရဲဖြစ်အောင်လုပ်သည်ဆိုသော စွပ်စွဲချက်နှင့် ဖြစ်သည်။ သီလရှင်ကြီး ပက်ထရစ်ရှာဖော့စ်ကို သူ့ အမိန့်နှင့် ၂၄ နာရီ ထိန်းသိမ်းထားလိုက်သည်။ ဒူတာတေးက -

"သူ့ကို စုံစမ်းစစ်ဆေးဖို့ ကျွန်တော် အမိန့်ပေးတယ်။ နိုင်ငံကလည်း နှင်မထုတ်ဘူး။ ဖမ်းလည်း မဖမ်းဘူး။ သူ့လုပ်ရပ်တွေနဲ့ ပတ်သက်ပြီး စုံစမ်းစစ်ဆေးဖို့ ဖိတ်ခေါ်ခဲ့တာ"ဟု နောက်ပိုင်းတွင် ပြန်လည်ကာ ရှင်းလင်း ပြောကြားခဲ့သည်။

ယခုနှစ် ဧပြီလကလည်း ဒူတာတေးကို နိုင်ငံတကာရာဇဝတ်ခုံရုံးအဖွဲ့ ICC (International Criminal Court) က ဖမ်းဆီးမည်ဟု ခြိမ်းခြောက်သည်။ သူ၏ သမ္မတသက်တမ်းအတွင်း လုပ်ဆောင်ခဲ့မှုများနှင့် ပတ်သက်ပြီး စစ်ဆေးရန် ICC က အကြောင်းပြသည်။ သူကလည်း ဖိလစ်ပိုင်နိုင်ငံသည် ICC အဖွဲ့ဝင် နိုင်ငံ မဟုတ်သော ကြောင့် လာပြီး အရေးယူ၍မရကြောင်း တုံ့ပြန်သည်။

သူ့ကို ICC က ရိုင်းစိုင်းပြီး နှလုံးသားကင်းမဲ့စွာဖြင့် လူ့အခွင့်အရေးကို ချိုးဖောက်နေသူတစ်ဦးဟူ၍ စွပ်စွဲ ဝေဖန်ခဲ့သည်။ ဒူတာတေးကလည်း ICC ၏ Rome Statute စာချုပ်အဖွဲ့ဝင်နိုင်ငံအဖြစ်မှ တစ်လကြိုထွက်ပြီးမှ ဖိလစ်ပိုင်နိုင်ငံအတွင်း မူးယစ်စစ်ပွဲကြီးကို ဆင်နွှဲပြီး လူပေါင်း ထောင်ချီကာ နှိမ်နင်းသတ်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ICC ရှေ့နေ ဖာတို ဘင်ဆိုဒါကလည်း ဖိလစ်ပိုင်နိုင်ငံမှ ရှေ့နေတစ်ဦး၏ ဒူတာတေးအပေါ် စွဲဆိုထားချက်ကို ရှေးဦးစုံစမ်းစစ်ဆေးမှုများ ပြုလုပ်ရန် စီစဉ်နေကြောင်း ဖေဖော်ဝါရီလက ထုတ်ပြန်ခဲ့သည်။ လူသားမဆန်သော လုပ်ဆောင်ချက်များနှင့် ရာဇဝတ်မှုမြောက်သော လူသတ်မှုများကို ကျူးလွန်သူအဖြစ် ဒူတာတေးကို တရား စီရင်နိုင်ရန် သူတို့စီစဉ်နေကြခြင်းဖြစ်သည်။

ဒူတာတေးကလည်း ICC အနေနှင့် သူ့အပေါ် တရားစွဲဆို၍မရကြောင်း၊ သူသည် လက်ရှိ သမ္မတဖြစ်နေကြောင်း၊ ထို့ကြောင့် သူ့နိုင်ငံ သူ့လူမျိုးအတွက် လုပ်ဆောင်နေသည်မှာ တရားကြောင်း၊ သူ့သမ္မတရာထူးက နုတ်ထွက်ပေးလိုက်ရုံဖြင့်လည်း ဖိလစ်ပိုင်နိုင်ငံအပေါ် ကျရောက်နေသည့် ဘေးဆိုးများသည် ပြေပျောက်သွားနိုင်စရာ အကြောင်းမရှိကြောင်း ပြောကြားခဲ့သည်။

ယခုနှစ် ဖေဖော်ဝါရီလကလည်း ဘရပ်ဆဲလ်မြို့တွင် ကျင်းပသည့် အာရှ-ဥရောပညီလာခံက သူ့ကို ဖိတ်ကြားခဲ့သည်။ ထိုဖိတ်ကြားချက်ကို သူက ပြင်းထန်စွာ ဝေဖန်ဆန့်ကျင်ခဲ့သည်။ EU က သူ့ကို မူးယစ်စစ်ပွဲဆင်နွှဲမှုနှင့် သတ်ဖြတ်မှုများ ပြုလုပ်နေသည်ကို အကြောင်းပြပြီး ပိတ်ဆို့မှုများကို လုပ်ဆောင်ခဲ့သဖြင့် ဒူတာတေးက မကျေမနပ်ဖြစ်နေသည်။

EU ၏ ဖိလစ်ပိုင်နိုင်ငံအပေါ် ကုန်သွယ်မှုအတွက် အရေးအပါဆုံးနိုင်ငံအဖြစ် ယခုမှလာသတ်မှတ်ခြင်းအပေါ် သူက 'Stupid' ဟူ၍ ရိုင်းစိုင်းစွာ တုံ့ပြန်ခဲ့ရုံမက၊ အနောက်အုပ်စုက သူ့ကို မည်မျှ ပြစ်တင်ဝေဖန်ရှုတ်ချသည် ဖြစ်စေ မိမိနိုင်ငံတွင် ရာဇဝတ်မှုများကို ဖြိုခွင်းနေမှုများကို လျှော့မည်မဟုတ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

'ကျုပ်ကို အီးယူက ဖိတ်တယ်။ သောက်သုံးမကျတဲ့ အဖွဲ့ကလေ" ဟု သူကပြန်ပြောသည်။

သူက သူ့ကိုဖိတ်မည့်အစား သူတို့၏ အရေးယူပိတ်ဆို့ထားမှုများကို ဘာကြောင့် မပြောင်းလဲရသနည်း ဟု ရိုင်းစိုင်းစွာ တုံ့ပြန်ခဲ့သည်။

သမ္မတ၏ အပြောအဆိုက ပြည်သူတွေကို စိတ်ဆင်းရဲစေခဲ့ရသည့် အဖြစ်တွေလည်း များစွာရှိခဲ့သည်။ မကြာ သေးမီက ဒုသမ္မတဖြစ်သူ ရော်ဘရီဒို၏ ပြန်ပြောပြချက်များက စိတ်နာပြီး ပေါက်ကွဲစရာတွေ ဖြစ်ခဲ့ရပြန်သည်။ ဒူတာတေးက ထိုသို့ပြောသည်ဆိုခြင်းကို ဒုသမ္မတက မီဒီယာကို ဖွင့်ချလိုက်ခြင်းဖြစ်သည်။ သမ္မတအပြောနှင့် ပတ်သက်ပြီး ဒုသမ္မတက မှတ်ချက်ပေးရာတွင် -

"ကျွန်တော်တို့အနေနဲ့ ကန့်ကွက်သင့်ပါတယ်။ ဒါဟာ ပြောခွင့်မဟုတ်ဘူး။ မုဒိမ်းသမားတွေရှိလို့ မုဒိမ်းမှုတွေရှိ နေတယ်။ မုဒိမ်းမှုတွေ ဖြစ်နေရလောက်အောင်လည်း မိန်းကလေးတွေက ချောနေတယ်ဆိုတာ သမ္မတ စကားလားဗျာ" ဟု ရော်ဘရီဒိုက Philippine Star သတင်းစာ အင်တာဗျူးတွင် ပြောထားသည်။

ဒူတာတေးက နောက်သလိုပြောင်သလိုနှင့် မိန်းမလှလေးတွေပေါလို့ မုဒိမ်းကျင့်သူတွေ ပေါများနေရသည်ဆိုသည့်စကားမှာ ကြောက်စရာကောင်းလှသည်။ သူယခင် မြို့တော်ဝန်လုပ်ခဲ့ဖူးသော ဒါဗာအိုမြို့တွင်ပင် မုဒိမ်းမှုတွေက ထိန်းမနိုင်သိမ်းမရ တစ်ခုပြီး တစ်ခုဖြစ်နေချိန်၌ သူက ထိုစကားပြောလိုက်သည့်အတွက် ပြည်သူတွေ ပေါက်ကွဲခဲ့ကြရပြန်သည်။

ဒူတာတေးက စီဘူးမြို့တွင် ပြောကြားသောစကား၌ -

'သူတို့က ဒါဗာအိုမြို့မှာ မုဒိမ်းမှုတွေ အများကြီးဖြစ်နေတယ်လို့ ပြောတယ်။ အဲသည်မှာကလည်း မိန်းမလှလေးတွေ ပေါသကိုးဗျ။ ဒါကြောင့် မုဒိမ်းမှုတွေ ဖြစ်တော့မှာပေါ့"ဟု ပြောကြားခဲ့သည့် စကားကို သမ္မတစကားလားဟု ထောက်ပြစရာ ဖြစ်သွားခဲ့ရသည်။

နောက်ပိုင်း မှားသွားမှန်းသိသဖြင့် ဒူတာတေးက သူ့စကားကို ပြန်ဖာသည်။ ဒီမိုကရေစီနှင့် လွတ်လပ်စွာ ထုတ်ဖော်ပြောကြားခွင့်ဟု ပြောသည်။ ပိုဆိုးသွားခဲ့ရပြန်သည်။

"ကျွန်တော် ပြောချင်တာက မုဒိမ်းမှုတိုင်းကို ပြောနေတာမဟုတ်ဘူး။ ခင်ဗျားတို့က ကိုယ်ထင်တာကိုယ်လျှောက်တွေးနေကြတာ။ ဒါဒီမိုကရေစီပဲ။ လွတ်လပ်စွာထုတ်ဖော်ပြောလို့ မရဘူးလား" ဟု သူက ဆိုပြန်သည်။

"လွတ်လပ်စွာ ပြောဆိုခွင့်ရှိတယ် ဆိုပေမယ့် အကန့်အသတ်ရှိတယ်။ လူတစ်ဖက်သားအပေါ် မလေးမစားနဲ့ စကားမျိုး မပြောရဘူး။ ပြည်သူတိုင်းကို မလေးစားသလိုမျိုး မလုပ်ရဘူး" ဟု ဒုသမ္မတ ရော်ဘရီဒို၏ ထောက်ပြ ချက်မှာ အလေးထားစရာ ကောင်းလှသည်။

■ **(Ref: Asian Correspondent, Business Insider, The Guardian)**

# 'ဆယ့်နှစ်ပွဲ စျေးသည်' ရုပ်ရှင်ဇာတ်ကား

သတင်းနှင့်ဓာတ်ပုံ
သန့်ဇင်ဦး

တော်ဝင်မင်းသား ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ညာလက်တော်ရဲ့ဇာတ်လမ်းကို ဒါရိုက်တာကိုဇော်(အရုဏ်ဦး) ရိုက်ကူးပြီး သရုပ်ဆောင်လူမင်း၊ ဇေရဲထက်၊ ညီထွဋ်ခေါင်၊ ခိုင်သင်းကြည်၊ ရွှေမှုံရတီ၊ တက္ကသိုလ်ဂွမ်းပုံတို့ ခေါင်းဆောင်ပါဝင်မယ့် 'ဆယ့်နှစ်ပွဲစျေးသည်' ရုပ်ရှင်ဇာတ်ကားကို မကြာမီ စတင်ရိုက်ကူးသွားတော့မှာပါ။ ယင်းဇာတ်ကားမှာ ပါဝင်မယ့် အနုပညာရှင်အချို့ရဲ့ ရင်တွင်းစကားသံတွေကို The Voice က မေးမြန်း ဖော်ပြထားပါတယ်။



## ဒါရိုက်တာ ကိုဇော် ( အရုဏ်ဦး )

ဒီဇာတ်လမ်းလေးကိုရိုက်ဖို့ စဉ်းစားမိတာတော့ ကြာပါပြီ။ ဒါပေမဲ့ အကုန်အကျများနိုင်တဲ့အတွက် မရိုက်ဖြစ်သေးတာပါ။ တော်ဝင်မင်းသား ထုတ်လုပ်ရေးက ကိုမင်းလွဲ့ဝင်းနဲ့စကားပြောဖြစ်တော့ 'ဆယ့်နှစ်ပွဲစျေးသည် 'ဇာတ်လမ်းလေးကို ပြဖြစ်တယ်။သူကလည်း ကြိုက်တဲ့အတွက် ရိုက်ဖြစ်သွားတာပါ။ အဓိကကတော့ ဆယ့်နှစ်ပွဲစျေး လိုက်ရောင်းနေတဲ့ စျေးသည်တွေရဲ့ပြဿနာလေးတွေကို ဟာသရှုထောင့်ကနေတင်ပြမယ့် ဇာတ်ကားပါ။ သူတို့ဖြတ်သန်းရတဲ့ ဘဝတွေလည်း ပါမှာပေါ့လေ။ ဒီဇာတ်ကားမှာ ကိုလူမင်းက ဘေထုပ်ရောင်းတယ်။ ငွေတိုးလည်းချတယ်။ ခိုင်သင်းကြည်ကကျတော့ သနပ်ခါးတုံးရောင်းတယ်။ ငွေတိုးချတယ်၊ ကားတွေ ဘာတွေ ထောင်ထားတယ်ပေါ့။ ရွှေမှုန်ရတီကကျတော့ သူ့အဒေါ်နဲ့ ဘူးသီးကြော်ဆိုင်ဖွင့်ထားတယ်။ ဇေရဲထက်ကကျတော့ ကွမ်းယာရောင်းတယ်။ ညီထွဋ်ခေါင်ကတော့ ဖန်စီပစ္စည်းတွေရောင်းတဲ့ဆိုင်ဖွင့်ထားတယ်။ ခင်လှိုင်ကကျတော့ ရဟတ်လှည့်တာပေါ့။ ဒီကားကို စက်တင်ဘာလ ၁၅ ရက်နေ့ကနေစပြီး ပုဂံမှာသွားရိုက်မယ်။ ပုဂံမှာက လောလောဆယ် ဘုရားပွဲတွေလည်း ဆက်တိုက်လုပ်ဖို့ ရှိနေတော့ အဆင်ပြေတယ်လေ။



## ကိုမင်းလွဲ့ဝင်း ( တော်ဝင်မင်းသားထုတ်လုပ်ရေး )

ဒီဇာတ်ကားလေးက ကျွန်တော်တို့ တော်ဝင်မင်းသားထုတ်လုပ်ရေးရဲ့ ဒုတိယမြောက်ဇာတ်ကားပါ။ ဒါရိုက်တာ ကိုဇော်( အရုဏ်ဦး )နဲ့ တွေ့တဲ့ အခါမှာ ပရိသတ်တွေပျော်ရမယ့် ဟာသကားလေးတစ်ကား ရိုက်ချင်တယ်လို့ပြောဖြစ်တယ်။ ဟာသကားဆိုပေမယ့် ဘဝတွေထဲက ဟာသလေးတွေကို ရိုက်ပြချင်တယ်ဆိုတော့ ကိုဇော်က ဆယ့်နှစ်ပွဲစျေးသည် ဇာတ်လမ်းလေးကိုပြပါတယ်။ ကျွန်တော် ဖတ်ကြည့်တော့လည်း ကြိုက်တာနဲ့ ရိုက်ဖြစ်သွားတာပါ။ ဒီဇာတ်ကားလေးက ဟာသကို ဇောင်းပေးထားပေမယ့် ဆယ့်နှစ်ပွဲစျေးသည်တွေရဲ့ဘဝတွေကိုလည်း ထဲထဲဝင်ဝင်ပါအောင်လို့ ပြမှာပါ။

မြန်မာနိုင်ငံမှာရှိတဲ့ ဘုရားပွဲစျေးတွေမှာ ဆယ့်နှစ်လရာသီပတ်လုံး လှည့်ပတ်ပြီး ရောင်းချနေတဲ့ စျေးသည်တွေရဲ့ ဘဝအမောတွေကြားထဲမှာ ပျော်စရာလေးတွေကိုလည်း ရှုစားရမှာပါ။ ဘဝသရုပ်ဖော်ဇာတ်ကား စစ်စစ်ကြီးတော့ မဟုတ်ပါဘူး။ ဘဝကြားထဲကနေပြီး ရယ်မောပျော်ရမယ့်ဇာတ်ကားပါ။



## တက္ကသိုလ် ဂွမ်းပုံ

ဒီဇာတ်ကားအတွက် ဒါရိုက်တာ ပြောထားတဲ့အတိုင်း ကာရိုက်တာထိမိအောင် အဝတ်အစားတွေကအစ ဂွမ်း ကြိုတင်ပြင်ဆင်ထားပါတယ်။ ဒီကားမှာ ဂွမ်းက မခိုင်လေး( ခိုင်သင်းကြည်) နဲ့ တူဝရီးတွေပါ။ ဆယ့်နှစ်ပွဲစျေးသည်တွေကတော့ ဂွမ်းတို့တွေ ဘုရားပွဲစျေးတွေသွားရင်တွေ့နေရတာပဲလေ။ ဂွမ်းတို့ဆယ်တန်းလောက်တုန်းကဆို ရွှေတိဂုံဘုရားမှာ တပေါင်းပွဲတော်လုပ်တယ်ပေါ့နော်။ ဒါပေမဲ့ ဆယ်တန်းစာမေးပွဲ ဖြေရမယ့်ရက်နဲ့ တပေါင်းပွဲတော်ရက်က ကွက်တိ ဖြစ်နေတယ်။ ဒါပေမဲ့လည်း အိမ်က မိဘတွေက စိတ်အပန်းပြေဖို့အတွက် ဘုရားပွဲစျေးကို ခဏလိုက်ပို့တယ်။ ပွဲစျေးမှာရောင်းတဲ့ မုန့်တွေလည်း ကိုယ်ကြိုက်တာ ဝယ်စားတယ်။ ဘုရားပွဲစျေးလျှောက်ပြီး စျေးဆိုင်တန်းတွေကို လျှောက်ကြည့်ရတဲ့အရသာက ဘာနဲ့မှမတူဘူး။ လူအုပ်ကြားထဲမှာ လျှောက်သွားရတာကို ပျော်နေတာပေါ့နော်။ အဲဒီအချိန်ကတည်းက ဘုရားပွဲစျေးပတ်ရတဲ့အရသာကို မဂွမ်းက ကြိုက်တယ်။ အခု ဆယ့်နှစ်ပွဲစျေးသည်ရုပ်ရှင်ကိုလည်း ပုဂံမှာ သွားရိုက်ရမယ့်အတွက် ပျော်နေတယ်။ ကိုယ်တိုင်ဆယ့်နှစ်ပွဲစျေးသည်အဖြစ် သရုပ်ဆောင်ရမယ့်အတွက်လည်း စိတ်လှုပ်ရှားနေပါတယ်။



## လူမင်း

ဆယ့်နှစ်ပွဲစျေးသည်ဆိုတာ ကိုယ်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ဘုရားပွဲတွေမှာ ဆယ့်နှစ်ရာသီပတ်လုံး လိုက်ပြီး စျေးရောင်းတဲ့ စျေးသည်တွေပေါ့။ အဲဒီလိုစျေးသည်တွေရဲ့ ဘဝအကြောင်းလေးတွေကို ရိုက်ပြမယ့် ဇာတ်ကားပါ။ သူတို့ တွေဘယ်လိုနေထိုင်ကြလဲ၊ ဘယ်လိုပြောဆိုကြတယ်ဆိုတာကို ဇာတ်ကားထဲမှာ မြင်တွေ့ရမှာပါ။ ကိုယ့်ရဲ့ ကာရိုက်တာကတော့ ဘုရားပွဲစျေးမှာ ဘေထုပ်ရောင်းတဲ့သူပေါ့။ လူပျိုကြီး၊ ကပ်စေးနှဲကြီးပေါ့နော်။ ကျွန်တော်တို့က ငယ်ငယ်တုန်းက နယ်မှာနေတာဆိုတော့ ဘုရားပွဲစျေးတွေမှာ ဆယ့်နှစ်ပွဲစျေးသည်တွေကို အမြဲတမ်းတွေ့နေရတာပေါ့နော်။ ကိုယ်တိုင်လည်း ဘုရားပွဲစျေးက ဆိုင်းသံ၊ ဗုံသံကြား ရင်၊ ရောင်စုံမီးတွေ ထိန်ထိန်လင်းနေတာကို တွေ့ရင် ပွဲစျေးမသွားဘဲမနေနိုင်ဘူး။ အခု ဒီဇာတ်ကားရိုက်မယ်ဆိုတော့ ကိုယ်တွေ့ဖူးတဲ့ ဆယ့်နှစ်ပွဲ စျေးသည်တွေရဲ့ဘဝတွေကိုလည်း မျက်စိထဲမှာ ပြန်မြင်ယောင်ပါတယ်။ ဒီဇာတ်လမ်းက စျေးသည်တစ်ယောက်ချင်းစီရဲ့ဘဝတွေကို ဦးစားပေးပြီး ပြတာထက်၊ ဇာတ်ကခွင့်ပြုသလောက်တော့ ပြခွင့်ရှိမှာပေါ့နော်။



# 'Rio' ရုပ်ရှင်ဇာတ်ကားမှာ ဆုံတွေ့ကြမယ့် Jake Gyllenhaal နဲ့ Benedict Cumberbatch

ဟောလိဝုဒ်ရဲ့နာမည်ကျော်သရုပ်ဆောင်တွေဖြစ်တဲ့ Jake Gyllenhaal နဲ့ Benedict Cumberbatch တို့ဟာ Rio လို့ အမည်ရတဲ့ သည်းထိတ်ရင်ဖို ရုပ်ရှင်ဇာတ်ကားမှာ အတူတွဲဖက်သရုပ်ဆောင်ကြမှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားကို ဒါရိုက်တာ Edward Berger က ရိုက်ကူးမှာဖြစ်ပြီး ဇာတ်လမ်းကတော့ ငယ်သူငယ်ချင်းနှစ်ယောက်က နှစ်ကာလအတန်ကြာ ခွဲခွာခဲ့ရပြီးတဲ့နောက် မြို့တစ်မြို့မှာ တစ်ဦးက စီးပွားရေးလုပ်ငန်းရှင်၊ တစ်ဦးက သတင်းထောက်အဖြစ် ပြန်လည်ဆုံတွေ့ကြတဲ့အကြောင်းကို ဇာတ်အိမ်ဖွဲ့ထားတာပါ။

ဒါရိုက်တာ Edward Berger နဲ့ Benedict Cumberbatch တို့က 'Patrick Melrose' ဇာတ်ကားမှာ ဆုံတွေ့ခဲ့ကြဖူးပါတယ်။ 'Rio' ဇာတ်ကားမှာတော့ Jake Gyllenhaal နဲ့ Benedict Cumberbath တို့က ထုတ်လုပ်သူအဖြစ်လည်း ပူးပေါင်းပါဝင်ကြမှာ ဖြစ်ပါတယ်။

ဒီဇာတ်ကားကို မူလက 'Call Me By Your Name' ဇာတ်ကားနဲ့ နာမည်ကျော်ခဲ့တဲ့ ဒါရိုက်တာ Luca Guadagnino နဲ့ ရိုက်ကူးမယ်လို့ သတင်းထွက်ပေါ်ခဲ့သေးပေမယ့် နောက်ပိုင်းမှာတော့ ဒါရိုက်တာ Edward Berger က ရိုက်ကူးခွင့်ရခဲ့ပါတယ်။



# ထိပ်တိုက်ပြမယ့် ရုပ်ရှင်တွေအတွက် စိုးရိမ်မှုရှိတယ်ဆိုတဲ့ မြင့်မြတ်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ရုပ်ရှင်ဇာတ်ကားတွေကို ရုံပြိုင်ပြသတဲ့စနစ်မှာ ကိုယ်ပါဝင်တဲ့ ဇာတ်ကားတွေကို ထိပ်တိုက်ပြသမှုတွေများလာရင် ရေရှည်မှာ ထိခိုက်မှုတွေ ရှိလာနိုင်တာကို စိုးရိမ်နေပါတယ်လို့ နာမည်ကျော် သရုပ်ဆောင် မြင့်မြတ်က The Voice ကို ပြောကြားပါတယ်။

“ကျွန်တော့်ကားတွေ တိုက်နေတာက တစ်ခါလည်းမဟုတ် နှစ်ခါလည်း မဟုတ်ဘူး။ ထိပ်တိုက်ပြတဲ့အခါမှာ အဆင်ပြေနေရင်တော့ တော်သေးတာပေါ့။ ဒါပေမဲ့ ဘယ်လောက်ထိ အဆင်ပြေနိုင်မလဲဆိုတာရှိသေးတယ်။ ရေရှည်ဆိုရင်တော့ မကောင်းပါဘူး။ တစ်ချိန်ချိန်ကျရင်တော့ နှစ်ကားသွားတိုက်ပြီး ကျမယ့်အချိန်တွေလည်း ရှိလာနိုင်တယ်။ ကျွန်တော်ကတော့ အဲဒါကို စိုးရိမ်တယ်” လို့ ၎င်းက ထပ်လောင်းပြောကြားခဲ့ပါတယ်။

သရုပ်ဆောင်ဘက်က ကြည့်ရင် ကိုယ့်ဇာတ်ကားတွေကို မကြာခဏ ထိပ်တိုက်ပြနေတာက ရေရှည်မှာ ထိခိုက်မှုတွေ ရှိလာနိုင်ပေမယ့် ထုတ်လုပ်သူတွေဘက်ကလည်း ရုံရှင်တွေ ရက်ပေးတဲ့ အချိန်မှာ ဇာတ်ကားကို ရုံတင်ပြသရတာဖြစ်တဲ့အတွက် အပြစ်တင်လို တော့မရကြောင်း သရုပ်ဆောင် မြင့်မြတ်က ပြောကြားပါတယ်

“ကိုယ့်ဘက်က ကိုယ့်တာကိုယ် လုံအောင်ဆိုတာထက် ကျွန်တော်က သရုပ်ဆောင်ဆိုတော့ ကိုယ်ပါဝင်တဲ့ ဇာတ်ရုပ်မှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားလို့ပဲရတယ်။ ဒီရုံတင်ပြသတဲ့ အပိုင်းတွေကျတော့ ကျွန်တော်လည်း မကျွမ်းဘူးလေ။ ကျွန်တော်လုပ်နိုင်တာတစ်ခုက ကိုယ့်ကာရိုက်တာကို အကောင်းဆုံးဖြစ်အောင် ရိုက်ဖို့ပေါ့။ ဒါပဲရှိတယ်” လို့ ၎င်းက ဆိုပါတယ်။

# ရွှေမှုန်ရတီက အချစ်ရေးမှာ ကံကောင်းမှာပါဆိုတဲ့ ဇေရဲထက်



**ရန်ကုန်၊ စက်တင်ဘာ ၁၀**

အနုပညာလောကမှာ ညီမလေးတစ်ယောက်လို၊ သူငယ်ချင်းလို ခင်မင်ရတဲ့ ရွှေမှုန်ရတီက မိဘတွေကို လုပ်ကျွေးနေတဲ့သူဖြစ်တဲ့အတွက် အချစ်ရေးမှာလည်း ကံကောင်းမယ်လို့ ယုံကြည်ကြောင်း သရုပ်ဆောင် ဇေရဲထက်က The Voice ကို ပြောကြားပါတယ်။

“ရွှေထူးနဲ့ ရွှေမှုန်ရဲ့ စုံတွဲပုံတွေ အွန်လိုင်းမှာ တက်လာတော့ ကျွန်တော်က ရိုက်ကွင်းတစ်ခုက ပုံတွေ ဖြစ်မှာပါလို့ ပြောခဲ့တယ်။ ဒါကလည်း ကျွန်တော် တကယ်မသိလို့ ရိုးရိုးသားသား ပြောခဲ့တာပါ။ အခုတော့ သူတို့နှစ်ယောက်လုံးကလည်း ဝန်ခံပြီးသွားပြီဆိုတော့ ကျွန်တော် ရှင်းစရာမလိုတော့ဘူးပေါ့” လို့ ၎င်းက ထပ်လောင်း ပြောဆိုပါတယ်။

သူတို့နှစ်ယောက်ရဲ့ အချစ်ရေးက အေးအေးချမ်းချမ်းရှိပြီးတော့ တစ်ယောက်အပေါ် တစ်ယောက်လည်း နားလည်မှုရှိကြဖို့ ဆုတောင်းပေးချင်ကြောင်း၊ ကိုယ့်ဘက်ကတော့ သူငယ်ချင်းကောင်းတစ်ယောက်အနေနဲ့ လိုအပ်တာတွေရှိရင် အမြဲကူညီပေးသွားဖို့ အဆင်သင့်ရှိကြောင်း ဇေရဲထက်က ပြောကြားပါတယ်။

“ရွှေမှုန်ရတီက စိတ်ထားကောင်းပါတယ်။ မိဘတွေကို လုပ်ကျွေးနေတဲ့ သမီးတစ်ယောက်လည်းဖြစ်တယ်။ သူ ရွေးချယ်တဲ့လမ်းကလည်း မမှားဘူးလို့ ကျွန်တော် ယုံကြည်ပါတယ်။ ပရိသတ်တွေအနေနဲ့လည်း သူတို့နှစ်ယောက်ကို နားလည်ပြီး ချစ်ပေးကြဖို့ ပြောချင်ပါတယ်” လို့ ၎င်းကဆိုပါတယ်။



# ရုပ်သံဇာတ်လမ်းတွဲသစ် ‘ITEM’ မှာ ပါဝင်သရုပ်ဆောင်မယ့် ဂျွန်ဂျီဟွန်း

**ဆိုးလ်၊ စက်တင်ဘာ ၁၀**

ရုပ်သံဇာတ်လမ်းတွဲသစ် မရိုက်တာ သုံးနှစ်လောက် ရှိပြီဖြစ်တဲ့ သရုပ်ဆောင် ဂျန်ဂျီဟွန်းဟာ မကြာမီ ရိုက်ကူးမယ့် MBC ဒရာမာ ရုပ်သံဇာတ်လမ်းတွဲ ITEM မှာ ပါဝင်သရုပ်ဆောင်သွားဖို့ရှိကြောင်း kpop herald.com မှာ ဖော်ပြထားပါတယ်။

ဒီဇာတ်လမ်းတွဲက အွန်လိုင်းရုပ်ပြကာတွန်းတစ်ခုကို အခြေခံကာ ရိုက်ကူးမှာဖြစ်ပြီး ဇာတ်လမ်းကတော့ သဘာဝလွန်စွမ်းအားတွေကို ပိုင်ဆိုင်ထားတဲ့ အမျိုးသားတစ်ယောက်နဲ့ အမျိုးသမီးတစ်ယောက် အကြောင်းကိုဇာတ်အိမ်ဖွဲ့ထားတာ ဖြစ်ပါတယ်။

ဒီဇာတ်လမ်းတွဲမှာ ဂျန်ဂျီဟွန်းရဲ့ ဇာတ်ရုပ်ကတော့ တူဖြစ်သူကို ကယ်ဆယ်ဖို့အတွက် ဘာမဆို စွန့်လွှတ်ဖို့ အသင့်ရှိတဲ့ ကြင်နာသနားတတ်တဲ့ ရှေ့နေတစ်ယောက်အဖြစ် ပါဝင်သရုပ်ဆောင်ရမှာလည်း ဖြစ်ပါတယ်။ ဂျန်ဂျီဟွန်းက ဇာတ်လမ်းတွဲရိုက်ကူးမှုတွေ ကာလအတန်ကြာ ရပ်နားထားပေမယ့် သူပါဝင်သရုပ်ဆောင်ထားတဲ့ ‘Along With The Gods: The Two Worlds’၊ The Spy Gone North စတဲ့ ရုပ်ရှင်ဇာတ်ကားတွေကတော့ အောင်မြင်မှုများစွာ ရရှိခဲ့ပါတယ်။



# လီဆူတိုင်းရင်းသားရိုးရာအကနဲ့ Talent ပိုင်းမှာ ယှဉ်ပြိုင်သွားမယ်ဆိုတဲ့ အိန္ဒြာဂျယ်ရီဆန်း

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့မှာ ကျင်းပပြုလုပ်မယ့် Pacific International 2018 ပြိုင်ပွဲကို မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ သွားရောက်ယှဉ်ပြိုင်မယ့် အလှမယ် အိန္ဒြာဂျယ်ရီဆန်းက လီဆူတိုင်းရင်းသူ ဖြစ်တာကြောင့် လီဆူရိုးရာအကနဲ့ Talent ပိုင်းကို ယှဉ်ပြိုင်သွားမှာဖြစ်တယ်လို့ The Voice ကို ပြောကြားပါတယ်။

“ဒီပြိုင်ပွဲကို ဝင်ပြိုင်ဖြစ်တာကတော့ ညီမရဲ့ စီနီယာဖြစ်တဲ့ မလရိပ်ပြာရဲ့ ပြိုင်ပွဲကိုကြည့်ပြီးတော့ သဘောကျလို့ ယှဉ်ပြိုင်ဖြစ်တာပါ။ ညီမလည်း ဒီလိုပွဲမျိုးကို ပြိုင်ချင်တယ်။ ဒီပြိုင်ပွဲက ကမ္ဘာ့သက်တမ်းအရင့်ဆုံး အလှမယ်ပြိုင်ပွဲလည်းဖြစ်တယ်။ မြန်မာနိုင်ငံ ကိုယ်စားပြုအနေနဲ့ ပြိုင်ရမှာဖြစ်လို့ အကောင်းဆုံး ကြိုးစားသွားမှာပါ” လို့ ၎င်းက ထပ်လောင်းပြောကြားပါတယ်။

Pacific International 2018 ပြိုင်ပွဲရဲ့ ရည်ရွယ်ချက်ကလေးကတော့ မိန်းကလေးတွေမှာ တစ်ယောက်နဲ့ တစ်ယောက် မတူတဲ့ အလှတွေ အများကြီးရှိပြီး ကိုယ့်အားကိုယ်ကိုးပြီး ရပ်တည်နိုင်တဲ့ အမျိုးသမီးတစ်ယောက်အဖြစ် ယုံကြည်မှုရှိရှိနဲ့ ဘဝကို ဖြတ်သန်းနိုင်ဖို့ ရည်ရွယ်ကျင်းပတာဖြစ်ကြောင်း အလှမယ် အိန္ဒြာဂျယ်ရီဆန်းက ပြောကြားပါတယ်။

“ညီမကတော့ ပြိုင်ပွဲအတွက် လိုအပ်တဲ့ ပြင်ဆင်မှုအပိုင်းတွေအပြင် မြန်မာနိုင်ငံရဲ့ရိုးရာယဉ်ကျေးမှုအပိုင်းတွေ ကိုလည်း လေ့လာပြီးတော့ မြန်မာကို ကမ္ဘာက ပိုသိအောင် စင်ပေါ်ကနေ ပြုလုပ်ပေးချင်ပါတယ်။ ညီမအများကြီးလည်း လေ့လာထားပါတယ်။ အလှအပနဲ့ ပတ်သက်ရင် Body ပိုင်းကိုလည်း ပြင်ဆင်ထားပါတယ်။ မြန်မာနိုင်ငံအတွက်အကောင်းဆုံး ဖြစ်အောင်ကြိုးစားသွားမှာပါ” လို့ ၎င်းက ဆိုပါတယ်။

ယင်းပြိုင်ပွဲကို သွားရောက်ယှဉ်ပြိုင်ဖို့အတွက် လာမယ့် စက်တင်ဘာ၁၄ ရက်နေ့မှာ မြန်မာနိုင်ငံကနေ ထွက်ခွာမှာဖြစ်ပြီး ဂျပန်၊ ကိုရီးယား၊ ဖိလစ်ပိုင်၊ အမေရိကန်၊ နယူးဇီလန်၊ ဂျာမနီ စတဲ့ နိုင်ငံတွေ အပါအဝင် နိုင်ငံပေါင်း ၄၀ကျော် ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်တယ်လို့ အိန္ဒြာဂျယ်ရီဆန်းက ပြောကြားပါတယ်။

# မူလတန်းလွန်ကျောင်းအချို့စာကြည့်တိုက်ချိန်ထည့်သွင်း

**မန္တလေး၊ စက်တင်ဘာ ၁၀**

မန္တလေးတိုင်းအတွင်းရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ၁၀ ကျောင်းတွင် တစ်ပတ်လျှင်တစ်ကြိမ် စာကြည့်တိုက်အချိန် ထည့်သွင်း သင်ကြားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၊ ဒုဥက္ကဋ္ဌ ၂ ဒေါ်မြတ်စန်းငြိမ်းက ပြောကြားသည်။

Let's read project စာဖတ်ကြစို့စီမံကိန်းအရ မန္တလေးတိုင်းရှိ မဟာအောင်မြေနှင့်ချမ်းမြသာစည်မြို့နယ်တို့မှ သုံးကျောင်းစီ၊ ပြည်ကြီးတံခွန်နှင့် အမရပူရမြို့နယ်တွင် နှစ်ကျောင်းစီ စမ်းသပ်ကာလအဖြစ် အကောင်အထည်ဖော်မည်ဖြစ်သည်။

ကျောင်းများ၌ အားကစားအချိန်၊ ဖွံ့ဖြိုးရေးအချိန်ကဲ့သို့ စာကြည့်တိုက်အချိန် ထားရန်လိုကြောင်း၊ အဆိုပါ စာကြည့်တိုက်အချိန်၌ စာဖတ်လေ့ကျင့်ခန်းများလုပ်ရန် လိုအပ်ကြောင်း၊ စာဖတ်လေ့ကျင့်ခန်းအတွက် စက်တင်ဘာလ ၁၀ ရက်မှ ၁၃ ရက်အထိ မန္တလေးမြို့တော်ရှိ အမှတ် ၂၆ အခြေခံပညာ အထက်တန်းကျောင်းတွင် သင်တန်းဖွင့်ပေးထားကြောင်း ဒေါ်မြတ်စန်းငြိမ်းက ပြောဆိုသည်။

"ကျောင်းတစ်ကျောင်းစီက ကျောင်းအုပ်နဲ့ ကျောင်းဆရာမနှစ်ယောက်ကို စာဖတ်လေ့ကျင့်ခန်းတွေ သင်ပေးပါတယ်။ အသံထွက်စာဖတ်ခြင်း၊ ပူးပေါင်းစာဖတ်ခြင်း၊ နှစ်ယောက်တွဲစာဖတ်ခြင်း၊ တစ်ဦးချင်း စာဖတ်ခြင်းတွေ သင်ပေးတာပါ" ဟု ဒေါ်မြတ်စန်းငြိမ်းက ရှင်းပြသည်။

ကျောင်းများတွင် စာကြည့်တိုက်အချိန်ထည့်သွင်းရန် အခြေခံပညာဦးစီးဌာနက ယခုနှစ် ဇွန်လက စာထုတ်ထားခြင်းဖြစ်ပြီး စာကြည့်တိုက် အချိန်ထည့်သွင်းနိုင်ရန် Let's read project စာဖတ်ကြစို့စီမံကိန်းအရ လုပ်ဆောင်ပေးနေကြောင်း၊ အဆိုပါစီမံကိန်းသည် ကျောင်းစာကြည့်တိုက်များ ပြန်လည်ရှင်သန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက်ရည်ရွယ်ကာ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလကစ၍ ၂နှစ်ကြာ စီမံချက်ဖြင့်လုပ်ဆောင်နေခြင်းဖြစ်ကြောင်း၊ လက်ရှိတွင် ကျောင်းစာကြည့်တိုက်နှင့်ပတ်သက်၍ အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပြီးဖြစ်သကဲ့သို့ စာကြည့်တိုက်ကောင်းတစ်ခု၏ အင်္ဂါရပ်များဖြင့် ပြည့်စုံအောင် ဖြည့်ဆည်းပေးထားကြောင်း မြန်မာစာပေပံ့ပိုးကူညီမှုနှင့် ထိန်းသိမ်းစောင့်ရှောက်မှု ပရဟိတအသင်း (MBAPF) ထံမှလည်း သိရသည်။




**စာကြည့်တိုက်အချိန်ဆင့်ပွားသင်တန်းကို စက်တင်ဘာ ၁၀ ရက်နေ့ကတွေ့ရစဉ်**

စာဖတ်ကြစို့စီမံကိန်းကို MBAPF၊ မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၊ အမေရိကန်အခြေစိုက်အဖွဲ့အစည်းဖြစ်သည့် Room to read နှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်း အကောင်အထည်ဖော်ခြင်းဖြစ်ကြောင်း စီမံကိန်းညှိနှိုင်းရေးမှူး ဦးထက်အောင်က ပြောကြားသည်။

အဆိုပါစီမံကိန်းကိုရန်ကုန်၊ မန္တလေးနှင့် ဧရာဝတီတိုင်းရှိ ကျောင်းပေါင်း ၂၀ တွင် ရှေ့ပြေးစီမံကိန်းအဖြစ် လုပ်ဆောင်လျက်ရှိသည်။ ■

**M-07**

# မန္တလေးမြို့မှ သေနတ်သမားကို ခရိုင်တရားရုံးတွင် ပုဒ်မသုံးခုဖြင့် စတင်တရားစွဲဆို

**မန္တလေး၊ စက်တင်ဘာ ၁၀**

ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်တွင်ဖြစ်ခဲ့သည့်သေနတ်ပစ်မှုမှ ဖမ်းဆီးရမိထားသူ သေနတ်သမား ဦးခွန်ကောလားဆိုသူကို မန္တလေးခရိုင်တရားရုံးတွင် စက်တင်ဘာလ ၁၀ ရက်နေ့က ပုဒ်မသုံးခုဖြင့် စတင်တရားစွဲဆိုရုံးထုတ်ခဲ့သည်။

အဆိုပါသေနတ်သမားကိုစစ်ဆေးနိုင်ရန် ရဲတပ်ဖွဲ့က ချုပ်ရမန်နှစ်ကြိမ်ယူထားခဲ့ရာ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ရမန်ကုန်ဆုံးသွားသည့်အတွက် စတင်တရားစွဲဆိုလိုက်ခြင်းဖြစ်သည်။

သေနတ်သမားကို ရပ်ကွက်နေပြည်သူများက ဝိုင်းဝန်းဖမ်းဆီးပေးခဲ့ပြီး အောင်ပင်လယ်နယ်မြေ ရဲစခန်းက လူသတ်မှု ပုဒ်မ ၃၀၂၊ လုယက်မှုကျူးလွန်စဉ် နာကျင်စေမှု ပုဒ်မ ၄၉၁ တို့ဖြင့် ကနဦးအမှုဖွင့်ထားသော်လည်း ခရိုင်တရားရုံးသို့ တရားစွဲတင်ရာတွင် လူသတ်မှု ပုဒ်မ ၃၀၂၊ လုယက်မှု ပုဒ်မ ၃၉၂၊ လုယက်မှုကျူးလွန်စဉ် အသက်သေဆုံးသည်အထိ နာကျင်စေမှုပုဒ်မ ၃၉၇ တို့ဖြင့် တရားစွဲဆိုခဲ့ကြောင်း ချမ်းမြသာစည်ရဲစခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။




**သေနတ်သမား ဦးခွန်ကောလားကို ရုံးထုတ်လာစဉ်**

ပြီးခဲ့သောဩဂုတ်လ ၁၃ ရက်နေ့ မွန်းလွဲပိုင်းက မနော်ဟရီလမ်းတောင်ဘက် ၅၅ လမ်းပေါ်တွင် တရုတ်လူမျိုးလင်မယားနှစ်ဦးကို ဦးခွန်ကောလားက သေနတ်ဖြင့်ပစ်ခတ်ခဲ့သော အမှုဖြစ်သည်။

သေနတ်ဖြင့်ပစ်ခံရသူများမှာ ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်တွင် ခေါင်ရည်ဆိုင်ဖွင့်ထားသူ ဦးလီလျှိုခွမ်း (ခ) ကိုဇော်လင်းနှင့် ဒေါ်ဟော်လောက်ဖိန်းတို့ဖြစ်ပြီး သေနတ်သမားမှာ ပုသိမ်ကြီးမြို့နယ် အုန်းချောတွင် နေထိုင်သူဖြစ်သည်။

ယင်းအမှုနှင့်ပတ်သက်၍ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ပြန်လည်ချိန်းဆိုထားပြီး တရားလိုကို စတင်စစ်ဆေးမည်ဖြစ်သည်။ ■ **M-04**

# မိုးကုတ်တွင် သိန်း ၅၄၀၀ တန်ဖိုးရှိ မူးယစ်ဆေးများဖမ်းမိ

**မန္တလေး၊ စက်တင်ဘာ ၁၀**

မိုးကုတ်မြို့နယ် လယ်ကြီးစစ်ဆေးရေးဂိတ်တွင် ယာဉ်တစ်စီးပေါ်မှ ကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ စက်တင်ဘာလ ၉ ရက်နေ့က ဖမ်းဆီးရမိခဲ့ကြောင်း မိုးကုတ်မြို့နယ် ရဲတပ်ဖွဲ့ထံမှ သိရသည်။

အဆိုပါစစ်ဆေးရေးဂိတ်တွင် ရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်ရာအိမ်မှူးများက မူးယစ်သတင်းအရ စစ်ဆေးစဉ် တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း မိုးကုတ်မြို့မ ရဲစခန်းမှူး ဒုတိယရဲမှူးအောင်နိုင်ဝင်းက ပြောကြားသည်။

အဆိုပါယာဉ်ပေါ်တွင် မူးယစ်ဆေးများထည့်ထားသော ဘိန်းဖြူဆပ်ပြာခွက် ၃၈၂ ခွက်၊ တန်ဖိုး ၄၅၈၄ သိန်းနှင့် စိတ်ကြွဆေးပြား ၂၉,၂၀၀ ပြား စုစုပေါင်းတန်ဖိုး ကျပ် ၅၄၆၀ သိန်းတန်ဖိုးရှိ မူးယစ်ဆေးများ တွေ့ရှိခဲ့ကြောင်း ရဲမှတ်တမ်းအရ သိရသည်။

ယင်းကဲ့သို့ မူးယစ်ဆေးဝါးများ သယ်ဆောင်လာသည့်အသက် ၂၇ အရွယ် ယာဉ်မောင်း အစိုင်းနှင့် ယာဉ်ပေါ်တွင် လိုက်ပါလာသည့် အသက် ၁၈ နှစ်အရွယ်ရှိ အိုက်ရီ၊ အသက် ၂၂ နှစ်အရွယ်ရှိ အိုက်နနှင့် အသက် ၃၀ အရွယ်ရှိ အိုက်တီ (ခ) ကျော်စိန်တို့ကို ဖမ်းဆီးထားပြီး မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ ပုဒ်မ-၁၉(က)/၂၁ ဖြင့် အမှုဖွင့်စစ်ဆေးနေကြောင်း မိုးကုတ်မြို့မ ရဲစခန်းထံမှ သိရသည်။ ■

**M-04**

# အဆိုတော်ရသကို စတင်တရားစွဲဆို

**မန္တလေး၊ စက်တင်ဘာ ၁၀**

စိတ်ကြွဆေးပြား တစ်ထောင့်ခြောက်ရာကျော် လက်ဝယ်တွေ့ရှိမှုဖြင့် မန္တလေးမြို့တော်၌ ဖမ်းဆီးခံထားရသူ အဆိုတော် ရသအပါအဝင် သုံးဦးကို စက်တင်ဘာလ ၁၀ ရက်နေ့က မန္တလေးခရိုင်တရားရုံးတွင် စတင်တရားစွဲဆိုခဲ့သည်။

အောင်ပင်လယ်ရဲစခန်းက ၎င်းတို့ သုံးဦးကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဥပဒေပုဒ်မ ၁၉ (က)/ ၂၁ တို့ဖြင့် အမှုဖွင့်ထားသော်လည်း ခရိုင်တရားရုံးသို့စွဲတင်ရာတွင် ဥပဒေအကြံပြုချက်အရ အနိမ့်ဆုံးထောင်ဒဏ် ၁၀ နှစ်မှ ရက်အကန့်အသတ်မရှိကျခံရနိုင်သော ပုဒ်မ ၁၉ (က) ဖြင့် စွဲဆိုခဲ့ပြီး ရာဇဝတ်ကြီးအမှတ် ၂၄၂ ဖြင့် တွဲဖက်ခရိုင်တရားသူကြီး ၃ ၏ တရားခွင်တွင် စွဲဆိုခဲ့ကြောင်း အဆိုပါရဲစခန်းမှ အရာရှိတစ်ဦးက ပြောကြားသည်။

ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက်အတွင်းရှိ ဟိုတယ်တစ်ခုတွင် ဩဂုတ်လ ၁၄ ရက်နေ့က စိတ်ကြွဆေးပြား တစ်ထောင့်ခြောက်ရာကျော်နှင့်အတူ အဆိုတော်ရသ၊ တိုင်းရင်းသားအဆိုတော် အမျိုးသမီးတစ်ဦး၊ ယာဉ်မောင်းအမျိုးသားတစ်ဦးတို့ကို ရဲတပ်ဖွဲ့ကဖမ်းဆီးခဲ့သော အမှုဖြစ်သည်။

"မူးယစ်ဆေးဝါးတွေကတော့ တစ်နိုင်ငံလုံးမှာ တော်တော်လေးကို ပျံ့နှံ့နေတယ်လို့သိရပါတယ်။ ဒါကို တာဝန်ရှိသူတွေက ဖြေရှင်းပေးကြပါလို့ ပြောချင်ပါတယ်။ ကျွန်တော့်သားက သူဟာ အသိတွေရှိတဲ့သူ တစ်ယောက်ဖြစ်ပါတယ်။ သူ့စိတ်သူပိုင်တယ်လို့ ပြောတတ်ပါတယ်။ အဲဒီတော့ ဆုံးမရမှာက မိဘတွေတာဝန်၊ လိုက်နာရမှာက သားသမီးတွေတာဝန်ဖြစ်ပါတယ်။ ခုဟာက ဖြစ်ချိန်တန်လို့ဖြစ်တာပါပဲပြောချင်တယ်" ဟု ရုံးချိန်းသို့ လာရောက်ခဲ့သော အဆိုတော်ရသ၏ ဖခင်ဖြစ်သူ ဦးတင်အုန်းက ပြောကြားသည်။

ယင်းသို့ဖမ်းဆီးခဲ့ပြီးနောက် ဩဂုတ်လ ၁၅ ရက်နေ့နှင့် ၂၇ ရက်နေ့တို့က ချုပ်ရက်ရမန်နှစ်ကြိမ်ယူခဲ့ပြီးနောက် စက်တင်ဘာလ ၁၀ ရက်နေ့တွင် ချုပ်ရက်ပြည့်သွားပြီဖြစ်၍ ခရိုင်တရားရုံး၌ ယင်းအမှုကို စွဲတင်ခြင်းလည်း ဖြစ်သည်။



မူးယစ်မှုဖြင့် ဖမ်းဆီးခံထားရသော ရသအပါအဝင် သုံးဦးကို စက်တင်ဘာလ ၁၀ ရက်နေ့က ရုံးထုတ်လာစဉ်

အသက် ၃၅ နှစ်ခန့်အရွယ် အဆိုတော်ရသ (ခ) ဦးရဲမင်းသိန်းသည် ကျောက်မဲမြို့မှ မူးယစ်ဆေးဝါးများဝယ်ယူပြီးနောက် မန္တလေးမြို့ခံ တိုင်းရင်းသားအဆိုတော်တစ်ဦးဖြစ်သူ မခေမီ (ခ) ဗျာတားမီးနှင့်တွေ့ဆုံကာ တည်းခိုနေစဉ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်သည်။

မူးယစ်ဆေးမှုဖြင့်ဖမ်းဆီးခံထားရသော ရသအပါအဝင်သုံးဦးကို စက်တင်ဘာလ ၁၇ ရက်နေ့တွင် ဆက်လက်စစ်ဆေးရန် မန္တလေးခရိုင်တရားရုံးက ထပ်မံချိန်းဆိုထားသည်။ ■

M-04



ဝါသီးနှံစိုက်ပျိုးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာနှင့်ပတ်သက်သည့် ဆွေးနွေးပွဲသို့ တက်ရောက်သူများကိုတွေ့ရစဉ်

# ဝါစိုက်ပျိုးမှု ဖွံ့ဖြိုးရေးမဟာဗျူဟာဆွေးနွေး

**မန္တလေး၊ စက်တင်ဘာ ၁၀**

ဝါစိုက်ပျိုးရေးကဏ္ဍတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တတိယအကြိမ်ရေးဆွဲထားသော မဟာဗျူဟာ ၂၀၂၀- ၂၀၃၀ နှင့်ပတ်သက်၍ တောင်သူများ၊ ကုန်သည်များ၊ စက်မှုလုပ်ငန်းရှင်များနှင့် တတ်သိပညာရှင်များသည် မန္တလေးမြို့ရှိ စိုက်ပျိုးရေးဦးစီးဌာန၌ စက်တင်ဘာလ ၁၀ ရက်နေ့တွင် ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

စိုက်ပျိုးမြေအဆင့်မှ ပြည်ပသို့ ရောင်းချနိုင်သည့် ကုန်စည်အထိ ပြည်တွင်း၌ အဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာအဆင့်မီအောင်လုပ်ဆောင်ခြင်းနှင့် ဆက်လက်လုပ်ဆောင်ရမည့်အချက်များပါဝင်သော မဟာဗျူဟာ တတိယမူကြမ်းနှင့်ပတ်သက်၍ အကြံပြုချက်များရယူနိုင်ရန် ကျင်းပရခြင်းဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းမြင့်က ပြောကြားသည်။

ဝါစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ တိုးတက်လာစေရန် မဟာဗျူဟာရေးဆွဲထားခြင်းဖြစ်ပြီး အားသာချက်၊ အားနည်းချက်၊ စိန်ခေါ်မှုများကို တောင်သူ၊ ကုန်သည်၊ စက်မှုလုပ်ငန်းရှင်များ၏ အကြံပြုများဖြင့် မဟာဗျူဟာရေးဆွဲမည်ဟု ၎င်းက ပြောဆိုသည်။

ယခုရေးဆွဲနေသောမဟာဗျူဟာ ပြီးစီးသွားပါက တောင်သူများ၏ဘဝ ပို၍အဆင်ပြေနိုင်လိမ့်မည်ဟု ယူဆကြောင်း ဆွေးနွေးပွဲတွင်ပါဝင်ခဲ့သည့် သာစည်မြို့နယ် အောင်သာကျေးရွာမှ ဝါစိုက်တောင်သူဦးမောင်ဝင်းက ပြောကြားသည်။

"ဒီမူကြမ်းအောင်မြင်ခဲ့ရင် ဝါဈေးကွက်ပိုကောင်းလာဖို့မျှော်လင့်တယ်" ဟု ၎င်းကပြောဆိုသည်။

အဆိုပါ မဟာဗျူဟာမူကြမ်းနှင့်ပတ်သက်၍ နေပြည်တော်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့တွင် ဆွေးနွေးပွဲများ ကျင်းပခဲ့ပြီးဖြစ်ရာ ဝါစိုက်ပျိုးမှုအများဆုံးဖြစ်သည့်တိုင်းများတွင် ဆွေးနွေးပွဲများ ထပ်မံကျင်းပ၍ အချောသတ်ရေးဆွဲမည်ဖြစ်ကြောင်း ဦးဇော်ထွန်းမြင့်က ထပ်လောင်း ပြောကြားသည်။

မြန်မာတစ်နိုင်ငံလုံးတွင် ဝါစိုက်ဧက ငါးသိန်းခွဲခန့်ရှိပြီး ငွေချည် ၆၊ ငွေချည် ၉ နှင့် ရွှေတောင် ၈ အမျိုးအစားများကို စိုက်ပျိုးနေကြောင်း စိုက်ပျိုးရေးဦးစီးဌာနထံမှ သိရသည်။ ■ M-08

# ကိုဆွေဝင်းကိုစွဲဆိုထားသည့်အမှု ပိတ်သိမ်းပေးရန် လျှောက်ထားချက် တိုင်းတရားလွှတ်တော်ပလပ်

**မန္တလေး၊ စက်တင်ဘာ ၁၀**

မြန်မာနောင်းသတင်းဌာန၏ အယ်ဒီတာချုပ် ကိုဆွေဝင်းကိုစွဲဆိုထားသည့်အမှုအား ရုပ်သိမ်းပေးရန် စွပ်စွဲခံရသူ၏ ဥပဒေအကျိုးဆောင်အဖွဲ့၏ လျှောက်ထားချက်ကို တိုင်းတရားလွှတ်တော်က စက်တင်ဘာလ ၁၀ ရက်နေ့တွင် ပလပ်ခဲ့သည်။

ယင်းသို့လျှောက်ထားမှုနှင့် ပတ်သက်၍ ဩဂုတ်လ ၂၃ ရက်နေ့တွင် နှစ်ဖက်ရှေ့နေများ လျှောက်လဲချက်ပေးခဲ့ပြီးနောက် ယခုကဲ့သို့ ပယ်ချလိုက်ခြင်းဖြစ်သည်။

"ကျွန်တော်တို့က ဒီအမှုကို ပလပ်ပေးဖို့တောင်းဆိုတာပေါ့နော်။ အဲဒါကို တိုင်းတရားလွှတ်တော်က ပလပ်တယ်ဆိုတော့ စွဲဆိုထားတဲ့အမှုအတိုင်း ဆက်လက်စစ်ဆေးဖို့လိုတယ်ထင်တယ်လို့ ယူဆပါတယ်။ စီရင်ချက်ကို အသေးစိတ်မသိသေးတဲ့အတွက်တော့ ပြောဖို့နည်းနည်းခက်ပါတယ်။ ကျွန်တော်တို့အနေနဲ့က ပြည်ထောင်စု တရားလွှတ်တော်မှာ ရာဇဝတ်ပြင်ဆင်လျှောက်မလား၊ မြို့နယ်တရားရုံးမှာပဲအမှုကို ဆက်ရင်ဆိုင်မလား ဆိုတာတော့ ကာယကံရှင်ကိုဆွေဝင်းနဲ့တိုင်ပင်ရဦးမှာပါ" ဟု ကိုဆွေဝင်း၏ ဥပဒေအကြံပေးအဖွဲ့မှ တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်မြင့်က ပြောကြားသည်။

ကိုဆွေဝင်းသည် ၎င်း၏ဖေ့စ်ဘွတ်ခ်စာမျက်နှာတွင် ဆရာတော်ဦးဝီရသူ ပါရာဇိကကျသွားပြီဖြစ်ကြောင်း သိရသည်ဟုရေးသားခဲ့သည့်အပေါ် ဆရာတော်ဦးဝီရသူ၏ ဒါယကာတစ်ဦးဖြစ်သူ ဦးကျော်မျိုးရွှေက ၂၀၁၇ ခုနှစ် မတ်လ ၇ ရက်နေ့ညပိုင်းက မဟာအောင်မြေမြို့နယ်၊ အမှတ် (၇) နယ်မြေရဲစခန်းတွင် ဆက်သွယ်ရေး ဥပဒေ ပုဒ်မ ၆၆ -ဃဖြင့် အမှုဖွင့်တိုင်ကြားခဲ့ပြီးနောက် ယင်းနှစ် ဇူလိုင်လကစ၍ အမှုရင်ဆိုင်နေရခြင်းဖြစ်သည်။

တရားလိုဖြစ်သူ ဦးကျော်မျိုးရွှေမှာမူ လက်ရှိတွင် နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ထောင်တစ်နှစ်ခွဲ ကျခံနေရကာ ကိုဆွေဝင်းသည်လည်း လက်ရှိတွင် တရားစခန်းဝင်နေသည်။ ■

M-04



Photo - PHAY Vlog facebook page

# ပူတာအိုတွင် နှစ်ပေါင်း ၆၀ ကျော်အတွင်း ပထမဆုံးအကြိမ် ရေကြီးရေလျှံ

**ကလေး၊ စက်တင်ဘာ ၁၀**

မြန်မာပြည် မြောက်ပိုင်းစွန်းဒေသ ကချင်ပြည်နယ်၊ ပူတာအိုမြို့နယ်၌ နှစ်ပေါင်း ၆၀ ကျော်ကာလအတွင်း ပထမဆုံးအကြိမ် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး လူနေအိမ် တစ်ထောင်ကျော် ရေဝင်နစ်မြုပ်ခဲ့ကြောင်း ပူတာအိုမြို့နယ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးယောစီက ပြောကြားသည်။

မိုးဆက်တိုက်ရွာသွန်းမှုကြောင့် စက်တင်ဘာလ ၈ ရက်နေ့ ည ၈ နာရီခန့်မှစ၍ ပူတာအိုမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းသည့် ပါဒိတ်ချောင်း၊ ဆန်ဂေါင်ချောင်းနှင့် နန်မလတ်ချောင်းရေ မြင့်တက်လာကာ ပူတာအိုမြို့နယ် မြောက်ဘက်ပိုင်းဒေသမှ ကျေးရွာ ၁၀ ရွာကျော်ရှိ လူနေအိမ်တစ်ထောင်ကျော်မှာ နေအိမ်များအောက်ထပ်တွင် ရေများဝင်ရောက်ခဲ့သည့်အပြင် ချောင်းကမ်းပါးဘေးရှိ နေအိမ်များမှာလည်း ရေနှင့်မျောပါပျက်စီးခဲ့ကြောင်း ၎င်းက အတည်ပြုပြောဆိုသည်။

ထို့ပြင် စိုက်ပျိုးပြီး လယ်ယာမြေများအတွင်း ကျောက်ခဲများနှင့် သစ်တုံးအပိုင်းအစအများအပြားဝင်ရောက်ခဲ့သဖြင့် လယ်ယာမြေများ ပျက်စီးမှုရှိခဲ့ပြီး လူများစားသုံးရန် နေအိမ်များတွင် သိုလှောင်ထားသည့် ဆန်၊ စပါးများလည်း ပျက်စီးဆုံးရှုံးခဲ့ကာ မွေးမြူထားသည့် အိမ်မွေးတိရစ္ဆာန်များလည်းသေဆုံးမှုရှိခဲ့ကြောင်း ယင်းဒေသခံများထံမှ သိရသည်။

“အခုအဲဒီရွာတွေကို ဖောင်နဲ့သွားရတယ်။ လူတွေကတော့ နီးစပ်ရာ ဆွေမျိုးတွေအိမ်မှာ နေထိုင်နေကြတယ်။ ပူတာအိုမှာ ဒီလောက်ရေကြီးတာ ဒီနှစ်တော့ အဆိုးဆုံးပဲ။ ဒီလောက်ကြီးတာ ဒါပထမဆုံးပဲ” ဟု အသက် ၇၀ အရွယ် လွှတ်တော်ကိုယ်စားလှယ် ဦးယောစီက ပြောဆိုသည်။

ပြီးခဲ့သည့်ရက်ပိုင်းက ကချင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးခဲ့ပြီး စက်တင်ဘာလ ၉ ရက်နေ့တိုင်းထွာချက်များအရ ပူတာအိုမြို့တွင် မိုးရေချိန်မှာ ၄ ဒသမ ၀၁ လက်မရရှိခဲ့ပြီး၊ မြစ်ဆုံတွင် မိုးရေချိန် ၁ ဒသမ ၈၅ လက်မနှင့် မိုးကောင်းမြို့တွင် မိုးရေချိန် ၁ ဒသမ ၅၇ လက်မရှိခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနထံမှ သိရသည်။

“မုတ်သုံလေဆုတ်ခွာခါနီးအချိန်ဖြစ်တော့ မိုးတိမ်တောင်ကြီးတွေဖြစ်ပေါ်ပြီး မိုးသည်းထန်မိုးကြီးခဲ့တာပါ”ဟု အဆိုပါဌာန ညွှန်ကြားရေးမှူး ဦးကျော်လွင်ဦးက ပူတာအိုမြို့တွင် ယခုကဲ့သို့ရေကြီးရေလျှံမှုများဖြစ်ပေါ်ရခြင်းနှင့် ပတ်သက်၍ မှတ်ချက်ပြုပြောဆိုသည်။

ပူတာအိုမြို့နယ်အတွင်း မိုးသည်းထန်ပြီး တောင်ကျချောင်းရေရုတ်တရက်ကျဆင်းလာခြင်းကြောင့် ချောင်းများကိုဖြတ်ပြီး ဖောက်လုပ်ထားသည့် ကြိုးတံတားနှင့် သစ်သားတံတားများ စုစုပေါင်းတံတား ၅ စင်းမှာလည်းပျက်စီးခဲ့ပြီး တစ်ရွာနှင့် တစ်ရွာ ဆက်သွယ်သွားလာသည့် လမ်းများလည်း ပျက်စီးခဲ့ကြောင်း၊ စက်တင်ဘာလ ၁၀ ရက်နေ့ ချောင်းရေကျဆင်းသည့်အချိန်တွင် လမ်းပြုပြင်မှုများကို လုပ်ဆောင်နေပြီဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အဆိုပါ ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း မန်စေအုပ်စု၊ ဝါးခီကျေးရွာမှ ကလေးနှစ်ဦးနှင့် မူလာရှီးဒီကျေးရွာမှ ၁၂ နှစ်အရွယ် ကလေးငယ်တစ်ဦး စုစုပေါင်းသုံးဦးမှာ ရေထဲမျောပါကာ သေဆုံးခဲ့သည်ဟု ဒေသခံများ၏အဆိုအရသိရသော်လည်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နှင့် ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတာဝန်ရှိသူများကမူ သေဆုံးသူမရှိဟုသာ အတည်ပြုပြောဆိုထားသည်။

“အခု ရေပြန်ကျနေပါပြီ။ ထောက်ပံ့မှုတွေလုပ်ဖို့ စာရင်းလိုက်ကောက်နေပါတယ်”ဟု ပူတာအိုမြို့နယ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဦးစီးမှူး ဦးနေအောင်က ပြောဆိုသည်။

■ R-20

# မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်း၌ ခရီးသည်တင်ယာဉ်နှစ်စီးတိုက်၊ ၆ ဦးဒဏ်ရာရ

**ချောက်၊ စက်တင်ဘာ ၁၀**

မန္တလေးတိုင်း မိတ္ထီလာ-ကျောက်ပန်းတောင်းလမ်းပိုင်း မိုင်တိုင် ၄၃ မိုင် ၂ ဖာလုံအနီး၌ စက်တင်ဘာလ ၉ ရက်နေ့ ည ၈ နာရီခွဲခန့်က ခရီးသည်တင်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိခြင်းကြောင့် ခရီးသည် ၆ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လက်ပံပျားနယ်မြေရဲစခန်းထံမှ သိရသည်။

မိတ္ထီလာဘက်မှ ကျောက်ပန်းတောင်းဘက်သို့ လှည်းကူးမြို့နယ်နေ ဦးအောင်မိုး(၃၃ နှစ်)မောင်းနှင်လာသည့် မြသုံးလုံးခရီးသည်တင်ယာဉ်နှင့် ကျောက်ပန်းတောင်းမြို့ဘက်မှ မိတ္ထီလာဘက်သို့ မုံရွာမြို့မြင်းတံရပ်ကွက်နေ ဦးရန်နိုင်ထွန်း(၃၂ နှစ်)မောင်းနှင်လာသည့် ရွှေစင်စကြာ ခရီးသည်တင်ယာဉ်တို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင်ဝင်တိုက်မိပြီး ရွှေစင်စကြာယာဉ်ပေါ်မှ ခရီးသည် အမျိုးသား ၃ ဦးနှင့် အမျိုးသမီး ၃ ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည့်အတွက် ကျောက်ပန်းတောင်းမြို့နယ်ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်း အဆိုပါရဲစခန်းထံမှ သိရသည်။

အဆိုပါယာဉ်တိုက်မှုနှင့် ပတ်သက်၍ ယာဉ်မောင်းများကို လက်ပံပျား နယ်မြေရဲစခန်းက ယာဉ်(ပ)၁၄/၂၀၁၈၊ ရာဇသတ်ကြီး ပုဒ်မ ၃၃၈/၃၃၇ ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်နေကြောင်း ယင်းရဲစခန်းထံမှ သိရသည်။

■ R-24

# အလောင်းတော်ကဿပ အမျိုးသားဥယျာဉ်အတွင်း တရားမဝင်သစ်ခိုးထုတ်သူများဖမ်းမိ

**မုံရွာ၊ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကနီမြို့နယ်၊ အလောင်းတော်ကဿပအမျိုးသားဥယျာဉ်အတွင်း၊ မုံရွာ- ယာကြီး- ကလေးဝလမ်း မိုင်တိုင်အမှတ် (၅၇/၂)မိုင်အနီးတွင် တရားမဝင်သစ်များကို သယ်ဆောင်လာသူနှစ်ဦးနှင့် အတူဖမ်းဆီးရမိခဲ့ကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

အမျိုးသား ဥယျာဉ်ဝန်ထမ်းများနှင့် ကနီမြို့နယ်သစ်တောဝန်ထမ်းများပါဝင်သည့်အဖွဲ့က စက်တင်ဘာလ ၅ ရက်နေ့က ဥယျာဉ်အတွင်း ကင်းလှည့်စစ်ဆေးရာတွင် ယင်းနေရာအနီး၌ တရားမဝင်ပိတောက်ခွဲသားငါးချောင်း ၀ ဒသမ ၀၇၅၀ တန်ကို ဆိုင်ကယ်နှစ်စီး၊ တရားမဝင်သစ်သယ်ဆောင်သူနှစ်ဦးနှင့် အတူဖမ်းဆီးရမိခဲ့ကြောင်း အဆိုပါဌာနထံမှ သိရသည်။

အလားတူယင်းနေ့က အဆိုပါဥယျာဉ်အတွင်းမှ တရားမဝင်ပိတောက်ခွဲသား ၁၂ ချောင်း၊ ၀ဒသမ ၁၈၀၀ တန်ကိုဆိုင်ကယ်လေးစီးနှင့် အတူပိုင်ရှင်မဲ့ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း၊ အဆိုပါဆက်တိုက်ဖမ်းဆီးရမိမှုများနှင့် ပတ်သက်၍ ဆက်စပ်ပတ်သက်သူများကိုအရေးယူနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနထံမှ သိရသည်။

မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် တရားမဝင်သစ်ခိုးထုတ်မှုများရှိနေပြီး ဖမ်းဆီးရမိမှုစာရင်းများအရ တရားမဝင် သစ်ခိုးထုတ်မှုများသည့်ဒေသများမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြောင်း အဆိုပါဌာနထံမှ သိရသည်။ ■



ဓာတ်ပုံ - သစ်တောဦးစီးဌာန

သတင်း ကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၁

# ပဲခူးတရားမဝင် စက်သုံးဆီဆိုင်များကို အရေးယူရန် ပြင်ဆင်

**တောင်ငူ၊ စက်တင်ဘာ ၁၀**

ပဲခူးတိုင်းဒေသကြီးအတွင်း တရားမဝင်ဖွင့်လှစ်ရောင်းချနေသည့် စက်သုံးဆီဆိုင်များကို ယခုနှစ်ကုန်ပိုင်းမှ စတင်၍ အရေးယူရန် ပြင်ဆင်နေပြီဖြစ်ကြောင်း ပဲခူးတိုင်း မြန်မာ့ရေနံနှင့် ရေနံထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပဲခူးတိုင်းအတွင်း တရားမဝင်ရောင်းချနေသည့် စက်သုံးဆီဆိုင် ၃၀ ကျော်ကို အရေးယူမည်ဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ စက်သုံးဆီဆိုင်များကို ယခုနှစ် ဇန်နဝါရီလအတွင်းက သတိပေးစာ ထုတ်ပြန်ခဲ့ပြီးနောက် ဖေဖော်ဝါရီလခန့်တွင် အရေးယူရန်ပြင်ဆင်ခဲ့သော်လည်း လုပ်ငန်းရှင်များဘက်မှ ပြင်ဆင်မှုပြုလုပ်နိုင်ရန် ဒီဇင်ဘာလသို့ ထပ်တိုးပေးခဲ့ခြင်းဖြစ်ကာ ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်ရန် သတိပေးခဲ့ပြီးဖြစ်ကြောင်း ပဲခူးတိုင်း မြန်မာ့ရေနံနှင့် ရေနံထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးလုပ်ငန်းထံမှ သိရသည်။

ပဲခူးတိုင်းအတွင်းရှိ တရားမဝင် စက်သုံးဆီဆိုင်များကို ပုဂ္ဂလိကစက်သုံးဆီဆိုင်ကြီးများကဲ့သို့ တည်ဆောက်ရောင်းချနေကြပြီး ယင်းဆိုင်များသည် မြေပိုင်ဆိုင်ခွင့်ပုံစံမရသည့်အတွက် စက်သုံးဆီရောင်းချခွင့် လိုင်စင် လျှောက်ထားသော်လည်း မရသည့်အတွက် အရေးယူမည်ဆိုပါက နစ်နာမှုများရှိလာနိုင်ကြောင်း တောင်ငူမြို့မှ စက်သုံးဆီဆိုင်ပိုင်ရှင်တစ်ဦးက ပြောကြားသည်။

"အရေးယူမယ်ဆိုတာက တာဝန်ရှိသူတွေ တကယ်လုပ်မယ်ဆိုရပါတယ်။ တိုင်းထဲမှာ တရားမဝင် စက်သုံးဆီဆိုင်ကြီးအများစုက လိုင်စင်ရပြီး မရတဲ့ဆိုင်တွေက ၃၀ ကျော်ပဲရှိပြီး ဘက်ထရီပန့်ဆိုင်ပေါင်းက မရေတွက်နိုင်ပါဘူး" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ ရေနံစိမ်းဈေး မြင့်တက်ခဲ့သည့်အပြင် ပြည်တွင်း နိုင်ငံခြားငွေဈေး မတည်ငြိမ်မှုများကြောင့် ဩဂုတ်လ နောက်ဆုံးပတ်က စတင်ပြီး ဒေသတွင်း စက်သုံးဆီဈေးဆက်တိုက်မြင့်တက်ခဲ့ပြီး လက်ရှိ စက်သုံးဆီ တစ်လီတာ ကျပ် ၁၀၀၀ ကျော်ဈေးရှိကြောင်း ဒေသတွင်းစက်သုံးဆီ အရောင်းဆိုင်များထံမှ သိရသည်။

ပဲခူးတိုင်းအတွင်း တရားဝင် စက်သုံးဆီအရောင်းဆိုင် ၂၃၇ ဆိုင်၊ တရားမဝင်ဆီဆိုင် ၃၀ ကျော်နှင့် ဘက်ထရီပန့်ဖြင့် ရောင်းချသည့်ဆိုင် လေးရာကျော်ရှိကြောင်း ယင်းတိုင်းအတွင်းရှိ စက်သုံးဆီဆိုင်များထံမှ သိရသည်။ ■ R-15




**ဆိပ်ဖြူကြက်သွန်ဒိုင်၌ စက်တင်ဘာလ ၁၀ ရက်နေ့က ကြက်သွန်ရောင်းဝယ်နေကြသည်ကို တွေ့ရစဉ်**

# ဆိပ်ဖြူကြက်သွန်နီတစ်ပိဿာကျပ်၇၀၀ကျော်အထိ မြင့်တက်

**ချောက်၊ စက်တင်ဘာ ၁၀**

ဈေးနှုန်းကျဆင်းနေသော မကွေးတိုင်း ဆိပ်ဖြူမြို့ရှိ ကြက်သွန်နီအဝယ်ဒိုင်ဈေးကွက်၌ ကြက်သွန်နီဈေးသည် ယခုအခါတစ်ပိဿာလျှင် ကျပ် ၇၀၀ အထိ မြင့်တက်ကြောင်း အဆိုပါကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

အဆိုပါ ကြက်သွန်ဈေးနှုန်းများသည် ဩဂုတ်လအတွင်းအထိ ကျဆင်းနေရာမှ စက်တင်ဘာလဆန်းပိုင်းမှ စတင်၍ ရန်ကုန်ဈေးကွက်မှ အဝယ်များလာသည့်အတွက် ကြက်သွန်ဈေးနှုန်းများမြင့်တက်လာပြီး ဩဂုတ်လ ဒုတိယပတ်အတွင်းကထက် ဆိပ်ဖြူကြက်သွန် တစ်ပိဿာလျှင် ကျပ် ၅၀၀ မှ ၇၀၀ ကျော်အထိ မြင့်တက်ကြောင်း အဆိုပါကြက်သွန်ဈေးကွက်အတွင်းမှ သိရသည်။

"အရင်သုံးရက်လောက်က တစ်ရက်ကို၅၀၊ ၁၀၀၊ ၁၅၀ ကျပ်လောက်တက်တာ။ ဒီနေ့မှ ၅၀၀ ကျော်ထိ မြင့်တက်သွားတာ။ အရင်ရက်တွေက ရန်ကုန်မှာ တစ်ပိဿာကို သုံးရာကျပ်ကျော် ဈေးတက်နေတယ်။ ရန်ကုန်ဝယ်လိုအားက ပိုကောင်းလာတယ်။ တောင်သူတွေဆီမှာလည်း ကြက်သွန်နီက သိပ်မရှိတော့ ဒိုင်ကိုလည်း ကြက်သွန်နီအဝင်နည်းတယ်" ဟု ယင်းကြက်သွန်နီအဝယ်ဒိုင်ဦးမှတ်ကျော်က ပြောဆိုသည်။

ဆိပ်ဖြူကြက်သွန်ကုန်စည်ဒိုင်သို့ ဩဂုတ်လကုန်ခါနီးတွင် ကြက်သွန်နီကုန်ချိန်ပိဿာချိန် လေးသောင်းကျော်ဝင်သော်လည်း ယခုစက်တင်ဘာလဆန်းပိုင်းမှစတင်ပြီး ကုန်ချိန်တစ်သောင်းခွဲခန့်သာ ဝင်ရောက်ကြောင်း ယင်းဒိုင်ထံမှ သိရသည်။

လက်ရှိဆိပ်ဖြူ ကြက်သွန်နီဈေးသည် လုံးကြီးရှယ်တစ်ပိဿာလျှင် ၁၂၂၅ ကျပ်၊ လုံးကြီး တစ်ပိဿာလျှင် ၁၁၀၀ ကျပ်၊ လုံးလတ်တစ်ပိဿာလျှင် ၉၇၅ ကျပ်နှင့် ၁၀၀၀ ကျပ်၊ လုံးသေးတစ်ပိဿာလျှင် ၉၀၀ ကျပ် နှင့် ၈၅၀ ကျပ်ဈေးရှိကြောင်း ဆိပ်ဖြူကြက်သွန်အဝယ်ဒိုင်ထံမှ သိရသည်။ ■ R-24

# ဆိုင်ကယ်ကယ်ရီသမားကို ဓားနှင့်ထိုးသည့် ရဲတပ်ဖွဲ့ဝင်များကို အရေးယူမည်

**တောင်ငူ၊ စက်တင်ဘာ ၁၀**

ပဲခူးတိုင်း ပဲခူးမြို့နယ် ဥဿာမြို့သစ်တွင် စက်တင်ဘာလ ၆ ရက်နေ့ ညပိုင်းက ဖြစ်ပွားခဲ့သည့် ရဲတပ်ဖွဲ့ဝင်များက ဆိုင်ကယ်ကယ်ရီသမားကို ဓားနှင့်ထိုးသည့်ဖြစ်စဉ်မှ ရဲတပ်ဖွဲ့ဝင်များကို ရာဇသတ်ကြီး ဥပဒေအပါအဝင် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေများဖြင့်လည်း အရေးယူမည်ဖြစ်ကြောင်း ယင်းမြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ မြို့သစ် ရပ်ကွက်ကြီး ၄ ဗိုလ်ချုပ်အောင်ဆန်းလမ်းဘေးရှိ G-7 KTV မှပြန်လာသည့် ပိန်းဇလုပ်နယ်မြေစခန်းမှ ရဲတပ်သားမင်းထက်ထက်အောင် အပါအဝင် နယ်မြေစခန်းအသီးသီးမှ ရဲတပ်ဖွဲ့ဝင်ငါးဦးသည် ရပ်ကွက်ကြီး ၂ ဘုရင့် နောင်လမ်းထောင့်တွင် ဆိုင်ကယ်ကယ်ရီသမား ဦးစိုးနိုင်(၄၄ နှစ်)ကို လိုက်ပို့ပေးရန် ပြောဆိုရာမှ စကားများရန်ဖြစ်ခဲ့ကြပြီးနောက် လုံးထွေးသတ်ပုတ်ခဲ့ကြစဉ် ဖောင် တော်သီနယ်မြေစခန်းမှ ရဲတပ်သား အာကာဖြိုးက လေးလက်မရှိ ခေါက်ဓားဖြင့် ဦးစိုးနိုင် ဝမ်းဗိုက်ကို တစ်ချက်ထိုးပြီး တိမ်းရှောင်ခဲ့ကြခြင်းဖြစ်ကြောင်း အဆိုပါရဲတပ်ဖွဲ့ထံမှ သိရသည်။

လတ်တလော ယင်းရဲတပ်ဖွဲ့ဝင်ငါးဦး ကို တာဝန်မှ ရပ်နားထားပြီး ဖမ်းဆီးထိန်းသိမ်းထားကာ ယင်းကိစ္စနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးမှုများလည်း ပြုလုပ်နေကြောင်း အဆိုပါတာဝန်ရှိသူက ဆိုသည်။

ဓားဖြင့်ထိုးခံခဲ့ရသူ ဦးစိုးနိုင်သည် ပဲခူးဆေးရုံကြီးတွင် တက်ရောက်ကုသနေပြီး စိုးရိမ်ဖွယ်ရာမရှိကြောင်း၊ မြို့နယ်နှင့် ခရိုင် ရဲတပ်ဖွဲ့က လိုအပ်သည်များကို ကူညီ ပေးမည်ဖြစ်သည်ဟု ကတိပေးထားသည့် အတွက် အမှုဖွင့်လှစ်ထားခြင်း မရှိကြောင်း ကာယကံရှင်နှင့် နီးစပ်သူများထံမှ သိရသည်။ ■ R-15

# ကလေးတွင် မိန်းမကိုယ်အတွင်းဝှက်၍ သယ်လာသည့် မူးယစ်ဆေးဝါးများ ဖမ်းမိ

**ကလေး၊ စက်တင်ဘာ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့တွင် စက်တင်ဘာလ ၉ ရက်နေ့ ညနေ ၅ နာရီခန့်က ခရီးသည်တင်ယာဉ်တစ်စီးပေါ် လိုက်ပါလာသည့် အမျိုးသမီးတစ်ဦးထံမှ မိန်းမကိုယ်အတွင်းဝှက်၍ သယ်ဆောင်လာသည့် မူးယစ်ဆေးဝါးများကို ဖမ်းဆီးရမိခဲ့ကြောင်း မူးယစ်တပ်ဖွဲ့စု(၅) ကလေးမြို့မှ သိရသည်။

ယင်းနေ့က တမူးမြို့ဘက်မှ ကလေးမြို့ဘက်သို့ မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်တစ်စီးကို ကလေးမြို့နယ် ရန်မျိုးအောင်ကျေးရွာအဝင် နန်းကျစ်လှော် တံတားအနီးတွင် ရပ်တန့်စေပြီး ယာဉ်ပေါ်ပါ ခရီးသည်များကို စစ်ဆေးခဲ့ရာ ကလေးမြို့နေ ဒေါ်ငြေးဝင်း ၅၄ နှစ်၏ မိန်းမကိုယ်အတွင်း ကွန်ဒုံးဖြင့် ထည့်၍ သယ်ဆောင်လာသည့် ကျပ် ၂ သိန်းခန့်တန်ဖိုးရှိ ဘိန်းဖြူနှင့် ကျပ်တစ်သိန်းခြောက်သောင်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း မူးယစ်တပ်ဖွဲ့စု(၅) ကလေးမြို့မှ တာဝန်ရှိသူတစ်ဦးက ပြောဆိုသည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိခဲ့သူကို ကလေးမြို့မရဲစခန်းတွင် မယ(ပ)၁၂၄/၂၀၁၈၊ မူးစိတ်ပုဒ်မ - ၁၉(က) ဖြင့် အမှုဖွင့် အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါစခန်းမှ သိရသည်။ ■ R-20

ဖြန့်ချိရေးကိစ္စ ဆက်သွယ်လိုပါက . . .
ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၃ (ရန်ကုန်)
ဖုန်း - ၀၉ ၂၅၉၂၃၅၁၈၆ (မန္တလေး)

# ကျောက်စရစ်စုပ်လုပ်ငန်းများကြောင့် ဧရာဝတီမြစ်လယ်စကြံကျွန်း ကမ်းပါးပြို

ပြည်၊ စက်တင်ဘာ ၁၀

ပန်းတောင်းမြို့နယ်အတွင်းရှိ ဧရာဝတီမြစ်လယ်ကျွန်းတစ်ကျွန်းဖြစ်သော စကြံကျွန်းမှာ ကျောက်စရစ်စုပ်လုပ်ငန်းများကြောင့် ကမ်းပါးများပြိုကျလျက်ရှိပြီး တောင်သူများ၏ စိုက်ပျိုးမြေများဆုံးရှုံးလျက်ရှိကြောင်း ဒေသခံတောင်သူများက ပြောကြားသည်။

ပန်းတောင်းမြို့နယ် ရွာသာယာကျေးရွာ စိုက်ပျိုးရေးလုပ်ကိုင်စားသောက်သော ဧရာဝတီမြစ်လယ်ရှိ မြေနုကျွန်းအမျိုးအစားဖြစ်ပြီး ကျွန်းနှင့်ကပ်လျက် ကျောက်စရစ်စုပ်လုပ်ကွက်မှ ကျောက်စရစ်များ အဆမတန်ထုတ်ယူခြင်းကြောင့် ကျွန်းပေါ်ရှိ စိုက်ခင်းကေများပြိုကျပျက်စီးဆုံးရှုံးနေရခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။

"ကျောက်စုပ်မော်တော်တွေရဲ့အတိုင်းအတာမသိ စုပ်ထုတ်ခဲ့လို့ ကျွန်းအမြီးပိုင်းကနေ တစ်ဝက်လောက်ပြတ်ထွက်သွားပြီး ပြိုကျခဲ့ပါတယ်။ အရှေ့ကလည်းပြို အနောက်ကလည်းပြို အမြီးကလည်း ပြတ်ထွက်ခဲ့ပြီ" ဟု ရွာသာယာကျေးရွာမှ ဦးသန်းဇော်က ပြောဆိုသည်။

ယင်းကြောင့် အဆိုပါ ကျောက်စရစ်စုပ်မော်တော်များကို ဖယ်ရှားပေးစေလိုကြောင်း၊ ကျောက်စရစ်စုပ်ခွင့်ပေးသကဲ့သို့ မြေနုကျွန်းကိုလည်း မပျောက်ပျက်အောင် ထိန်းသိမ်းပေးစေလိုကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

"ကျွန်တော်တို့ကတော့ လုပ်ကွက်တစ်ကွက်ကို ၇ စီးပဲ စုပ်ခွင့်ပေးထားတယ်။ စည်းကမ်းချက်လည်း တစ်ခါတည်း ထုတ်ပေးထားတယ်။ စည်းကမ်းချက်မှာ လုပ်ငန်းရှင်တွေ လိုက်နာရမယ်လို့ လက်မှတ်ထိုးထားတယ်။ ကျောက်စရစ်စုပ်တာနဲ့ပတ်သက်လို့ မကျေနပ်တာတို့ မကျေမလည်ဖြစ်တာတို့ဆိုရင် မြို့နယ်မြစ်သဲကျောက်ထုတ်လုပ်မှုကြီးကြပ်ရေး ကော်မတီရှိတယ်။ ကျေးရွာအဆင့်ထိရှိတယ် တိုင်ကြားရင် အရေးယူပေးမယ်" ဟု ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးဉာဏ်ဇော်က ပြောဆိုသည်။

ကျောက်စရစ်စုပ်မှုများတွင် ခွင့်ပြုချက်လိုင်စင်၏ သတ်မှတ်ပမာဏထက် ပိုမိုတိုးစုပ်ယူခြင်း၊ သတ်မှတ်စင်းရေထက်တိုး၍ စုပ်ယူခြင်းနှင့် သတ်မှတ်ကာလကျော်လွန်စုပ်ယူခြင်းများလည်းရှိပြီး သွားရောက်တားမြစ်ပါက မစုပ်ဘဲပြန်သွားပြီး တားမြစ်သူများမလာပါက ကျွန်းနားထိကပ်ကာ မြစ်သဲကျောက်စုပ်လုပ်ငန်းများကိုလုပ်ဆောင်နေကြကြောင်း ဒေသခံများထံမှ သိရသည်။

ပြည်ခရိုင်အတွင်း ဧရာဝတီမြစ် မြစ်သဲကျောက်စုပ်လုပ်ကွက် ၂၉ ခုရှိပြီး ကျောက်စရစ်စုပ်ယူခြင်းနှင့် ပတ်သက်၍ နိုင်ငံတော်အစိုးရက ကျောက်စရစ်တစ်ကျင်းလျှင် နှစ်ထောင့်ငါးရာကျပ်နှုန်း ခွန်အဖြစ်ရရှိကြောင်း ပြည်ခရိုင်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ ■

M-06



ဇော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပွဲသို့ တက်ရောက်သူများ။

# မွန်ပြည်နယ်တွင် ရော်ဘာသစ်ပါးလွှာစက်ရုံ လိုသည်ထက်များဟု ဒေါက်တာအေးဇံပြော

မော်လမြိုင်၊ စက်တင်ဘာ ၁၀

မွန်ပြည်နယ် ၁၀ မြို့နယ်အတွင်းရှိ ရော်ဘာသစ်ပါးလွှာစက်ရုံများမှာ လိုအပ်သည်ထက် ပိုများနေကြောင်း စက်တင်ဘာလ ၁၀ ရက်နေ့က ပြုလုပ်သည့် ရော်ဘာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာဆွေးနွေးပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံက ပြောကြားသည်။

"မွန်ပြည်နယ် MIC (ရင်းနှီးမြှုပ်နှံမှုကော်မရှင်) ကနေတက်လာတဲ့စာရင်းတွေအရ ရော်ဘာသစ်ပါးလွှာစက်ရုံက တစ်နေ့ထက်တစ်နေ့ ပိုမိုးတိုးချဲ့ဆောက်လုပ်နေတာတွေ့ရတယ်၊ လိုတာတော့လိုပါတယ်။ လိုတာထက်များလာရင် ရေရှည်အတွက်မသင့်တော်ဘူး။ ဒါကြောင့် အခုအချိန်ကစပြီး နောက်ထပ်ခွင့်ပြုပေးဖို့ စဉ်းစားရမယ်" ဟု ၎င်းကပြောဆိုသည်။

လက်ရှိအချိန်၌ မွန်ပြည်နယ်တွင် ရော်ဘာသစ်ခုတ်လှဲခွင့် ပိတ်ပင်ထားသော်လည်း ရော်ဘာသစ်ပါးလွှာစက်ရုံများ တိုးလာခြင်းကြောင့် ဝန်ကြီးချုပ်က ပြောဆိုခဲ့ခြင်းဖြစ်သည်။

မွန်ပြည်နယ်တွင် လက်ရှိအချိန်၌ ရော်ဘာသစ်စက်ရုံနှင့် ရော်ဘာသစ်ပါးလွှာစက်ရုံ ၁၉ နေရာခန့်ရှိပြီး ထိုစက်ရုံများကို ကုမ္ပဏီ ၁၅ ခုက ပိုင်ဆိုင်ကြောင်း မွန်ပြည်နယ် ရော်ဘာဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတာဝန်ခံ စောအောင်မြင့်ခိုင်က ပြောကြားသည်။

"စက်ရုံ ၁၉ ခုအတွက် တစ်နှစ်တာအသုံးပြုမယ့်ကုန်ကြမ်းက အများကြီးဆိုတော့ ဘယ်အချိန်မှာ ကုန်ကြမ်းကုန်သွားမလဲ၊ ဒီလိုပြန်တွက်ကြည့်တော့ ၁၉ ရုံဆိုတာများလွန်းနေတဲ့ အနေအထားမှာရှိနေတယ်၊ MIC ကနေ ခွင့်ပြုချက်ရထားတဲ့စက်ရုံက တစ်နေရာ၊ ကျန်တာက သူတို့စက်ရုံခွဲလေးတွေ ဖြစ်နေတယ်" ဟု ၎င်းက ရှင်းပြသည်။

ရော်ဘာခုတ်လှဲခွင့်နှင့် ပတ်သက်၍ မိုးရာသီတွင် ရော်ဘာခုတ်လှဲခွင့်ကို ပိတ်ထားသော်လည်း ရော်ဘာပင်အိုများကိုမူ သက်ဆိုင်ရာမြို့နယ်များ၏ ထောက်ခံချက်ပေါ်မူတည်၍ စိုက်ပျိုးရေးဌာနက ခုတ်ခွင့်ပြုပေးကြောင်း ကရင်တိုင်းရင်းသားရေးရာဝန်ကြီးလည်းဖြစ်သူ ၎င်းက ဆက်လက်ပြောဆိုသည်။

မွန်ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မရှင် (MIC) အနေနှင့် ခွင့်ပြုချက်ပေးထားသည့်စက်ရုံ သုံးရုံသာရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သိရသည်။ ■

R-21

# ရန်ကုန်-ဧရာဝတီ တိုင်းချင်းဆက်လမ်း ဆက်မခင်း၍ ဒေသခံများအခက်ကြုံ

တိုက်ကြီး၊ စက်တင်ဘာ ၁၀

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းကို ဆက်သွယ်ထားသော ဥတို-ဆကာကြီး လမ်း ၅ မိုင်၄ ဖာလုံကို ငါးနှစ်ကျော် ကြာသည်အထိ အပြီးမသတ်နိုင်သေးသောကြောင့် ကျေးရွာအုပ်စု ၂၁ စုမှဒေသခံများ သွားလာရေးအခက်အခဲဖြစ်ရကြောင်း ဒေသခံကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများက ပြောကြားသည်။

အဆိုပါလမ်းကို ၂၀၁၂ ခုနှစ်ကစ၍ အစိုးရဘတ်ဂျက်ဖြင့် ကွန်ကရစ်လမ်းခင်းခဲ့ရာ လက်ရှိအချိန်အထိ ၁ မိုင် ၄ ဖာလုံ ဆက်ခင်းရန် ကျန်နေကြောင်း၊ ဥတို-ဆကာကြီးလမ်းပိုင်းကို ဓနုဖြူမြို့နယ် စံကင်းတိုက်နယ်မှ ကျေးရွာအုပ်စုကိုးစုနှင့် ဆကာကြီးတိုက်နယ်မှ ကျေးရွာအုပ်စု ၁၂ စုတို့မှ ဒေသခံများ အဓိကအားထားနေရကြောင်း ဆကာကြီးတိုက်နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်ကြည်က ပြောကြားသည်။

"ဆကာကြီးတိုက်နယ်က ဧရာဝတီမြစ်တစ်ဖက်ကမ်းက ရန်ကုန်တိုင်းနဲ့နယ်နိမိတ်ချင်းဆက်နေတယ်။ ဓနုဖြူမြို့နယ်က မြစ်တစ်ဖက်ကမ်းမှာ ဆိုတော့ ဆကာကြီးက သီးသန့်မြို့တစ်ခုလိုဖြစ်နေတယ်။ ဒေသထွက် ဆန်စပါး၊ ပဲမျိုးစုံရောင်းမယ်ဆိုရန်ကုန်တိုင်းက တိုက်ကြီးမြို့နယ် အဖျောက်မြို့ကိုသွားရောင်းရတယ်။ ကျန်းမာရေးကိစ္စဆို တိုက်ကြီးဆေးရုံသွားရတယ်။ ပညာရေးအတွက် အဖျောက်က ကိုယ်ပိုင်ကျောင်းတွေမှာတက်ရတယ်" ဟု ၎င်းက ပြောဆိုသည်။

ဧရာဝတီတိုင်း စံကင်းတိုက်နယ်နှင့်ဆကာကြီးတိုက်နယ်တို့တွင် စပါးစိုက်ဧက တစ်သောင်းကျော်ရှိပြီး ယာမြေများမှ ပဲမျိုးစုံထွက်သော်လည်း လမ်းပန်းဆက်သွယ်ရေးကြောင့် ဖွံ့ဖြိုးမှုအားနည်းနေကြောင်း၊ ဈေးများ၊ စာသင်ကျောင်းများ၊ စာကြည့်တိုက်များနှင့်ပြည်သူအကျိုးပြု အဆောက်အအုံများမှာ ကိုယ်ထူကိုယ်ထတည်ဆောက်ထားခြင်းဖြစ်ပြီး လျှပ်စစ်မီးရစေရန်လည်း ကိုယ်ထူကိုယ်ထကြိုးစားခဲ့ရကြောင်း အုပ်ချုပ်ရေးမှူးက ဆက်လက်ရှင်းပြသည်။

"အဖျောက်မှာ စပါးတင်းတစ်ရာကို ငါးသိန်းဈေးပေါက်တယ်ဆိုရင် ဆကာကြီးမှာ လေးသိန်းခွဲပဲရတယ်။ ဈေးကောင်းရအောင် စောင့်ရောင်းလို့ မရဘူး။ လမ်းမကောင်းတော့ လာဝယ်တဲ့ကုန်သည်ဆီ ရောင်းရတယ်" ဟု စံကင်းတိုက်နယ် ရုံးကျောင်းကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးစိုးအောင်ကပြောကြားသည်။ ■ R-19




ဥတို-ဆကာကြီးလမ်းမှ ကွန်ကရစ်မခင်းရသေးသောလမ်းပိုင်းကို တွေ့ရစဉ်။

## ရာသီဥတုပြောင်းလဲလာမှု ထိန်းချုပ်ရေး ဆန္ဒပြပွဲများ ကမ္ဘာတစ်လွှားကျင်းပ

**ဘာလင်၊ စက်တင်ဘာ ၁၀**

ရာသီဥတုပြောင်းလဲလာမှု ထိန်းချုပ်ရေး ဆန္ဒပြပွဲများကို ကမ္ဘာတစ်လွှားရှိ မြို့ကြီးများတွင် ကျင်းပခဲ့ကြောင်း DW သတင်းဌာနက ဖော်ပြသည်။

ပါရီသဘောတူညီချက် အသက်ဝင်စေရန်အတွက် ရည်ရွယ်သောကုလသမဂ္ဂ ဆွေးနွေးပွဲများနှင့် အချိန်ကိုက် ဆောင်ရွက်ခဲ့ကြခြင်းဖြစ်သည်။

ရာသီဥတုအတွက် နိုးထကြလော့ (Rise for Climate) ခေါင်းစဉ်ဖြင့် ဆန္ဒပြပွဲများ၏ တစ်စိတ်တစ်ဒေသအဖြစ် နိုင်ငံ ၁၀၀ ခန့်တွင် စက်တင်ဘာလ ၈ ရက်နေ့က ဆန္ဒပြပွဲပေါင်း ၁၀၀၀ နီးပါးပြုလုပ်ခဲ့ကြသည်။ ပွဲစီစဉ်သူများကအစိုးရများအနေနှင့် ရုပ်ကြွင်းလောင်စာများအပေါ် မှီခိုမှုအဆုံးသတ်ရန်နှင့် ပြန်လည်ပြည့်ဖြိုးမြဲ စွမ်းအင်သို့ လျင်လျင်မြန်မြန် ပြောင်းလဲရန် တောင်းဆိုခဲ့ကြသည်။

ယခုဆန္ဒပြပွဲများတွင် ဘန်ကောက်တွင် ပြုလုပ်နေသော ဆွေးနွေးပွဲများနှင့် အချိန်ကိုက် လုပ်ဆောင်ခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ကိစ္စအများအပြားညှိနှိုင်း၍ မရဖြစ်နေချိန်တွင် ရာသီဥတုထိန်းချုပ်ရေး လှုပ်ရှားသူများက နိုင်ငံများအနေနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဒ် ထွက်ရှိမှု လျှော့ချထိန်းချုပ်ရေး ကတိကဝတ်များ အတိုင်း ချက်ချင်းအကောင်အထည်ဖော်ကြရန် တောင်းဆိုခဲ့ကြသည်။

စာ-24




အမေရိကန်သမ္မတထရမ့်၏ အမျိုးသားလုံခြုံရေးအကြံပေး ပြောကြားမည့် မိန့်ခွန်းကို Reuters က စုံစမ်းကြည့်ရှုပြီး ရေးသားထားသည့်သတင်းဖြစ်သည်

## အမေရိကန်ကို ICC က တရားစွဲလျှင် တန်ပြန်ပိတ်ဆို့ပစ်မည်ဟု အမေရိကန်သတိပေးချက် ထွက်ပေါ်

**ဝါရှင်တန်ဒီစီ၊ စက်တင်ဘာ ၁၀**

အာဖဂန်နစ္စတန်တွင် အမေရိကန်တပ်များ၏ ကျူးလွန်ခဲ့သော စစ်ရာဇဝတ်မှုများနှင့်ပတ်သက်၍ ICC ဥပဒေအရာရှိများက စုံစမ်းစစ်ဆေးစွဲချက်တင်လာလျှင် အဆိုပါ နိုင်ငံတကာ ရာဇဝတ်ခုံရုံးကို ပိတ်ဆို့အရေးယူနိုင်သည်အထိ တင်းမာသော ရပ်တည်ချက်တစ်ရပ်ကို အမေရိကန်သမ္မတဒေါ်နယ်ထရမ့် အစိုးရက စီစဉ်လျက်ရှိကြောင်း အစိုးရထိပ်သီးအရာရှိကြီး ပြောကြားမည့်မိန့်ခွန်းကို ကြိုတင်ကိုးကားကာ Reuters သတင်းတစ်ရပ်က ဖော်ပြထားသည်။

Reuters သတင်းဌာနက အမေရိကန်အမျိုးသားလုံခြုံရေးအကြံပေး ဂျွန်ဘော်တန် ပြောကြားမည့် မိန့်ခွန်းစာသားကို စုံစမ်းကြည့်ရှုခဲ့ပြီးနောက် အမေရိကန်၏ အဆိုပါရပ်တည်ချက်ကို ဖော်ထုတ်ရေးသားခဲ့ခြင်းဖြစ်သည်။

အဆိုပါမိန့်ခွန်းသည် သမ္မတထရမ့် အစိုးရတွင် နိုင်ငံတော်လုံခြုံရေးအကြံပေးအဖြစ် တာဝန်ယူပြီးနောက် ဂျွန်ဘော်တန်၏ ပထမဆုံးပြောမည့် မိန့်ခွန်းလည်း ဖြစ်သည်။

“ဒီလို တရားဥပဒေအရ အရာမဝင်တဲ့ တရားရုံးကနေ ကျွန်တော်တို့ နိုင်ငံသားတွေနဲ့ ကျွန်တော်တို့မဟာမိတ်တွေကို တရားမမျှတစွာ တရားစွဲဆိုအရေးယူခြင်းကို ကာကွယ်ဖို့ အမေရိကန်ပြည်ထောင်စုအနေနဲ့ ဘာမဆို လုပ်မှာဖြစ်ပါတယ်” ဟု အဆိုပါ မပြောရသေးသည့်မိန့်ခွန်းတွင် ပါဝင်ကြောင်း Reuters က ရေးသားထားသည်။

အာဖဂန်စစ်ပွဲအတွင်းက အမေရိကန်စစ်သားများနှင့် ထောက်လှမ်းရေးများ လုပ်ငန်းဆောင်ရွက်ခဲ့ပုံများကို တရားဝင်စုံစမ်းစစ်ဆေးရန် နယ်သာလန်နိုင်ငံ သည်ဟိတ်မြို့အခြေစိုက် နိုင်ငံတကာ ရာဇဝတ်ခုံရုံး ICC က ဆောင်ရွက်လာပါက ထရမ့်အစိုးရက ပြန်လည်တုံ့ပြန်သွားမည်ဟု အမျိုးသားလုံခြုံရေးအကြံပေး ဘော်တန် က ပြောကြားခဲ့သည်။

“ICC နဲ့ ပူးပေါင်းဆောင်ရွက်သွားမှာ မဟုတ်ပါဘူး” ဟု အဆိုပါမိန့်ခွန်းစာသားများထဲတွင် ပါဝင်သည်။

အကယ်၍ အမေရိကန်စစ်သားများ ဆောင်ရွက်ခဲ့သည့်ကိစ္စကို ဆက်လက်စစ်ဆေးစုံစမ်းမည်ဆိုပါက ထရမ့် အစိုးရသည် ICC ၏ ဥပဒေအရာရှိများ၊ တရားသူကြီးများကို အမေရိကန်ဘက်မှ ပိတ်ပင်မည်ဖြစ်ကာ အမေရိကန်အခြေစိုက် ပေးအပ်သော ရန်ပုံငွေများကိုလည်း ရပ်ဆိုင်းမည်ဟု ဘော်တန်၏ မိန့်ခွန်းတွင် ပါဝင်ထားသည်ဟု Reuters က သတင်းရေးထားသည်။

အမေရိကန်များကို ICC သို့ ဖမ်းဆီးပို့ဆောင်ခြင်းများကို အခြားနိုင်ငံများက မလုပ်ဆောင်နိုင်ရန်အတွက် နိုင်ငံများနှင့် သဘောတူညီချက်များ ဆောင်ရွက်မည်ဟု ၎င်းက အဆိုပါမိန့်ခွန်းစာသားတွင် ထည့်သွင်းထားသည်။

မူးယစ်ဆေးဝါးဂိုဏ်းသားများကို ကြေညာတိုက်ခိုက်နေသည့် စစ်ပွဲကိစ္စ စုံစမ်းလေ့လာသည့် ဥပဒေအရာရှိများကို ဖမ်းပစ်မည်ဟု ဖိလစ်ပိုင်သမ္မတ ရိုဒရီဂို ဒူတာတေးကလည်း ပြီးခဲ့သည့် ဧပြီလက ပြောကြားခဲ့ဖူးသည်။

ယခုလက်ရှိအချိန်တွင် နိုင်ငံတကာ ရာဇဝတ်ခုံရုံး ICC သည် မြန်မာ့တပ်မတော်က ရခိုင်ပြည်နယ်မြောက်ပိုင်းမှ မွတ်ဆလင်အသိုင်းအဝိုင်း ( ၎င်းတို့ကိုယ် ၎င်းတို့ အခေါ် ရိုဟင်ဂျာ၊ ပြည်တွင်းမှ အများစုအခေါ် ဘင်္ဂါလီ )အပေါ် လူမျိုးတုံးသတ်ဖြတ်ခြင်းများ ပြုခဲ့သည်ဟူသော စွပ်စွဲချက်ဖြင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းစဉ်များ ပြင်ဆင်နေသည်။

■ F-02

## ဂျာမန်လူမျိုးတစ်ဦး ထပ်မံအသတ်ခံရ၍ လက်ယာစွန်းအင်အားစုများ မကျေနပ်၊ ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်




**ဘာလင်-ခူးအင်၊ စက်တင်ဘာ ၁၀**

ဂျာမနီနိုင်ငံအရှေ့ပိုင်း ခူးအင်မြို့တွင် ဂျာမန်လူမျိုးတစ်ဦး သတ်ဖြတ်ခံလိုက်ရမှုနှင့်ပတ်သက်၍ အာဖဂန်အန္ဒယ် ရွှေ့ပြောင်းအခြေချသူနှစ်ဦးကို ရဲကဖမ်းဆီးထိန်းသိမ်းလိုက်ပြီးနောက် လက်ယာယိမ်းဂျာမန်မျိုးချစ်အင်အားစုများက အောက်မေ့ဝမ်းနည်းဖွယ်အထိမ်းအမှတ်အဖြစ် ချီတက်ကာ ရွှေ့ပြောင်းဝင်ရောက်အခြေချမှုများကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြကြောင်း DW သတင်းဌာနက ရေးသားဖော်ပြသည်။

လက်ယာယိမ်းအင်အားစုများ၏ ဆန္ဒပြပွဲများကြောင့် ဆူပူအုံကြွမှုများနှင့် ပဋိပက္ခများ မဖြစ်ပေါ်စေရန် ရဲတပ်ဖွဲ့အင်အား အမြောက်အမြားကို ခူးအင်မြို့၌ တပ်ဖြန့်ထားရသည်။ မြို့တော်ဝန်ကမူ ဒေသခံပြည်သူများအနေနှင့် နေအိမ်ထဲတွင်သာ နေထိုင်ကြရန် တိုက်တွန်းထားသည်။

ယင်းမြို့တွင်နေထိုင်သောအသက် ၂၂ နှစ်အရွယ် ဂျာမန်လူမျိုးအမျိုးသားတစ်ဦးမှာ ဦးခေါင်းတွင်ဒဏ်ရာများရရှိကာ သေဆုံးခဲ့သည့်ဖြစ်ရပ်နှင့်ပတ်သက်၍ ဂျာမန်ရဲတပ်ဖွဲ့က ရွှေ့ပြောင်းဝင်ရောက်အခြေချသူအာဖဂန်လူမျိုးနှစ်ဦးကို ဖမ်းဆီးထိန်းသိမ်းထားသည်။

အဆိုပါဂျာမန်အမျိုးသားသည် အာဖဂန်လူမျိုးသုံးဦး၊ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးတို့နှင့် အချင်းများပြီးနောက် ခိုက်ရန်ဖြစ်ခဲ့သည်။ အပြန်အလှန်ထိုးကြိတ်စဉ် လဲကျသွားခဲ့ပြီး ဦးခေါင်းတွင်ဒဏ်ရာရရှိကာ သေဆုံးသွားခြင်းဖြစ်သည်။

ယင်းဂျာမန်လူမျိုးသေဆုံးမှုနှင့်ပတ်သက်၍ ခူးအင်မြို့မှ ဂျာမန်လူမျိုးအမြောက်အမြား ကဖယောင်းတိုင်များ၊ ပန်းစည်းများကိုင်ဆောင်ကာ ငြိမ်းချမ်းစွာစီတန်းလှည့်လည်ခဲ့ကြသည်ဟု ဂျာမန်သတင်းဌာနများက ရေးသားဖော်ပြသည်။

ခူးအင်မြို့မှ ခရစ်ယာန်သင်းအုပ်ဆရာတစ်ဦးဖြစ်သူ မာတင်အိုအာယင်ကီက သေဆုံးသွားသူနှင့် သူ၏မိသားစုအတွက်သာမက အဆိုပါမြို့တွင် ငြိမ်းချမ်းရေးပေါ်ထွန်းနိုင်ရေးအတွက် ဝတ်ပြုဆုတောင်းမှုများ ပြုလုပ်ပေးသွားမည်ဖြစ်သည်ဟု ဆိုသည်။

“ဒါဟာ အန္တရာယ်ရှိတဲ့ကိစ္စပါ။ ချမ်းမနစ်ဇ်မြို့မှာ ဖြစ်ခဲ့တာမျိုးပါပဲ။ အဲဒီတော့ ပြဿနာတွေကတက်လာနိုင်တယ်။ ဒါပေမဲ့ ဘယ်သူမှပြဿနာမဖြစ်ချင်ကြဘူးလို့ ယုံကြည်ပါတယ်။ အဲဒါကြောင့် ဘက်အားလုံးမှာ ရှိသူတွေအနေနဲ့ ခုလိုချိန်မှာ ပြဿနာမဖြစ်အောင်နေဖို့ တိုက်တွန်းပေးစေချင်တယ်”ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ခူးအင်မြို့တော်ဝန် ဘားန်ဟောက်စ်ချိုင်းလ်ကမူ ဆန္ဒပြပွဲများကိုရှောင်ရှားကြစေလိုသည်ဟု ပြောကြားသည်။

သို့သော် ဆန္ဒပြသူများသည် ဂျာမန်အလံများကို ကိုင်ဆောင်ကာ ငြိမ်းချမ်းစွာဖြင့်သာ ဆန္ဒထုတ်ဖော်ကြသည်ကိုတွေ့ရကြောင်း မီဒီယာများကဆိုသည်။

‘တို့တစ်တွေဟာ ဂျာမန်ပြည်သူတွေပါ’ ဟု ရေးသားထားသောဆောင်ပုဒ်ပိုစတာများကို ကိုင်ဆောင်ကာ ဆန္ဒပြကြခြင်းဖြစ်သည်။

အခြားသတင်းများအရ နာဇီလက်သစ်အင်အားစုများက လူမှုကွန်ရက်များပေါ်မှတစ်ဆင့် ခူးအင်မြို့ဖြစ်ရပ်အတွက် ဆန္ဒပြကြရန် တိုက်တွန်းဆော်သြခဲ့သည်။ ‘ခူးအင်တွင် ချမ်းမနစ်ဇ်လိုဖြစ်ပြီ။ ချီတက်ကြ’ ဟုလှုံ့ဆော်ပြောဆိုမှုများ ရှိခဲ့သည်။

■ F-01

**စာ-23 ရာသီဥတုပြောင်းလဲလာမှု ထိန်းချုပ်ရေး ဆန္ဒပြပွဲများ ကမ္ဘာတစ်လွှားကျင်းပ မှအဆက်**

လာမည့် ဒီဇင်ဘာလတွင် ပိုလန်နိုင်ငံတောင်ပိုင်း၊ ကာရိုဝိုက်စ်တွင် ကျင်းပမည့် ဝန်ကြီးများနှင့် နိုင်ငံခေါင်းဆောင်များ တက်ရောက်မည့် နောက်ဆုံးအဆင့်ဆွေးနွေးပွဲသို့ တင်ပြမည့် ကမ္ဘာလုံးဆိုင်ရာ အပူချိန်မြင့်တက်လာမှု ကန့်သတ်ရေးဥပဒေမူဘောင် မူကြမ်းရေးဆွဲရန် လတ်တလောဘန်ကောက်တွင် ဆွေးနွေးနေကြခြင်းဖြစ်သည်။

လာမည့်အပတ်တွင်လည်း ကယ်လီဖိုးနီးယားပြည်နယ် ပြည်နယ်အုပ်ချုပ်ရေးမှူး၏ ကမကထပြုမှုဖြင့် ဆန်ဖရန်စစ္စကိုတွင် ရာသီဥတုဆိုင်ရာ ထိပ်သီးဆွေးနွေးပွဲကျင်းပမည်ဖြစ်သည်။ သမ္မတဒေါ်နယ်ထရမ့် လက်ထက်တွင် ပါရီရာသီဥတုပြောင်းလဲမှု ထိန်းချုပ်ရေးဆိုင်ရာ သဘောတူညီချက်မှ အမေရိကန် က နုတ်ထွက်ခဲ့ပြီးနောက် ကယ်လီဖိုးနီးယား ပြည်နယ်အစိုးရက ယခုကဲ့သို့ တန်ပြန်လုပ်ဆောင်ခြင်းဖြစ်သည်။

၂၀၁၅ ပါရီသဘောတူညီချက်အရ ဆိုလျှင် ယခုအချိန်မှာ ၂၁၀၀ ပြည့်အတွင်း နောက်ထပ် အပူချိန် ထပ်မမြင့်စေရန် ရည်ရွယ်ဆောင်ရွက်ကြရမည်ဖြစ်သည်။ ပါရီရည်မှန်းချက်များအတိုင်း ပြည့်မီရန်မှာ လာမည့် ရာစုနှစ်ဝက်အတွင်း ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှင့်မှုကို တစ်ကမ္ဘာလုံးက ဝိုင်းဝန်းလျှော့ချရမည်ဖြစ်သည်။

ရာသီဥတုပြောင်းလဲလာမှု တိုက်ဖျက်ရေးတွင် မည်သို့မည်ပုံထောက်ပံ့ပေးမည်၊ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မည်သို့ဆောင်ရွက်ပေးမည်ဆိုခြင်းမှာ လတ်တလောဘန်ကောက်တွင်ကျင်းပနေသည့် ဆွေးနွေးပွဲ၌ အကျေအလည်ညှိနှိုင်းနေရသည့်ကိစ္စဖြစ်သည်။

ဆန္ဒပြပွဲများမှာ သြစတြေးလျမှ စတင်ခဲ့ပြီး ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးစာတန်းများ ချိတ်ဆွဲထားသော ရွက်လှေတစ်စင်းမှာ ဆစ်ဒနီအော်ပရာဟောက်စ်ရှေ့ဆစ်ဒနီဆိပ်ကမ်းကို ဖြတ်၍ရွက်လွှင့်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံမနီလာမြို့တွင် တိုင်ရန်နိုဆောရပ်စ် ( T-Rex) ဒိုင်နိုဆောပုံစံဝတ်စားထားသူတစ်ဦးက 'ရုပ်ကြွင်း (လောင်စာ) ကင်းစင်ခေတ်ကိုသွားကြပါစို့' ဆိုသော ဆိုင်းဘုတ်ကို ကိုင်ဆောင်ကာ လူ ၈၀၀ ခန့် ချီတက်ဆန္ဒပြခဲ့ကြပြီး နိုင်ငံတွင် ကျောက်မီးသွေးကို စွမ်းအင်အတွက် အလွန်အကျူးမှီခိုနေရမှုအပေါ် ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဘန်ကောက်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာကိစ္စများဆွေးနွေးရာ ကုလသမဂ္ဂ ဒေသဆိုင်ရာရုံးခွဲရှေ့တွင် ဆန္ဒပြသူ ၂၀၀ ခန့် စုဝေးခဲ့ကြသည်။ ထိုင်းလယ်သမားများနှင့် အလုပ်သမားများမှာပင်လယ်ရေမျက်နှာပြင် မြင့်တက်လာမှုအန္တရာယ်ရင်ဆိုင်နေရခြင်းက ဆန္ဒပြရန် စေ့ဆော်မှုတစ်ရပ်ဖြစ်ခဲ့သည်။

ပြင်သစ်နိုင်ငံ ပဲရစ်မြို့တွင်မူ လူထောင်သောင်းချီကာ ချီတက်ဆန္ဒပြခဲ့ပြီး မြို့တော်ခန်းမရှေ့ရှိ ရင်ပြင်တွင် လူများပြည့်လျှံသွားခဲ့ကာ သမ္မတနိုင်ငံရင်ပြင်သို့ ချီတက်ခဲ့ကြသည်။

ပွဲစီစဉ်သူများက ပြင်သစ်နိုင်ငံတစ်ဝန်း ချီတက်ဆန္ဒပြသူ တစ်သိန်းကျော်ရှိခဲ့ပြီး နိုင်ငံသမိုင်းတစ်လျှောက် သဘာဝပတ်ဝန်းကျင်အရေး ဆန္ဒပြသူအများဆုံး မှတ်တမ်းဝင်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ပဲရစ်မြို့တစ်မြို့တည်းတွင် ဆန္ဒပြသူ ၅ သောင်းခန့်ရှိခဲ့သည်ဟု ပွဲစီစဉ်သူများက ခန့်မှန်းခဲ့သည်။ ရဲတပ်ဖွဲ့ကမူ ပဲရစ်တွင် ဆန္ဒပြသူ ၁၈၅၀၀ သာရှိသည်ဟု ထုတ်ပြန်သည်။

ဒိန်းမတ်နိုင်ငံကိုပေဟေဂင်တွင် လူ ၁၀၀၀၀ ခန့်၊ ဘယ်လ်ဂျီနိုင်ငံ ဘရပ်ဆဲလ်မြို့ ဥရောပပါလီမန်ရှေ့တွင် လူ ၁၃၀၀ ခန့် ဆန္ဒပြခဲ့ကြသည်။

■ F-03



## ဆွီဒင်ရွေးကောက်ပွဲတွင် လူဝင်မှုဆန့်ကျင်ရေး SD ပါတီကို မဲပေးခြင်းသည် အန္တရာယ်ရှိကြောင်း ဝန်ကြီးချုပ် ပြောကြား

**စတော့ဟုမ်း၊ စက်တင်ဘာ ၁၀**

ဆွီဒင်ရွေးကောက်ပွဲအတွက် နောက်ဆုံးမဲဆွယ်ရက်တွင် ဝန်ကြီးချုပ် စတီဖင်လတ်ဖင်က အစွန်းရောက်ဝါဒနှင့် ဖက်ဆစ်ဝါဒကိုသတိပေးပြောဆိုသွားသည်ဟု BBC သတင်းတွင် ဖော်ပြထားသည်။

ရွေးကောက်ပွဲတွင် ၎င်း၏ လက်ဝဲယိမ်း ဆိုရှယ်ဒီမိုကရက်ပါတီနှင့် ပြိုင်ဘက်လက်ယာယိမ်းပါတီပါ နှစ်စုစလုံး မဲအများစုရနိုင်ဖွယ်မရှိပေ။ လူဝင်မှုဆန့်ကျင်ရေးဆွီဒင်ဒီမိုကရက် SD ပါတီမှာမူ မဲ ၂၀ ရာခိုင်နှုန်း အနိုင်ရမည်ဟု မျှော်လင့်ရပြီးပါလီမန်တွင် ဒုတိယအကြီးဆုံးပါတီ ဖြစ်လာနိုင်သည်။

ဝန်ကြီးချုပ်လတ်ဖင်က SD ကိုမဲပေးခြင်းသည် အန္တရာယ်ရှိကြောင်း၊ ဆန့်ကျင်ဖက် အကျိုးဆက်ဖြစ်လာနိုင်ကြောင်း၊ မီးတောက်ကို အရက်ဖျန်း၍ ငြိမ်းခြင်းနှင့်တူကြောင်း မှတ်ချက်ပေးသည်။

ဆွီဒင်ရွေးကောက်ပွဲအတွက် မဲဆွယ်မှုများတွင် လူဝင်မှုဆိုင်ရာကိစ္စက အဓိကအကြောင်းအရာဖြစ်နေသည်။ အမျိုးသားရေးလှုံ့ဆော်သော SD ပါတီသည် ၂၀၁၄ ရွေးကောက်ပွဲတွင် အမတ်နေရာ နှစ်ဆတိုးလာခဲ့ပြီး လာမည့် တနင်္ဂနွေ ရွေးကောက်ပွဲတွင် နောက်ထပ်နှစ်ဆတိုးမည်ဟု ခန့်မှန်းရသည်။

SDပါတီခေါင်းဆောင် ဂျင်မီအက်ကီဆန်က ဆွီဒင်သည် လူဝင်မှုကိစ္စတစ်ခုတည်းကြောင့်သာမကဘဲ အကြောင်းအမျိုးမျိုးကြောင့် တစ်ဖက်စွန်းတိုင်းပြည်တစ်ခုဖြစ်နေခဲ့ကြောင်းနှင့် ရွှေ့ပြောင်းဒုက္ခသည်လျော့၍ လက်ခံမည့် အစီအစဉ်သည် ဥရောပတွင် ပုံမှန်နိုင်ငံရေးတစ်ခုအဖြစ် သတ်မှတ်ခံရမည်ဖြစ်ကြောင်း စနေနေ့က ပြောကြားခဲ့သည်။

SD ပါတီသည် နာဇီလက်သစ်များ၊ လက်ယာစွန်းအစုများနှင့် ယခင်ကတည်းက အဆက်အသွယ်ရှိခဲ့ပြီး ၂၀၁၀ တွင် ပါလီမန်သို့ဝင်ရောက်လာခဲ့သည်။ ထို့အပြင် ယခင်မီးတုတ်တံဆိပ်ကို ဆွီဒင်အလံမှ အပြာနှင့် အဝါရောင် ပါဝင်သောဒေစီပန်းတံဆိပ်သို့ ပြောင်းလဲကာပုံရိပ်ပြောင်းရန် လုပ်ဆောင်ခဲ့သည်။

ယခင်ကအလုပ်သမားလူတန်းစားကို ဆွဲဆောင်ခဲ့ရာမှ ယခုအခါ အမျိုးသမီးများ၊ ပညာတတ်နှင့် ဝင်ငွေမြင့်သောမဲဆန္ဒရှင်များကို စည်းရုံးရန် ကြိုးစားလာခဲ့သည်။ ၂၀၀၅ တွင် ပါတီခေါင်းဆောင် ဖြစ်လာခဲ့သော အက်ကီဆန်က ပါတီအတွင်းလူမျိုးရေးခွဲခြားမှုကို သည်းမခံကြောင်းနှင့် ပါတီဝင် များစွာကို ထုတ်ပယ်ခဲ့ကြောင်း ပြောကြားသည်။

သို့တိုင်အောင် SD သည် လူမျိုးရေးခွဲခြားမှုအရှုပ်အထွေးများတွင် ပါဝင်ပတ်သက်နေဆဲပင် ဖြစ်သည်။

ဆွီဒင်သည် စီးပွားရေးကောင်းမွန်နေသော်လည်း ၂၀၁၅ တွင် ရွှေ့ပြောင်းဒုက္ခသည်များ စီးဝင်လာမှုကြောင့် အိမ်ယာ၊ ကျန်းမာရေးစောင့်ရှောက်မှုနှင့် လူမှုဖူလုံရေးစနစ်များအပေါ် ဖိအားကျရောက်လာမည်ကို ပြည်သူများက စိုးရိမ်နေကြသည်။ ထိုနှစ်က ရွှေ့ပြောင်းဒုက္ခသည် ၁၆၃,၀၀၀ ကို ဆွီဒင်က ခွဲတမ်းအရ လက်ခံခဲ့ရသည်။

ထို့အပြင် SD သည် အီးယူမှထွက်ရေးအတွက် Swexit ဆန္ဒခံယူပွဲကို ကျင်းပရန် လိုလားနေသော်လည်း အင်အားကြီးပါတီကြီးများ ကန့်ကွက်မှုကြောင့် ရှေ့ဆက်တိုးနိုင်ဖွယ်မရှိဟု သိရှိရသည်။

လက်ရှိဝန်ကြီးချုပ် လတ်ဖင်သည် ၎င်း၏ ညွန့်ပေါင်းအစိုးရကိုဆိုရှယ်ဒီမိုကရက်နှင့် ဂရင်းပါတီတို့ကို မဟာမိတ်ဖွဲ့၍ စုစည်းထားခြင်းဖြစ်သည်။ လက်ရှိနှစ်များတွင် ဆိုရှယ်ဒီမိုကရက်များနှင့် အင်အားကြီး အတိုက်အခံလက်ယာယိမ်း Modrates တို့ နှစ်ဖွဲ့စလုံးထောက်ခံမှု ကျဆင်းနေသော်လည်း SD ပါတီနှင့် မဟာမိတ်ဖွဲ့မည်မဟုတ်ဟု နှစ်ဖွဲ့စလုံးက ကြေညာထားကြပြီး လတ်ဖင်၏ ဆိုရှယ်ဒီမိုကရက်များကပွတ်ကာသီကာ အနိုင်ဖြင့် နောက်တစ်ကြိမ် ညွန့်ပေါင်းအစိုးရ ဖွဲ့နိုင်ဦးမည်ဟုမျှော်လင့်ရသည်။

■ F-04

## ချမ်းမ်နစ်ဇ် ဂျူးစားသောက်ဆိုင် တိုက်ခိုက်ခံရမှုသည် ကမ္ဘာသိ Five past midnight ဖြစ်ရပ်နှင့်တူသည်ဟု ဂျူးအသိုင်းအဝိုင်းပြောကြား

**ဘာလင်၊ စက်တင်ဘာ ၁၀**

ဂျာမနီနိုင်ငံအရှေ့ပိုင်း ချမ်းမ်နစ်ဇ်တွင် ဂျူးစားသောက်ဆိုင် တိုက်ခိုက်ခံရမှုသည် ဂျာမနီရှိ ဂျူးအသိုင်းအဝိုင်းကို တုန်လှုပ်သွားစေခဲ့ကြောင်းနှင့် အစိုးရ၏ ဂျူးမုန်းတီးမှုဝါဒ တိုက်ဖျက်ရေးဝန်ကြီးကလည်း အကြမ်းဖက်စရိုက်လက္ခဏာသစ်တစ်မျိုးဖြစ်သည်ဟု ပြောဆိုလိုက်ကြောင်း DW သတင်းတွင် ဖော်ပြထားသည်။

ဂျာမနီ ဂျူးအသိုင်းအဝိုင်းက ချမ်းမ်နစ်ဇ်ရှိ ဂျူးစားသောက်ဆိုင်တစ်ဆိုင် ဩဂုတ်လကုန်ပိုင်းက နာဇီလက်သစ်များ၏ တိုက်ခိုက်ခံရမှုအပေါ် အလွန်အမင်းစိုးရိမ်ကြောင်း ထုတ်ဖော်ပြောဆိုခဲ့ပြီး အခြေအနေဆိုးဝါးမှုကို လျှော့ပေါ့ပြောဆိုခဲ့သည့် အာဏာပိုင်များကိုလည်း ပြစ်တင်ဝေဖန်ခဲ့သည်။

"ချမ်းမ်နစ်ဇ်မှာ ရှာလွမ်ဂျူးစားသောက်ဆိုင်ကို နာဇီလက်သစ်တွေက တိုက်ခိုက်ခဲ့တဲ့သတင်းဟာ ကျွန်တော်တို့ကိုတုန်လှုပ်သွားစေပါတယ်။ ချမ်းမ်နစ်ဇ်က အခြေအနေကို အစိုးရတာဝန်ရှိသူတွေနဲ့ လုံခြုံရေးအာဏာပိုင်တွေက ဖုံးဖိဖို့ ကြိုးစားနေတာကိုတော့ ကျွန်တော် နားမလည်နိုင်ပါဘူး။ ကြံ့ရွယ်ချက်နဲ့ နှစ်သိမ့်တာတွေ၊ လူပြိန်းကြိုက်လက်ယာစွန်းတွေနဲ့ ကင်းကွာမှု မရှိတာတွေဟာ ဒီလိုလူစုတွေရဲ့လက်ထဲမှာ ကစားခံနေရတဲ့သဘောပါပဲ"ဟု ဂျာမနီ ဂျူးဗဟိုကောင်စီဥက္ကဋ္ဌ ဂျိုးဆက်ရှူစတာက ပြောကြားသည်။

"ဒါက five past midnight နဲ့ အတူတူပါပဲ။ ဆိုးဝါးတဲ့ဖြစ်ရပ်ကို အသေးအဖွဲ့လို သဘောထားနေတဲ့ ဂျာမန်အာဏာပိုင်တွေကို သံသယဖြစ်မိပါတယ်" ဟု ရှူစတာက ပြောကြားသည်။

မကြာသေးမီက ချမ်းမနစ်ဇ်တွင် လက်ယာစွန်းဆန္ဒပြသူများ၏ အကြမ်းဖက်မှုကိစ္စများကို လျှော့ပေါ့ပြောဆိုဖို့ ကြိုးစားသည်ဟု ယူဆရသော မှတ်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းချက်ပေးရန် ပြည်တွင်းလုံခြုံရေးဌာနအကြီးအကဲ ဟန်ဂျော့ချ်မာဆန်အပေါ် ဖိအားများကျရောက်နေချိန်တွင် ရှူစတာ၏ ဝေဖန်မှုများထွက်ပေါ်လာခြင်းဖြစ်သည်။



မာဆန်၏ အငြင်းပွားဖွယ် မှတ်ချက်တစ်ခုမှာ ချမ်းမနစ်ဇ်တွင် လက်ယာစွန်းဆန္ဒပြသူများက နိုင်ငံခြားသားများကို လိုက်ဖမ်းနေခြင်းကို ပြသသည့် ဗီဒီယိုဖိုင်များကို သံသယရှိကြောင်း ပြောဆိုခဲ့မှုဖြစ်သည်။

ပြည်ထဲရေးဝန်ကြီး ဟို့စ်ရှော်ဖာက မာဆန်သည်ပြောခဲ့သော မှတ်ချက်များနှင့်ပတ်သက်၍ တနင်္လာနေ့တွင် ထုချေလွှာတင်ရမည်ဖြစ်ကြောင်း၊ ၎င်းအနေနှင့် မာဆန်ကိုယုံကြည်စိတ်ချကြောင်း၊ သို့သော် လုံခြုံရေးဌာနအကြီးအကဲသည် ပြောသမျှ လုပ်သမျှအတွက် တာဝန်ခံရမည်ဖြစ်ကြောင်း တနင်္ဂနွေနေ့က ပြောကြားသည်။

ဂျူးဗဟိုကောင်စီဥက္ကဋ္ဌဟောင်း ချာလော့နိုဗလော့ချ်ကလည်း "ချမ်းမနစ်ဇ်မှာ ဂျူးတွေကိုတိုက်ခိုက်တာဟာ ဂျူးတွေကိုသာမကဘဲ ဂျာမန်လူ့အဖွဲ့အစည်းတစ်ခုလုံးကို စိန်ခေါ်လိုက်တာပါပဲ" ဟု မှတ်ချက်ပေးသည်။

ဂျာမန် တရားရေးဝန်ကြီးကာတရီနာဘာလီကလည်း ချမ်းမနစ်ဇ် တိုက်ခိုက်မှုသည် အတိတ်က ဖြစ်ရပ်ဆိုးများကို နှိုးဆွခြင်းဖြစ်သည်ဟု ပြစ်တင်ရှုတ်ချလိုက်ပြီး "ဂျူးတွေအပေါ် တိုက်ခိုက်မှု နောက်တစ်ကြိမ် ကြုံတွေ့နေရတာကို သည်းမခံနိုင်ပါဘူး"ဟု ပြောကြားသည်။

အစိုးရ၏ ဂျူးမုန်းတီးမှု တိုက်ဖျက်ရေးဝန်ကြီး ဖဲလစ်ကလိန်းက "ဒီသတင်းသာ အမှန်ဆိုရင် ချမ်းမနစ်ဇ်တိုက်ခိုက်မှုမှာ ဂျူးမုန်းတီးရေး စရိုက်လက္ခဏာသစ်တစ်မျိုးကိုကျုပ်တို့ ကိုင်တွယ်ရတော့မှာပေါ့"ဟု ပြောကြားသည်။

ဩဂုတ်လ ၂၇ ရက်က ဖြစ်ရပ်တွင် ဂျူးစားသောက်ဆိုင်ကို လူတစ်စုက ကျောက်တုံးများ၊ ပုလင်းများ၊ အခြားရရာပစ္စည်းများဖြင့် ပစ်ပေါက်ခဲ့ကြသည်ဟု ဆိုင်ရှင် ဇူဘာလာကပြောကြားသည်။ ၎င်း၏ ပခုံးကိုလည်း ထိမှန်ခဲ့သည်ဟု ဇူဘာလာက ဆိုသည်။

■ F-04

# သယ်ဉ်းကျွန်းဆေးရုံမှ ဆေးဝါးများ ခိုးယူခံရ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

သင်္ဃန်းကျွန်းမြို့နယ် ပြည်သူ့ဆေးရုံ သားဖွားမီးယပ်ဌာနရှိ ဆေးဝါးများ ခိုးယူခံရသောကြောင့် စက်တင်ဘာလ ၉ ရက် ညနေပိုင်းက သင်္ဃန်းကျွန်းမြို့မ ရဲစခန်းထံသို့ လာရောက်အမှုဖွင့် တိုင်ကြားထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သားဖွားမီးယပ်ဌာန စတိုခန်းအတွင်းရှိ တန်ဖိုးငွေ ကျပ် ၁၈ သိန်းခွဲကျော်ရှိသော ဆေးဝါးများမှာ စက်တင်ဘာလ ၁ ရက်နေ့ကတည်းက ပျောက်ဆုံးနေခြင်းဖြစ်ပြီး ရှစ်ရက်အကြာမှ ယင်းဆေးရုံတွင် တာဝန်ကျနေသည့် ဆရာဝန်တစ်ဦးက တရားလိုပြုလုပ်ပြီး ခိုးမှုကျူးလွန်သူကို စုံစမ်းဖော်ထုတ်အရေးယူပေးပါရန် အမှုဖွင့်တိုင်ကြားခဲ့ခြင်းဖြစ်ကြောင်း ရဲအရာရှိက ပြောသည်။

တန်ဖိုးငွေ ကျပ် ၁၈ သိန်းခွဲကျော်ရှိသော Injection CS ထိုးဆေးကတ် ၃ ဖာ၊ ထိုးဆေးအလုံးရေ ၁၉၂ လုံး၊ Injection Ceftriaxone ထိုးဆေး ၃ ဖာနှင့် ထိုးဆေးအလုံး ၃၀၀ လုံးတို့ကို ခိုးယူခဲ့သူအား သင်္ဃန်းကျွန်းမြို့မရဲစခန်းက ပြည်သူပိုင်ပစ္စည်းကာကွယ်စောင့်ရှောက်ရေး ဥပဒေ ပုဒ်မ ၆(၁) ဖြင့် အမှုဖွင့်၍ စုံစမ်း စစ်ဆေးမှုများ ဆောင်ရွက်နေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရ သည်။

■ S-03

# တည်းခိုခန်းတွင် ချစ်သူနှင့် ချိန်းတွေ့သည့် အမျိုးသမီး ရုတ်တရက် သေဆုံး

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

ပန်းဘဲတန်းမြို့နယ်၊ အမှတ် (၅) ရပ်ကွက်၊ အနော်ရထာလမ်းရှိ တည်းခိုခန်းတစ်ခုတွင် ချစ်သူနှင့် လာရောက်ချိန်းတွေ့ခဲ့သော အသက် ၂၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးမှာ ပြင်ပဒဏ်ရာမရှိဘဲ ရုတ်တရက် သေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

သေဆုံးသူ အမျိုးသမီးမှာ ဒေါပုံမြို့နယ်၊ နွယ်အေးရပ်ကွက်တွင် နေထိုင်သူဖြစ်ပြီး စက်တင်ဘာလ ၈ ရက် ညပိုင်းက ၎င်း၏ချစ်သူ အသက် ၂၀ နှစ် အမျိုးသားနှင့်အတူ အနော်ရထာလမ်းရှိ တည်းခိုခန်းသို့ လာရောက်တည်းခိုခဲ့သည်။

"အမျိုးသားရဲ့ထွက်ဆိုချက်အရဆို ည ၈ နာရီလောက်မှာ သူတို့နှစ်ယောက် တည်းခိုခန်းကို လာခဲ့တယ်။ ၉ နာရီလောက်မှာ သေဆုံးသူ အမျိုးသမီးက ဖာလူဒါသောက်ပြီး အိပ်ရာဝင်ခဲ့တယ်။ မနက် ၃ နာရီ အမျိုးသားက အိပ်ရာနိုးလာတော့ သူ့ချစ်သူ အမျိုးသမီးက ခုတင်ပေါ် မျက်နှာမှောက်ပြီး ခုတင်ဘေး သမံတလင်းပေါ်မှာ ထိုင်နေတာကို တွေ့ခဲ့ပေမယ့် အိပ်ပျော်နေတယ်လို့ထင်ပြီး မနှိုးဘဲ ပြန်ဆက်အိပ်ခဲ့တယ်လို့ ပြောတယ်။ မနက် ၆ နာရီ သူ အိပ်ရာထချိန်မှာ သူ့ချစ်သူ အမျိုးသမီးက နှိုးလို့မရတော့တာကြောင့် တည်းခိုခန်း မန်နေဂျာဆီ အကြောင်းကြားခဲ့တယ်" ဟု ရဲအရာရှိက ရှင်းပြသည်။

အခန်းထဲတွင် သေဆုံးနေသည့် အမျိုးသမီး၏ ရုပ်အလောင်းကို စစ်ဆေးခဲ့ရာ ပြင်ပဒဏ်ရာမတွေ့ရှိခဲ့ကြောင်းနှင့် ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် သိရှိရန် ရုပ်အလောင်းကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ ပို့အပ်ပြီး ပန်းဘဲတန်းမြို့မ ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၄/၁၈ ဖြင့် အမှုရေးဖွင့် စစ်ဆေးဆောင်ရွက်နေကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။ **S-03**

The VOICE Daily

CARTOON




ကြော်ငြာကိစ္စ ဆက်သွယ်လိုပါက . . .

ဖုန်း - ၀၉ ၇၈၅၅၅၅၇၇၂

# မှုခင်းသတင်းတိုများ

■ လှိုင်သာယာမြို့နယ်၊ ရန်ကုန်-ပုသိမ် ကားလမ်းရှိ ဘုရင့်နောင်တံတားအမှတ် (၁) အနီးတွင် စက်တင်ဘာလ ၉ ရက် နံနက် ၁၀ နာရီခွဲက အနောက်ပိုင်းနည်းပညာ တက္ကသိုလ်မှ သခင်မြ ပန်းခြံသို့ ပြေးဆွဲနေသော YBS (၂၃) ခရီးသည်တင် ယာဉ်တစ်စီးမှာ အင်ဂျင်အပူရှိန် လွန်ကဲရာမှ ဝါယာကြိုးများ မီးလောင်ကျွမ်းပြီးယာဉ်မီးလောင်မှုဖြစ်ပွားခဲ့သောကြောင့် မီးသတ်ယာဉ် သုံးစီး ဖြင့် မီးငြိမ်းသတ်ခဲ့ရပြီး မီးလောင်မှုဖြစ်ပွားစဉ် ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်းကို လှိုင်သာယာမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၂၈၅ ဖြင့် အမှုဖွင့် အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ ရွှေပြည်သာမြို့နယ်၊ ပုလဲလမ်းတွင် စက်တင်ဘာလ ၉ ရက် ည ၉ နာရီခန့်က ရွှေပြည်သာမှ အင်းစိန်ဘက်သို့ မောင်းလာသည့် မော်တော်ဆိုင်ကယ်တစ်စီးမှာ အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ လိုက်ထရပ်ယာဉ်တစ်စီးနှင့် ဖီဒါ အငှားယာဉ်တစ်စီးတို့ကို ဝင်တိုက်မိသောကြောင့် ဆိုင်ကယ်မောင်းသူ အသက် ၂၈ နှစ် အမျိုးသား ထိခိုက်ဒဏ်ရာများ ရရှိခဲ့ပြီး ၎င်းကို ရွှေပြည်သာမြို့မရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၈/၂၇၉ ဖြင့် အမှုဖွင့် အရေးယူထားသည်။

■ တွံတေးမြို့နယ်၊ လှိုင်သာယာ-တွံတေး ကားလမ်းရှိ မြို့အဝင်ဆိုင်းဘုတ်အနီးတွင် စက်တင်ဘာလ ၉ ရက် ညနေ ၆ နာရီက အရှိန်ဖြင့်မောင်းလာသည့် မော်တော်ဆိုင်ကယ် တစ်စီးပေါ်မှ အသက် ၃၅ နှစ် အရွယ် အမျိုးသမီးမှာ ပြုတ်ကျခဲ့ပြီး ဦးခေါင်းပေါက်ပြဲ ဒဏ်ရာများ ရရှိခဲ့သောကြောင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အတွင်းလူနာ(စိုးရိမ်ရ) အဖြစ် တင်ပို့ထားရပြီး ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သည့် အသက် ၁၈ နှစ်အရွယ် အမျိုးသားကို တွံတေးမြို့မ ရဲစခန်းက ရာဇသတ်ကြီး ပုဒ်မ ၃၃၈/၃၃၇/၂၇၉ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း ရဲတပ်ဖွဲ့ထံမှ သိရသည်။

■ မင်္ဂလာဒုံမြို့နယ်၊ ၃/ ခ ရပ်ကွက်၊ ၇ လမ်းရှိလမ်းဘေးတဲတွင် စက်တက်ဘာလ ၉ ရက် ည ၈ နာရီခွဲက အမျိုးသား တစ်ဦး သေဆုံးနေသောကြောင့် စုံစမ်းစစ်ဆေးရာ သေဆုံးသူ အသက် ၄၅ နှစ် အမျိုးသားမှာ တဲအတွင်း အိပ်ပျော်နေသည့် ၎င်းကို ထမင်းလာကျွေးသူက နှိုးမရသဖြင့် သေဆုံးနေသည်ကို သိရှိခဲ့ပြီး ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးနေသူ၏ ရုပ်အလောင်းကို ဆေးရုံသို့ ပို့အပ်၍ မင်္ဂလာဒုံမြို့မ ရဲစခန်းက သေမှုသေခင်း အမှတ်စဉ် ၂၁/၁၈ ဖြင့် ရေးဖွင့်စစ်ဆေးဆောင်ရွက်နေသည်။

**S-03**

# ဘုရားကြီးတွင် တပ်အရာရှိ အယောင်ဆောင်လိမ်လည်သူများကို ဖမ်းဆီး

**တောင်ငူ၊ စက်တင်ဘာ ၁၀**

ပဲခူးတိုင်း ပဲခူးမြို့နယ် ဘုရားကြီးမြို့အတွင်းရှိပွဲလှံ့စားသောက်ဆိုင်၌ စက်တင်ဘာလ ၁၀ ရက်နေ့က တပ်မတော်အရာရှိများအဖြစ် အယောင်ဆောင်ပြီး လုပ်ငန်းရှင်များထံမှ ငွေကြေးလိမ်လည်ရယူရန် ကြိုးပမ်းသူ ၅ ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း တောင်ငူမြို့ သဘာဝဘေးကယ်ဆယ်ရေးအဖွဲ့မှ ဦးမျိုးကျော်သူက ပြောကြားသည်။

၎င်းတို့သည် စက်တင်ဘာ ၈ ရက်က တောင်ငူမြို့ကန်လမ်းရှိ ရေပိုက်ပစ္စည်း အရောင်းဆိုင်ပိုင်ရှင်ကို တပ်မ ၆၆ နှင့် ၇၇ တို့တွင် ရေတွင်းများတူးရန်ရှိသည်ဟု ဆိုကာ ကုန်ကျစရိတ်ကို မေးခဲ့သဖြင့် ရေတွင်းတူးသူများနှင့် ချိတ်ဆက်ပေးခဲ့ကြောင်း၊ ထို့နောက် စက်တင်ဘာလ ၁၀ ရက်တွင် ပဲခူးသို့ ဆင်းလာရန်နှင့် လုပ်ငန်းကိစ္စအဆင်ပြေရန် မုန့်ဘူးအတွင်း ငွေကျပ်ဆယ်သိန်းထည့်၍ တပ်မတော်အရာရှိကို ကန်တော့လက်ဆောင်ပေးရန် ပြောကြားခဲ့ကြောင်း ယင်းသို့ပူးပေါင်းဖမ်းဆီးရာတွင် ပါဝင်ခဲ့သူ ဦးမျိုးကျော်သူက ပြောဆိုသည်။

"ဒီလိုဖြစ်ရပ်မျိုး ပဲခူးဘက်မှာ မကြာသေးခင်ကမှ ဖြစ်ဖူးတာ ကြားဖူးထားတော့ သူတို့ချိန်းတဲ့ပဲခူးကို ကျွန်တော်တို့ဆင်းလာပြီးနယ်မြေခံ စစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့တွေကို အကြောင်းကြားပြီး ဖမ်းဆီးခဲ့တာပါ" ဟု ၎င်းက ဆိုသည်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်ပြီး နယ်မြေခံစစ်ဘက်ဆိုင်ရာလုံခြုံရေးအဖွဲ့မှ ဗိုလ်ကြီးတစ်ဦးထံ ဖုန်းဖြင့် ဆက်သွယ်မေးမြန်းရာ စစ်ဆေးနေဆဲဖြစ်၍ နောက်ပိုင်းမှသာ သတင်းထုတ်ပြန်ပေးမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားသည်။

■ R-15



# နာဒယ်လ်ကို ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ဖြစ်လာစေလိုသည်ဟု ပီရက်ဇ် ဖွင့်ဟ

**မက်ဒရစ်၊ စက်တင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ပီရက်ဇ်သည် ကမ္ဘာ့အဆင့်တစ် တင်းနစ်ကစားသမား နာဒယ်လ်ကို တစ်နေ့နေ့တွင် ရီးရဲလ်မက်ဒရစ်အသင်း၏ဥက္ကဋ္ဌအဖြစ် မြင်တွေ့လိုသည်ဟု ဖွင့်ဟပြောကြားလိုက်ကြောင်း Marca က ဖော်ပြထားသည်။

နာဒယ်လ်သည် ရီးရဲလ်မက်ဒရစ်အသင်း၏အမာခံပရိသတ်တစ်ဦးဖြစ်သည့်အပြင် ရီးရဲလ်မက်ဒရစ်အသင်းအားပေးသူများ၏ချစ်ခင်ထောက်ခံမှုကို အပြည့်အဝရရှိထားသူဖြစ်ပြီး အနာဂတ်ကာလတွင် ကမ္ဘာ့ဘောလုံးလောက၌ ထိပ်တန်းရာထူးတစ်ခုဖြင့် တာဝန်ထမ်းဆောင်ခွင့်ရလိုကြောင်းလည်း နာဒယ်လ်က မကြာခဏ ထုတ်ဖော်ပြောကြားလျက်ရှိသည်။

ရီးရဲလ်မက်ဒရစ်အသင်းသည် ၂၀၁၁ ခုနှစ် မတ်လ၌ နာဒယ်လ်ကို ဂုဏ်ထူးဆောင်အဖွဲ့ဝင်တစ်ဦးအဖြစ် သတ်မှတ်ဂုဏ်ပြုခဲ့ပြီး လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ္ဘာတစ်ဝန်းဆိုင်ရာ သံတမန်အဖြစ်လည်း နာဒယ်လ်က တာဝန်ထမ်းဆောင်ပေးလျက်ရှိသည်။

အသက် ၇၁ နှစ်အရွယ်ရှိနေပြီဖြစ်သော ဥက္ကဋ္ဌ ပီရက်ဇ်သည် ၎င်းအနားယူချိန်တွင် နာဒယ်လ်ကိုရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ရွေးကောက်ပွဲ ဝင်စေလိုလျက်ရှိပြီး ၂၀၂၁ ခုနှစ်တွင် ကျရောက်မည့် ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ရွေးကောက်ပွဲ ကျင်းပချိန်တွင် နာဒယ်လ်မှာ အသက် ၃၅ နှစ်အရွယ်ရှိနေတော့မည်ဖြစ်၍ အသင်းကို ဦးဆောင်ရန် အကောင်းဆုံးအရွယ်ဖြစ်လိမ့်မည်ဟု ပီရက်ဇ်က မှတ်ချက်ပေးထားသည်။

ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌရွေးကောက်ပွဲဝင်မည့်သူသည် စပိန်ဗဟိုဘဏ်တွင် ပေါင် ၆၇ သန်းနှင့်အထက် ပိုင်ဆိုင်မှုဘဏ်စာရင်းရှိရမည်ဖြစ်ပြီး နာဒယ်လ်မှာ ကြွယ်ဝမှု ပေါင် ၁၂၄ သန်းရှိသည့် ဘဏ်စာရင်းကို ပိုင်ဆိုင်ထားခြင်းကြောင့် ရီးရဲလ်မက်ဒရစ်ဥက္ကဋ္ဌ ရွေးကောက်ပွဲဝင်ရန် အရည်အချင်းပြည့်မီလျက်ရှိသည်။ ■ E-11

# လက်ရွေးစင်အသင်းလူစာရင်းမှ အယ်လ်လီ နုတ်ထွက်

**လန်ဒန်၊ စက်တင်ဘာ ၁၀**

အင်္ဂလန်လက်ရွေးစင်အသင်းကွင်းလယ်ကစားသမား အယ်လ်လီသည် စပိန်က အင်္ဂလန်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သော ဥရောပနိုင်ငံများလိဂ်အုပ်စုပွဲစဉ်တွင် ကြွက်သားထိခိုက်မှု အသေးစားဒဏ်ရာတစ်ရပ်ရရှိသွားခဲ့သည့်အတွက် လက်ရွေးစင်အသင်းလူစာရင်းမှနေ၍ နုတ်ထွက်သွားခဲ့ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

အသက် ၂၂ နှစ်အရွယ်ရှိအယ်လ်လီသည် အင်္ဂလန်နှင့် စပိန်တို့ ယှဉ်ပြိုင်ကစားခဲ့သည့် ယင်းဥရောပနိုင်ငံများလိဂ်ပွဲစဉ်တွင် ပွဲချိန်မိနစ် ၉၀ ပြည့် ပါဝင်ကစားပေးသွားခဲ့ပြီး ဒဏ်ရာနာကျင်မှုအချို့ရှိနေသေးခြင်းကြောင့် အယ်လ်လီကို ဆွစ်ဇာလန်နှင့် ကစားမည့် ခြေစမ်းပွဲတွင် ထည့်မသုံးတော့ဘဲ မိခင်ကလပ် စပါးအသင်းထံ ပြန်လွှတ်လိုက်ရန် ဆုံးဖြတ်လိုက်ခြင်းဖြစ်ကြောင်း နည်းပြဆောက်ဂိတ်က ပြောကြားထားသည်။

အယ်လ်လီသည် လာမည့်စနေနေ့တွင် စပါးနှင့် လီဗာပူးတို့ ယှဉ်ပြိုင်ကစားရမည့် ပရီးမီးယားလိဂ်ပွဲစဉ်အမီ ကြံခိုင်မှုပြည့်ဝလာနိုင်ရန် မျှော်လင့်လျက်ရှိပြီး အယ်လ်လီမှာ ပွဲဆက်များစွာ ကစားခဲ့ရခြင်းနှင့် လုံလောက်စွာ အနားယူချိန်မရရှိခဲ့ခြင်းများကြောင့် ယခုကဲ့သို့ ကြွက်သားနာကျင်မှုများဖြစ်ပေါ်လာခြင်းဖြစ်သည်ဟု စပါးအသင်းဆေးအဖွဲ့က သုံးသပ်ထားသည်။ ■ E-11



# စင်ကာပူဖိတ်ခေါ် ကရာတေးပြိုင်ပွဲတွင် မြန်မာအဖွဲ့ ရွှေတံဆိပ်လေးခုအပါအဝင် ဆုတံဆိပ်ကိုးခုရရှိ

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

စင်ကာပူနိုင်ငံ၌ နှစ်စဉ်ကျင်းပသည့် Invitational Friendship Karate Tournament Singapore 2018 ဖိတ်ခေါ် ကရာတေးပြိုင်ပွဲတွင် မြန်မာအားကစားအဖွဲ့သည် ရွှေတံဆိပ်လေးခုအပါအဝင် ဆုတံဆိပ်ကိုးခု ရရှိခဲ့သည်။

ယင်းပြိုင်ပွဲကို စက်တင်ဘာ ၈ ရက်နေ့က ကျင်းပခဲ့ခြင်းဖြစ်ပြီး မြန်မာနိုင်ငံမှ ကစားသမား ၁၈ ဦး ယှဉ်ပြိုင်ခဲ့သည်ဟု ယင်းအဖွဲ့ထံမှ သိရသည်။

မြန်မာနိုင်ငံအနေနှင့် ကချင်ပြည်နယ်ကိုယ်စားပြုကစားသမား ၁၅ ဦး၊ ရန်ကုန်တိုင်းမှနှစ်ဦးနှင့် မန္တလေးတိုင်းမှ တစ်ဦး ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်နှစ်ခု၊ ကြေးတံဆိပ်သုံးခု ရယူနိုင်ခဲ့ခြင်ဟု ၎င်းတို့က ပြောဆိုသည်။

ယင်းပြိုင်ပွဲကို အိမ်ရှင် စင်ကာပူ၊ မြန်မာ၊ အိန္ဒိယ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ မလေးရှား၊ သီရိလင်္ကာ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ကစားသမား စုစုပေါင်း ၂၀၀ ကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း ပြိုင်ပွဲကျင်းပရေးအဖွဲ့က ထုတ်ပြန်ထားသည်။

ယင်းပြိုင်ပွဲတွင် MMA လက်ဝှေ့ကစားသမားတစ်ဦးဖြစ်သူ ဖိုးသော်လည်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း မြန်မာကရာတေးအဖွဲ့နှင့်နီးစပ်သူများထံမှ သိရှိရသည်။

အောင်မြင်မှုရယူနိုင်ခဲ့သည့် မြန်မာကရာတေးဒိုအားကစားအဖွဲ့သည် စက်တင်ဘာ ၉ ရက်နေ့တွင် စုပေါင်းလေ့ကျင့်မှုများပြုလုပ်ကာ စက်တင်ဘာ ၁၀ ရက်နေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာခဲ့သည်။ ■ J-04

# တရုတ်ယူ- ၂၁ အသင်း နည်းပြအဖြစ် ဟစ်ဒင့်ကို ခန့်အပ်

**ဘေဂျင်း၊ စက်တင်ဘာ ၁၀**

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် တရုတ်ယူ-၂၁ လက်ရွေးစင်ဘောလုံးအသင်းကို ဦးဆောင်ရန်အတွက် နယ်သာလန်လက်ရွေးစင်အသင်းနှင့် ချယ်လ်ဆီးအသင်းနည်းပြဟောင်း ဟစ်ဒင့်ကို တာဝန်ပေးခန့်အပ်လိုက်ပြီဖြစ်ကြောင်း The Mirror က ဖော်ပြထားသည်။

အသက် ၇၁ နှစ်အရွယ်ရှိနေပြီဖြစ်သော ဟစ်ဒင့်သည် ၁၉၉၈ ခုနှစ်တွင် နယ်သာလန်ကိုလည်းကောင်း၊ ၂၀၀၂ ခုနှစ်တွင် တောင်ကိုရီးယားအသင်းကိုလည်းကောင်း ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အတိုင်းအတာတစ်ရပ်အထိ အောင်မြင်မှုရရှိစေရန် စွမ်းဆောင်ပေးနိုင်ခဲ့ကာ တရုတ်ဘောလုံးအဖွဲ့ချုပ်မှာ လက်ရွေးစင်အသင်းများကို နိုင်ငံတကာအဆင့် ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိစေလိုသည့်အတွက် ထိပ်တန်းနည်းပြများကို ဆက်တိုက် ခန့်အပ်လျက်ရှိသည်။

တရုတ်ဘောလုံးအဖွဲ့ချုပ်သည် တရုတ်လက်ရွေးစင်အသင်းကြီးကို ဦးဆောင်ရန်အတွက် ၂၀၀၆ ခုနှစ်တွင် အီတလီလက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလားချန်ပီယံဖြစ်စေခဲ့သော ဝါရင့်နည်းပြကြီး လစ်ပီကို တာဝန်ပေးထားပြီး ဟစ်ဒင့်၏ ပထမဆုံးသော တာဝန်မှာ တရုတ် ယူ-၂၁ အသင်းကို ၂၀၂၀ ပြည့်နှစ်တွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် တိုကျိုအိုလံပစ်ပြိုင်ပွဲကို ပါဝင်ကစားခွင့်ရစေရန်အတွက် စွမ်းဆောင်ပေးရန်ဖြစ်သည်ဟု တရုတ်ဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ထားသည်။

တရုတ် ယူ-၂၁ အသင်းသည် လက်ရွေးစင်အသင်း သမိုင်းကြောင်းတစ်လျှောက်တွင် အိုလံပစ်ပြိုင်ပွဲခြေစစ်ပွဲကို တစ်ကြိမ်တစ်ခါမျှ အောင်မြင်ဖူးခြင်း မရှိသေးဘဲ လက်ရှိယူ-၂၁ အသင်းတွင် အသုံးတည့်မည့်ကစားသမားဟူ၍ ငါးဦးခန့်သာရှိခြင်းကြောင့် အသစ်ပြင်ဆင်ဖွဲ့စည်းမှုတစ်ရပ် ပြန်လည်လုပ်ဆောင်ရလိမ့်မည်ဟု ဟစ်ဒင့်က အသိပေးထားသည်။

■ E-11



AP

# စိုးလင်းဦး၊ သပြေညိုတို့ပါဝင်မည့် လက်ဝှေ့ပြိုင်ပွဲအတွက် လက်မှတ်ဝယ်ယူနိုင်သောနေရာများ ထုတ်ပြန်

**ရန်ကုန်၊ စက်တင်ဘာ ၁၀**

မြန်မာ့လက်ခမောင်းကုမ္ပဏီက ပဉ္စမအကြိမ်ကျင်းပမည့် မြန်မာ့ရိုးရာလက်ဝှေ့ ကမ္ဘာ့ချန်ပီယံရှစ်ပြိုင်ပွဲ World Lethwei Championship-5 အတွက် လက်မှတ်ဝယ်ယူနိုင်မည့်နေရာများကို ထုတ်ပြန်လိုက်ပြီဖြစ်သည်။ HEARTLESS TIGERS ဟု အမည်ပေးထားသည့် ယင်းမြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲကို စက်တင်ဘာ ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ သုဝဏ္ဏမိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ လက်မှတ်စျေးနှုန်းများအဖြစ် ကျပ်ငါးထောင်၊ တစ်သောင်းကျပ်နှင့် ငါးသောင်းကျပ်ဟု ခွဲခြားသတ်မှတ်ထားသည်။

လက်မှတ်များကို မြေနီကုန်းစီးတီးမတ်၊ လှည်းတန်းစီးတီးမတ်၊ မော်တင်စီးတီးမတ်၊ ဝေဇယန္တာစီးတီးမတ်၊ အင်းစိန်စီးတီးမတ်၊ ရန်ကင်းစီးတီးမတ်၊ Market Place Junction City၊ Market Place HAGL (Myanmar Plaza)၊ Market Place 6.5 Miles၊ ရွှေဂုံတိုင်နှင့် စိန့်ဂျွန်း Ocean တို့တွင် ဝယ်ယူနိုင်မည်ဟု စက်တင်ဘာ ၁၀ ရက်နေ့က ထုတ်ပြန်လိုက်သည်။

အဆိုပါပြိုင်ပွဲတွင် အဓိကတွဲဆိုင်းအဖြစ် စိုးလင်းဦးနှင့် တရုတ်လက်ဝှေ့သမား ကျောက်ဝမ်ဝမ်၊ အခြားတွဲဆိုင်းများအဖြစ် ကျော်ဇင်လတ်နှင့် စောထူးအောင်၊ ရန်နိုင်ထွန်းနှင့် ကမ္ဘောဒီးယား လက်ဝှေ့သမား ဆွတ်ဟွန်၊ သပြေညိုနှင့် ဥဇဘက် ကစ္စတန်လက်ဝှေ့သမား ခါမူရိုဒွေါဗ်၊ ပေါ်တူဂီလက်ဝှေ့သမား အန်တိုနီယို ဖာရီယာနှင့် ဗီယက်နမ်လက်ဝှေ့သမား ငုယင်တန် ကုယန်၊ မိုက်ရိုင်းနှင့် ကမ္ဘောဒီးယားလက်ဝှေ့သမား ပစ်မက်ခ်ကုမန်၊ ပိုက်ထွေးနှင့် ဆန်းသူဦး၊ လက်သီးမိုးနှင့် သျှူးခလိန်းမင်းတို့ ထိုးသတ်ကြမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အလဲထိုးအနိုင်ရသည့်ကစားသမားတိုင်း မူလထိုးသတ်ကြေးအပြင် အပိုထပ်ဆောင်းဆုကြေး ကျပ်ဆယ်သိန်းစီ ထပ်မံရရှိမည်ဖြစ်ကာ တံတောင်တိုက်ကွက်ဖြင့် အလဲထိုးအနိုင်ရပါက အပိုထပ်ဆောင်း ဆုကြေး ကျပ်သိန်း ၂၀ ရမည်ဖြစ်ကြောင်း ပွဲစီစဉ်သူများထံမှ သိရသည်။ ■ J-04



## အီတလီတွင် တစ်ရာသီ၌ ဂိုး ၄၀ သွင်းနိုင်ရန် ခက်ခဲကြောင်း စီရော်နယ်ဒိုကို အယ်လ်ဘိုင်ယို သတိပေး

**နေပယ်လ်၊ စက်တင်ဘာ ၁၀**

ဂျူဗင်တပ်တိုက်စစ်မှူး စီရော်နယ်ဒိုနှင့် ရီးရဲလ်မက်ဒရစ်ထံတွင် အသင်းဖော်များအဖြစ် ကစားသမားဘဝဖြတ်သန်းခဲ့ဖူးသော နာပိုလီနောက်ခံလူ ရာအူးလ်အယ်လ်ဘိုင်ယိုသည် စီရော်နယ်ဒိုကို စီးရီးအေပြိုင်ပွဲ၌ ဘောလုံးရာသီ တစ်ရာသီတွင် သွင်းဂိုး ၄၀ ရယူနိုင်ရန်ဟူသည်မှာ လွယ်ကူသည့်ကိစ္စရပ်တစ်ခုမဟုတ်ဟု သတိပေးစကား ပြောကြားလိုက်ကြောင်း Football Italia က ဖော်ပြထားသည်။

စီရော်နယ်ဒိုသည် ယခုမတိုင်မီတွင် ၎င်း၏ကစားသမားဘဝဖြတ်သန်းမှု နောက်ဆုံးဘောလုံးရာသီ ရှစ်ရာသီ၌ ပြိုင်ပွဲအရပ်ရပ် သွင်းဂိုး ၄၀ နှင့်အထက် ဆက်တိုက်ရယူနိုင်ခဲ့ပြီး စီးရီးအေအသင်းများ၏ခံစစ်ကစားပုံမှာ ကြံ့ခိုင်မှုအသားပေးကာ ကျစ်လျစ်တောင့်တင်းသည့်အတွက် စီရော်နယ်ဒို ဂိုးသွင်းယူနိုင်ရေးမှာ ပရီးမီးယားလိဂ်နှင့် လာလီဂါပြိုင်ပွဲတို့၌ကဲ့သို့ လွယ်ကူနိုင်လိမ့်မည်မဟုတ်ကြောင်းလည်း အယ်လ်ဘိုင်ယိုက သုံးသပ်ထားသေးသည်။

ဂျူဗင်တပ်အသင်းသည် ချီယေဗို၊ လာဇီယို၊ ပါးမားတို့နှင့် ယှဉ်ပြိုင်ကစားခဲ့သည့် ရာသီဖွင့် စီးရီးအေပွဲစဉ်သုံးပွဲတွင် သွင်းဂိုး ခုနစ်ဂိုးအထိ ရယူနိုင်ခဲ့ပြီး စီရော်နယ်ဒိုမှာ လက်ရှိအချိန်တိုင်သည်အထိ ဂျူဗင်တပ်အတွက် ဂိုးဖန်တီးမှု တစ်ကြိမ်ဆောင်ရွက်ပေးနိုင်သည်ကလွဲ၍ ဂိုးသွင်းယူပေးနိုင်ခြင်းမရှိဘဲ ဖြစ်နေဆဲဖြစ်သည်။

အယ်လ်ဘိုင်ယိုသည် စီရော်နယ်ဒိုမှာ ရာသီဖွင့်နှင့် ရာသီသိမ်းကာလများတွင် ဂိုးရရှိရန် ရုန်းကန်တတ်သည့်အစဉ်အလာရှိကြောင်း မှတ်ချက်ပေးထားပြီး လက်ရှိအခြေအနေတွင် စီရော်နယ်ဒိုမှာ ဖိအားများဖြင့် ရုန်းကန်နေရသော်လည်း ဂိုးပေါက်စတင်ရာဖွေတွေ့ရှိသည်နှင့် ယုံကြည်ချက်ပိုင်းဆိုင်ရာ မြင့်မားသွားလိမ့်မည်ဟုလည်း အယ်လ်ဘိုင်ယိုက ပြောကြားထားသည်။ ■ E-11

## မိသားစု အသက်အန္တရာယ်ခြိမ်းခြောက်ခံခဲ့ရသည်ဟု ရာမို့စ် ပြောကြား

**မက်ဒရစ်၊ စက်တင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်အသင်း ခေါင်းဆောင်ရာမို့စ်သည် ရီးရဲလ်မက်ဒရစ်က လီဗာပူးကို သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည့် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအပြီးတွင် ၎င်းနှင့် ၎င်း၏ မိသားစုဝင်များ အသက်အန္တရာယ်ခြိမ်းခြောက်မှုများဖြင့် ရင်ဆိုင်ခဲ့ရသည်ကို မည်သူကမျှမသိရှိခဲ့ဟု ထုတ်ဖော်ပြောကြားလိုက်ကြောင်း AS က ဖော်ပြထားသည်။

ရာမို့စ်သည် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲအပြီးတွင် ၎င်းနှင့် ၎င်း၏မိသားစုဝင်များထံ ခြိမ်းခြောက်စာများ နေ့စဉ်မပြတ် ရောက်ရှိခဲ့သည်ကို မည်သူကမျှ ဂရုမပြုခဲ့ဟု အသိပေးသွားခဲ့ပြီး ၎င်း၏ချစ်သူ ပီလာ ရူဘီယိုနှင့် သားသုံးဦးဖြစ်သော ဆာဂျီယို၊ မာကိုနှင့် အေလီဂျန်ဒရိုတို့ အန္တရာယ်ပြုခံရမည်ကို နေ့စဉ်မပြတ် စိုးရိမ်ခဲ့ရကြောင်းလည်း ရာမို့စ်က ရှင်းပြသွားခဲ့သည်။

လီဗာပူးအသင်း အားပေးသူများသည် ချန်ပီယံလိဂ်ဖိုင်နယ်ပွဲတွင် ၎င်းတို့၏ အဓိကတိုက်စစ်မှူး ဆာလားဟ်ကို လက်မောင်းအဆစ်လွဲဒဏ်ရာရရှိစေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆွဲလှဲခဲ့သည်ဟုဆိုကာ နည်းလမ်းပေါင်းစုံဖြင့် ထိုးနှက်တိုက်ခိုက်ခဲ့ကြကြောင်း ရာမို့စ်က ပြောကြားသွားခဲ့သည်။

လီဗာပူးပရိသတ်များသည် များမကြာမီက ကျင်းပခဲ့သော ဥရောပဘောလုံးအဖွဲ့ချုပ်(ယူအီးအက်ဖ်အေ)တစ်နှစ်တာ အကောင်းဆုံးဆုများ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားတွင် ရာမို့စ်ကို တစ်နှစ်တာအကောင်းဆုံးနောက်ခံကစားသမားဆု ပေးအပ်ချီးမြှင့်လိုက်ခြင်းကိုလည်း လှောင်ပြောင်ဝေဖန်နေကြပြီး ပရော်ဖက်ရှင်နယ် ကစားသမားတစ်ဦး ထားရှိရမည့် စိတ်နေစိတ်ထားမျိုးမရှိသော ရာမို့စ်မှာ ယင်းသို့သောဂုဏ်ပြုမှုမျိုးဖြင့် လုံးဝမထိုက်တန်ဟု လီဗာပူးပရိသတ်များက ထောက်ပြထားကြသည်။ ■ E-11

## ယူအက်စ်အိုးပင်း ဂရင်းဆလင်းတင်းနစ်ပြိုင်ပွဲတွင် ဂျိုကိုဗစ် တတိယအကြိမ် ဗိုလ်စွဲ

**နယူးယောက်၊ စက်တင်ဘာ ၁၀**

အမေရိကန်ပြည်ထောင်စုတွင် ကျင်းပပြီးစီးသွားခဲ့ပြီဖြစ်သော ယူအက်စ်အိုးပင်းဂရင်းဆလင်း တင်းနစ်ပြိုင်ပွဲ အမျိုးသားတစ်ဦးချင်း ဗိုလ်လုပွဲတွင် ဆားဘီးယားတင်းနစ်ကစားသမား ဂျိုကိုဗစ်က အာဂျင်တီးနားတင်းနစ်ကစားသမား ဒယ်လ်ပိုထရိုကို အနိုင်ယူကာ ချန်ပီယံဖြစ်သွားခဲ့ကြောင်း Daily Mail က ဖော်ပြထားသည်။

ဂျိုကိုဗစ်နှင့် ဒယ်လ်ပိုထရိုတို့၏ ဗိုလ်လုပွဲသည် ပွဲကစားချိန် ၃ နာရီနှင့် ၁၆ မိနစ် ကြာမြင့်ခဲ့ပြီး အဆုံးသတ်တွင် ဂျိုကိုဗစ်က ဒယ်လ်ပိုထရိုကို ၆-၃၊ ၇-၆(၇-၄)၊ ၆-၃ ဖြင့် ပွဲလတ်သုံးပွဲပြတ် အနိုင်ရရှိကာ ချန်ပီယံဆုဖလားကို ကိုင်မြှောက်သွားနိုင်ခဲ့ခြင်းဖြစ်သည်။

ဂျိုကိုဗစ်သည် ၂၀၁၆ ခုနှစ်နောက်ပိုင်းတွင် ဂရင်းဆလင်းပြိုင်ပွဲနှစ်ရပ်၌ ဆက်တိုက်ချန်ပီယံပြန်ဖြစ်သည့် မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ရရှိသွားခဲ့ပြီး ၎င်း၏ ကစားသမားဘဝဖြတ်သန်းမှုတစ်လျှောက်တွင် ယူအက်စ်အိုးပင်း ဂရင်းဆလင်းချန်ပီယံဆုကို ဂျိုကိုဗစ်က တတိယအကြိမ်မြောက်အဖြစ် ရရှိသွားခဲ့ခြင်းလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝ ဖြတ်သန်းမှုတစ်လျှောက်တွင် ဂရင်းဆလင်းပြိုင်ပွဲများ၌ ၁၄ ကြိမ်မြောက် ချန်ပီယံဖြစ်ခွင့်ရရှိခြင်းဖြစ်ပြီး ယင်းအတွက် ၎င်းက ဂန္ထဝင်ကစားသမားတစ်ဦးဖြစ်သည့် ဆမ်ပရတ်စ် တင်ရှိခဲ့သော ဂရင်းဆလင်း ချန်ပီယံဆုဖလား ၁၄ ခု ရရှိသည့်စံချိန်ကို လိုက်မီသွားခဲ့ပြီလည်းဖြစ်သည်။

ဂျိုကိုဗစ်သည် ယူအက်စ်အိုးပင်း ဂရင်းဆလင်းပြိုင်ပွဲတွင် ချန်ပီယံဆုကို ဆွတ်ခူးရရှိလိုက်ခြင်းကြောင့် ကမ္ဘာ့အဆင့်ရပ်တည်မှုတွင် အဆင့်လေးနေရာသို့ မြင့်တက်ရောက်ရှိသွားခဲ့ပြီဖြစ်ပြီး ၂၀၁၈ နှစ်ကုန်တွင် ကမ္ဘာ့အဆင့်တစ်နေရာကို ပြန်လည်ရယူနိုင်ရန် ၎င်းအနေနှင့် ရည်မှန်းထားကြောင်းလည်း ဂျိုကိုဗစ်က ထုတ်ဖော်ပြောကြားသွားခဲ့သည်။ ■ E-11



## မကြာမီတွင် လုပ်ငန်းခွင် ပြန်ဝင်တော့မည်ဟု ဇီဒန်း အတည်ပြု



**ပဲရစ်၊ စက်တင်ဘာ ၁၀**

ရီးရဲလ်မက်ဒရစ်နည်းပြဟောင်း ဇီဒန်းသည် TVE ရုပ်သံနှင့်တွေ့ဆုံရာတွင် ၎င်းအနေနှင့် မကြာမီတွင် လုပ်ငန်းခွင်ပြန်ဝင်တော့မည်ဟု အတည်ပြုပြောကြားလိုက်သည့်အတွက် မန်ယူနည်းပြအဖြစ် ဇီဒန်းကို တွေ့မြင်ရလိမ့်မည်ဟူသော မှန်းဆချက်များမှာ ပို၍ကျယ်ကျယ်ပြန့်ပြန့် ထွက်ပေါ်လာခဲ့ပြီဖြစ်ကြောင်း Daily Mail က ဖော်ပြထားသည်။

မန်ယူနည်းပြ မော်ရင်ညိုသည် မန်ယူက ဘန်လေကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သော ပရီးမီးယားလိဂ်ပွဲစဉ်အပြီး၌ ရာထူးအာမခံချက် ပြန်လည်ရရှိသွားခဲ့သော်လည်း ရှေ့လာမည့်ပွဲစဉ်များတွင် အသင်းရလဒ်များ ပြန်လည်ဆိုးရွားခဲ့ပါကမူ ၎င်းကို ရာထူးထုတ်ပယ်ရန် မန်ယူအသင်း တာဝန်ရှိသူများက စီစဉ်ထားဆဲဖြစ်ပြီး မော်ရင်ညို ရာထူးထုတ်ပယ်ခံခဲ့ရပါက ယင်းနေရာကို ဇီဒန်း အစားဝင်မည်မှာ သေချာလုနီးပါးရှိနေသည်။

ဇီဒန်းသည် မန်ယူအသင်းကို ၎င်း တာဝန်ယူဖြစ်ခဲ့ပါက အသင်းကို အင်အားဖြည့်ရန်အတွက် ခေါ်ယူမည့် ကစားသမားအချို့ကိုပင် လျာထားစာရင်းရေးဆွဲထားပြီဖြစ်ပြီး ဇီဒန်း၏ပစ်မှတ်စာရင်းတွင် ထိပ်ဆုံးနေရာက ပါရှိနေသူများမှာ ရီးရဲလ်မက်ဒရစ် ကွင်းလယ်လူ တိုနီခရူးစ်၊ ဘိုင်ယန်မြူးနစ်ကွင်းလယ်လူ အယ်လ်ကန်တာရာ၊ ရီးရဲလ်မက်ဒရစ်မှနေ၍ ဘိုင်ယန်မြူးနစ်ထံသို့ အငှားသွားရောက်ကစားနေသည့် တိုက်စစ်တောင်ပံကစားသမား ဂျိမ်းစ်ရိုဒရီဂွက်ဇ်နှင့် ပီအက်စ်ဂျီတိုက်စစ်မှူး ကာဗာနီတို့ ဖြစ်ကြသည်။

TVE ရုပ်သံနှင့်တွေ့ဆုံခဲ့ရာတွင် ဇီဒန်းက "သိပ်ကို သေချာပါတယ်။ မကြာခင်မှာပဲ လေ့ကျင့်ရေးအစီအစဉ်တွေမှာ ကျွန်တော့်ကို ပြန်မြင်ကြရတော့မှာပါ။ ဘာကြောင့်လဲဆိုတော့ ဒါက ကျွန်တော် အနှစ်သက်ဆုံး အလုပ်ဖြစ်နေလို့ပါပဲ။ ကျွန်တော့်ဘဝ တစ်လျှောက်လုံးမှာ ဘောလုံးနဲ့ပဲ အတူရှိချင်ပါတယ်"ဟု ပြောကြားသွားခဲ့သည်။ ■ E-11

## ဝက်ဖို့ဒ်နှင့်ပွဲစဉ်တွင် အသင်းအတွက် လုခ်ရှော ပါဝင်ကစားပေးနိုင်လိမ့်မည်ဟု မန်ယူ မျှော်လင့်

**မန်ချက်စတာ၊ စက်တင်ဘာ ၁၀**

မန်ယူအသင်းသည် လာမည့်စနေနေ့တွင် ဝက်ဖို့ဒ်နှင့်ယှဉ်ပြိုင်ရမည့် ပရီးမီးယားလိဂ်ပွဲစဉ်၌ အသင်းအတွက် နောက်ခံလူ လုခ်ရှော ပါဝင်ကစားပေးနိုင်လိမ့်မည်ဟု မျှော်လင့်လျက်ရှိကြောင်း The Sun က ဖော်ပြထားသည်။

လုခ်ရှောသည် စပိန်က အင်္ဂလန်ကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ယူသွားခဲ့သည့် ဥရောပနိုင်ငံများလိဂ်ဘောလုံးပြိုင်ပွဲတွင် ဒုတိယပိုင်းပွဲစတင်ပြီး များမကြာမီ၌ စပိန်နောက်ခံလူ ကာဗာဂျယ်လ်နှင့် ခေါင်းယှဉ်တိုက်၍ ဘောလုံးလုရာ၌ ဦးခေါင်းထိခိုက်ဒဏ်ရာရသွားခဲ့ပြီး ၎င်းကို ထမ်းစင်ဖြင့် ကွင်းပြင်သို့ သယ်ထုတ်သွားခဲ့ရသည့် အခြေအနေကြောင့် ဒဏ်ရာပြင်းထန်မည်ကို မန်ယူအသင်းတာဝန်ရှိသူများက စိုးရိမ်ပူပန်ခဲ့ကြခြင်းဖြစ်သည်။

အင်္ဂလန်လက်ရွေးစင်အသင်းဆေးအဖွဲ့သည် လုခ်ရှောကို စိန့်ဂျော့ခ်ျလေ့ကျင့်ရေးကွင်းရှိ ကျန်းမာရေးစင်တာတွင် တနင်္ဂနွေနေ့တိုင်သည်အထိ စောင့်ရှောက်မှုပေးခဲ့အပြီးတွင် ၎င်း၏မိခင်ကလပ် မန်ယူထံသို့ ပြန်လည်စေလွှတ်ပေးလိုက်ပြီး ရက်အနည်းငယ်ခန့် ထပ်မံအနားယူလိုက်မည်ဆိုပါက ၎င်းအနေနှင့် အလျှဉ်းပျောက်ကင်းသက်သာကာ မန်ယူအတွက် ပွဲစဉ်များကစားပေးရန် အသင့်အနေအထား ပြန်ဖြစ်လာလိမ့်မည်ဟု လုခ်ရှောကလည်း ထုတ်ဖော်ပြောကြားထားပြီဖြစ်သည်။

အင်္ဂလန်သည် ယနေ့(အင်္ဂါနေ့)တွင် ဆွစ်ဇာလန်အသင်းနှင့် ခြေစမ်းပွဲယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဒဏ်ရာပြဿနာများကြောင့် လက်ရွေးစင်အသင်းလူစာရင်းမှ နုတ်ထွက်သွားခဲ့သော စတာလင်းနှင့် လုခ်ရှောတို့၏ကွက်လပ်များကို အစားဖြည့်ရန်အတွက် အင်္ဂလန်လက်ရွေးစင်အသင်း နည်းပြ ဆောက်ဂိတ်က လက်စတာကစားသမားများဖြစ်သည့် ဘင်ချီဝဲလ်နှင့် ဂရေးတို့ကို ခေါ်ယူထားပြီဖြစ်သည်။ ■ E-11

Hnit Thit Oo
Printing House
No. 27(A), Corner of U Hmoo St;
and U Tun Nyo St; ,
Dagon (East) Industrial Zone,Yangon.
Ph : 09- 766 766 751,09-766 766 752
Email : hnitthitoo8@gmail.com

# FOREIGN AFFAIRS




# မြောက်ကိုရီးယား နှစ် ၇၀ ပြည့် စစ်ရေးပြအခမ်းအနားတွင် ဒုံးကျည်လက်နက်များ မပြသခဲ့၍ ကင်ဂျုံအန်းကို ဒေါ်နယ်ထရမ့် အလေးပြု

**ဝါရှင်တန်၊ စက်တင်ဘာ ၁၀**

မြောက်ကိုရီးယားကွန်မြူနစ်နိုင်ငံတော်ထူထောင်ခြင်း နှစ် ၇၀ ပြည့်နှစ် အထိမ်းအမှတ် အဖြစ်ပြုလုပ်သောရောမ စစ်ရေးပြအခမ်းအနားကြီးတွင် နျူကလီးယားထိပ်ဖူး တပ်ဆင်နိုင်သည့် ဒုံးကျည်များ ပြသမှုမပြုခဲ့သည့်အတွက် အမေရိကန်ပြည်ထောင်စုသမ္မတ ဒေါ်နယ်ထရမ့်က မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းကို အလေးအနက်ထား အလေးပြုလိုက်ကြောင်း သတင်းဌာနများက ရေးသားဖော်ပြသည်။

"ဒါဟာ မြောက်ကိုရီးယားဘက်ကအင်မတန် အပြုသဘောဆောင်တဲ့ ဖော်ကျူးပြသမှုတစ်ရပ်ပါပဲ။ ကျေးဇူးတင်ပါတယ် ဥက္ကဋ္ဌကင်။ အားလုံးလွဲမှားနေတယ်ဆိုတာကို ကျွန်တော်တို့နှစ်ယောက်အတူ သက်သေထူကြမယ်" ဟု သမ္မတထရမ့်က Twitter မှတစ်ဆင့် ရေးသားဖော်ပြသည်။

တစ်ဦးနှင့်တစ်ဦး နှစ်သက်မှုရှိသူနှစ်ဦး၏ ဒိုင်ယာလော့ခ်ထက်ပိုကောင်းသည့်အရာမရှိခဲ့ကြောင်း၊ ယခုဆိုလျှင် အခြေအနေအရပ်ရပ်သည် မိမိသမ္မတမဖြစ်ခင်ကထက် ပိုမိုကောင်းမွန်လာကြောင်းထရမ့်က ဆက်လက်ဖော်ပြသည်။

အဆိုပါစစ်ရေးပြအခမ်းအနားကြီးတွင် ဒုံးကျည်လက်နက်ကြီးများ ထည့်သွင်းပြသမှုမပြုခြင်းမှာ သမ္မတထရမ့်နှင့် ရရှိထားသော နျူကလီးယားလက်နက်ဖြုတ်သိမ်းရေးဆိုင်ရာ သဘောတူညီချက်အတိုင်း လုပ်ဆောင်လျက်ရှိသည်ဟူသောအချက်ကို ဖော်ပြလို၍ဖြစ်နိုင်ကြောင်း လေ့လာစောင့်ကြည့်သူများက ဆိုသည်။

သမ္မတထရမ့်ကမူ ယင်းစစ်ရေးပြအခမ်းအနားသည် ငြိမ်းချမ်းမှုနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို ဖော်ကျူးသည့်သဘာတွင်ရှိကြောင်း ပြောကြားသည်။





သမ္မတထရမ့်က မိမိအနေနှင့် ဥက္ကဋ္ဌကင်ဂျုံအန်းထံမှ ပေးပို့လာမည့်စာကို မျှော်လင့်လျက်ရှိကြောင်း သောကြာနေ့တွင် ထုတ်ဖော်ပြောကြားသည်။

ယမန်နေ့က စစ်ရေးပြအခမ်းအနားသည် နျူကလီးယားလက်နက်ဖြုတ်သိမ်းပါမည်ဟု ကတိပြုထားပြီးဖြစ်သည့် မြောက်ကိုရီးယားအနေနှင့် ယင်းကတိစကားအတိုင်း အမှန်တကယ်လုပ်ဆောင်လိုသည့် ဆန္ဒရှိ၊ မရှိကို ဖော်ကျူးမည့်အခမ်းအနားလည်းဖြစ်သည်။ အကြောင်းမှာအမေရိကန်ပြည်ထောင်စုအထိ ရောက်ရှိအောင် ပစ်လွှတ်နိုင်စွမ်းရှိသည့် ပဲ့ထိန်းဒုံးကျည်ကြီးများကို စစ်ရေးပြအခမ်းအနား၌ပြသခြင်းသည် ရန်စပြုမှုမှုအဖြစ် သတ်မှတ်နိုင်သောကြောင့်ဖြစ်သည်။

သို့သော် ယင်းအခမ်းအနားတွင် ကင်ဂျုံအန်းက မိန့်ခွန်းပြောဆိုမှုမပြုခဲ့ပေ။

မြောက်ကိုရီးယားနှင့် အမေရိကန်ပြည်ထောင်စုတို့သည် လပေါင်းများစွာ ဆက်ဆံရေး တင်းမာခဲ့ပြီးနောက် ပြီးခဲ့သည့် ဇွန်လက စင်ကာပူတွင် နှစ်နိုင်ငံခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပနိုင်ခဲ့သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်းသည် အမေရိကန်သမ္မတနှင့် ထိပ်သီးဆွေးနွေးပွဲ ကျင်းပခဲ့ပြီးနောက်ပိုင်း၌ ကွန်မြူနစ်နိုင်ငံ၏ စီးပွားရေးတိုးတက်ကောင်းမွန်ရေးကို ပို၍အာရုံစိုက်လာခဲ့သည်။ ကမ္ဘာလှည့်ခရီးသည်များအတွက် အပန်းဖြေစခန်းများ တည်ဆောက်ရေး၊ စက်ရုံများ အဆင့်မြှင့်တင်ရေး၊ လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး စသည်တို့ကို နျူကလီးယားလက်နက်ကိစ္စထက် ပိုမိုအလေးပေးဆောင်ရွက်ခဲ့သည်။

■ F-01

## ALSO IN NEWS

### မုတ်ဆိတ်ထားပြီး ကြည့်ကောင်းနေတဲ့ ခွေးကလေး

မုတ်ဆိတ်ပုံစံ ပြင်ဆင်ထားတဲ့ဟန်နဲ့ ခွေးကလေးပုံက အလွန်ကိုသဘာဝကျနေပါတယ်။ ရုရှားနိုင်ငံ မော်စကိုမြို့မှာနေထိုင်တဲ့ အသက် ၂နှစ်အရွယ် ခွေးကလေးနက်စ်ဟာ ဘယ်သွားသွား လူစိတ်ဝင်စားမှုကိုခံရပါတယ်။ ကလေးတွေက သူ့ကိုသိပ်ချစ်ကြတယ်။ ခွေးက ရယ်စရာကြီးဆိုပြီး အော်ကြတယ်။ အဘိုးနဲ့ တူတယ်လို့လည်း ပြောကြတယ်လို့ ခွေးပိုင်ရှင် တာတီရာနာကိုဗာလီနော့ခ် က ပြောပါတယ်။ ခုခေတ်မှာ အမျိုးသားတွေ မုတ်ဆိတ်ထားတာ ခေတ်စားနေလို့ နက်စ်ရဲ့ စတိုင်ကအလွန်ကိုခေတ်မီတယ်လို့ ခွေးရှင်ကဆိုပါတယ်။ တချို့ကလည်း နက်စ်ဟာ Star Wars ထဲက ဇာတ်ကောင်နဲ့တူတယ်လို့ ပြောပါတယ်။ ခွေးကလေးရဲ့အမျိုးဟာ မျက်နှာမှာပေါက်တဲ့ အမွေးပေါက်ပုံ ထူးခြားတာကြောင့် ကျော်ကြားတယ်လို့ ကိုဗာလီနော့ခ်က ဆိုပါတယ်။ ■F-02





### စင်ရော်ငှက်ကို ပိတ်ကန်လို့ အမျိုးသားတစ်ဦး ဒဏ်ငွေဆောင်ရ



အမေရိကန်ပြည်ထောင်စု နယူးဟမ်းရှိုင်းယားပြည်နယ်ကမ်းခြေမှာ စင်ရော်ငှက်တစ်ကောင်ကို ပိတ်ကန်ခဲ့တဲ့ အမျိုးသားတစ်ဦးဟာ ဒဏ်ငွေ ၁၂၄ ဒေါ်လာ ဆောင်လိုက်ရပါတယ်။

စင်ရော်ငှက်ဟာ သူ့ရဲ့ ဒိန်ခဲဘာဂါမုန့်ကို လာလုစားတာမို့ ဒေါသထွက်ပြီး ဆောင့်ကန်လိုက်တာဖြစ်ပါတယ်လို့ အဆိုပါအမျိုးသားက ပြောပါတယ်။ လူတစ်ယောက်က လာတိုင်တာမို့ ရဲဟာ စင်ရော်ဆောင့်ကန်မှုကြီးဖြစ်ရာနေရာကို သွားရောက်စစ်ဆေး အရေးယူခဲ့တာဖြစ်ပါတယ်။

နိတ်ရန်ကလိုးစ်လို့ အမည်ရတဲ့ အမျိုးသားဟာ စင်ရော်က အရင်လာလုတာဖြစ်ကြောင်း ဖြေရှင်းခဲ့ပါတယ်။ စင်ရော်ဟာ သဲပေါ်မှာခင်းထားတဲ့ သူ့စားစရာကို လာစားတာမို့ ခြေထောက်နဲ့ ခြောက်လှန့်လိုက်ရာမှာ ကန်မိသွားတာလို့ ဆိုပါတယ်။

မြန်မာငွေ တစ်သိန်းခွဲလောက်တန်တဲ့ ဒဏ်ငွေ ဆောင်လိုက်ရတဲ့အမျိုးသားအနေနဲ့ နောင်များဆို စင်ရော်မြင်ရင် ကန်ဝံ့တော့မယ် မထင်တော့ပါဘူး။

■ F-02